In Aestivation

Myanmar 2026

GOETHE INSTITUT



aestivation noun –
a state of dormancy or reduced activity that enables an organism to survive a period of heat, drought, or other adverse conditions

In Aestivation

GOETHE INSTITUT

CONTENTS

Critical Reflection by Maxi Obexer 1

Curators' Statements 3

Public Programmes 9

Programmes Details

Not "for" but "with" 11

A Tapestory of Personal Stories 13

In Aestivation Exhibition 15

The Last Cup of Tea 27

The Little Pangolin Goes For A Walk in Dodo and Popo's Strawberry Farm 29

We Are Still Here: A Participatory Song of Empathy, Healing, and Shared Humanity 31

Finding Human Value 33

Towards Empathy in Heritage Practice Exhibition 44

Being altruistic, Reaching Empathy by 5 writers (BARE 5) 51

Acknowledgements 53

CRITICAL REFLECTION

Sensitive Bodies

When I finally immersed myself in reading about the various projects that have emerged in the course of empathy research, I was impressed and moved by how accurately and precisely—and on how many levels and at how many moments—people reflect on and practice how it is possible to remain true to oneself in the face of the damage caused by a political ice age. Without claiming to be exhaustive.

How—and in what ways—something is defended that is the very first thing to be attacked: the capacity for empathy, the most fundamental and important ability for existing as a human being, as an individual, and as a community. It is, therefore, the most precious thing at stake—and at the same time, it is the most endangered. And defending it requires empathy.

It is the very foundation upon which integrity and dignity can be defended—or restored.

When I speak of integrity and dignity, I immediately feel as though I'm using terms that are far too lofty. After all, it's about mastering everyday life, about weathering the individual small, often sudden situations in which fear flares up, threats arise, and where it's also a matter of resisting indifference, numbness, and resignation. I believe I understand this: no heroic deeds are to be expected in the face of a life under pressure, in which the need to preserve, fight for, and defend one's sense of self becomes the most important challenge. In fact, everything that comes from the outside loses all validity. No judgment is permitted. No definition is permitted. No determination. No language—that speaks about people—in a time when the pain—and the deprivation—lies in the fact that too little is allowed to be said, spoken, and heard by the people themselves.

As a writer who works with language, I wonder whether language can ever be a reliable, trustworthy tool, given that it is such a powerfully dominant means of silencing others. An intellectual instrument of power and violence that subjugates people—(and not just people)—and robs them of their free will.
In the face of a daily reality in which language is used as a tool to spread uncertainty, threat, and fear. In the face of a language that causes and employs violence. Shouldn't we abandon everything abstract in order to arrive at the place where we speak of feelings? Shouldn't the goal, then, be to find one language to counter another? A secret language, one that communicates through gestures and subtle signs, and counteracts what language otherwise does through judgmental, definitive, divisive, and polarizing statements—instead, a language that aligns. One that aligns itself with the other. A language that skillfully distances itself from all of that—in order to name what is precious, precisely because it is fragile. One that seeks out the delicate—and is tender itself.

One could almost forget that language exists precisely for this purpose. Not for the loud—but for the soft tone. For, above all: the quiet ones and the quiet itself. For the connections that exist and those that are created. For everything described in the projects in this collection. For listening closely. For listening, above all. And seeing. And even if, at first, it's simply a matter of noticing, of perceiving. Or, in the words of Somrak Sila, of bearing witness.

Maxi Obexer

အတွေးအမြင်နှင့် သုံးသပ်ချက်

ခံစားတတ်သော ခန္ဓာကိုယ်များ

Empathy အကြောင်း စူးစမ်းလေ့လာမှုမှ ပေါ်ပေါက်လာသော စီမံကိန်းများကို အသေးစိတ် ဖတ်ရှုရသည့်အခါ ကျွန်မသည် အံ့အားသင့်ရပြီး စိတ်ထိခိုက်မိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအေးခဲမှုနှင့် ဖိနှိပ်မှုများအကြား လူသားတစ်ဦးအနေဖြင့် မိမိ၏ အတွင်းစိတ် မပျက်စီးစေရန် မည်သို့ ထိန်းသိမ်းနိုင်သည်ကို အလွန်တိကျနက်နဲစွာ၊ အလွှာစုံအမြင်များဖြင့် တွေးခေါ်ဆင်ခြင်ပြီး လက်တွေ့ကျင့်သုံးထားသည့် သက်သေများကို မြင်တွေ့ရသောကြောင့် ဖြစ်သည်။

ထိုစီမံကိန်းများသည် လူသားများအတွင်း အရေးအကြီးဆုံးဖြစ်သည့် စာနာနားလည်နိုင်စွမ်းကို ကာကွယ်ထိန်းသိမ်းရန် မည်ကဲ့သို့ ကြိုးပမ်းနေကြသည်ကို ပြသပေးသည်။ လူတစ်ဦးအဖြစ် အသက်ရှင်နေထိုင်ရန် ၊ လူ့အသိုင်းအဝိုင်းတစ်ခု တည်ရှိရန်လိုအပ်သည့် အခြေခံအကျဆုံး စွမ်းရည်မှာ ယင်းပင် ဖြစ်သည်။

ထို့ကြောင့် ၎င်းသည် အဖိုးတန်ဆုံးအရာ ဖြစ်သလို၊ အန္တရာယ်အများဆုံး ကြုံတွေ့နေရသည့် အရာလည်း ဖြစ်သည်။ ထို့အပြင် ၎င်းကို ကာကွယ်ရန်အတွက်ပင် စာနာနားလည်မှုကို လိုအပ်နေပြန်သည်။

ကျွန်မ “ဂုဏ်သိက္ခာ” နှင့် “အတွင်းစိတ် မပျက်စီးမှု” အကြောင်း ပြောမိသည့်အခါ၊ တစ်ခါတစ်ရံ အလွန်ကြီးကျယ်သော စကားလုံးများကို သုံးနေသလို ခံစားရသည်။ အမှန်မှာ လူများသည် နေ့စဉ်ဘဝ၏ ရိုးရှင်းသော်လည်း ခက်ခဲသော အခြေအနေများကို ဖြတ်ကျော်ရင်း ရှင်သန်နေရသူများ ဖြစ်ကြသည်။ ကြောက်ရွံ့မှု ရုတ်တရက် ပေါ်လာသည့် အခိုက်အတန့်များ၊ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရသည့် အချိန်များ၊ စိတ်ထုံထိုင်းခြင်းနှင့် စိတ်ပျက်လက်လျှော့ခြင်းတို့ကို တော်လှန်နေရသည့် အခြေအနေများ ဖြစ်သည်။

ထိုသို့သော ဘဝအောက်တွင် ထူးချွန်ရဲရင့်သော လုပ်ရပ်များကို မည်သူထံမှ မျှော်လင့်ရန် မလိုအပ်ပါ။ တခါတရံ မိမိ၏ အာရုံခံစားနိုင်စွမ်းကိုသာ ထိန်းသိမ်းထားနိုင်ခြင်းသည်ပင် အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်လာသည်။ ထိုအခြေအနေတွင် ပြင်ပမှ ချမှတ်သည့် အဆုံးအဖြတ်များ၊ သတ်မှတ်ချက်များ၊ အကဲဖြတ်ချက်များသည် အဓိပ္ပာယ်မရှိတော့ပေ။ မည်သူမျှ တစ်ဖက်သူကို သတ်မှတ်ပိုင်ခွင့် မရှိ။ မည်သူမျှ သူတစ်ပါး၏ ဘဝကို အမည်တပ်ပိုင်ခွင့် မရှိ။ အထူးသဖြင့် လူများ၏ အတွေ့အကြုံများကို ကျော်လွှန်ပြီး သူတို့အကြောင်းကိုသာ ပြောဆိုနေသော ဘာသာစကားမျိုး မဖြစ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့၏ နာကျင်မှုနှင့် ချို့တဲ့မှုမှာ လူများကိုယ်တိုင် ပြောခွင့်၊ ကြားခံရခွင့် မလုံလောက်ခြင်းကြောင့် ဖြစ်နေသောကြောင့် ဖြစ်သည်။

စာရေးဆရာတစ်ဦးအနေဖြင့် ဘာသာစကားကို ကိုင်တွယ်အသုံးပြုနေသူ ကျွန်မသည် ဘာသာစကားကို ယုံကြည်စိတ်ချရသော ကြားခံတစ်ခုအဖြစ် အမှန်တကယ် သတ်မှတ်နိုင်ပါ့မလားဟု မေးခွန်းထုတ်မိသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာစကားကို အခြားသူများအား တိတ်ဆိတ်စေရန်နှင့် ထိန်းချုပ်ရန် အင်အားကြီးသော လက်နက်တစ်ခုအဖြစ်လည်း အသုံးပြုနိုင်သောကြောင့် ဖြစ်သည်။

မရေရာမှု၊ ခြိမ်းခြောက်မှုနှင့် ကြောက်ရွံ့မှုများကို ဖြန့်ဝေရန် ဘာသာစကားကို အသုံးပြုနေသည့် နေ့စဉ်ဘဝအတွင်း၊ အကြမ်းဖက်မှုကို ဖန်တီးပံ့ပိုးနေသည့် ဘာသာစကားများ ရှိနေသည့် အခြေအနေအတွင်း၊ ကျွန်မတို့သည် အယူအဆသက်သက်များကို ကျော်ဖြတ်ကာ ခံစားချက်များအကြောင်း ပြန်လည် ပြောဆိုရမည့်အချိန် မဟုတ်ပါလား ဟု တွေးမိသည်။

အခြား ဘာသာစကားတစ်မျိုးကို ရှာဖွေရန် လိုအပ်ပေမည်။ အမူအရာများ၊ နူးညံ့သော အချက်ပြမှုများမှတဆင့် နားလည်နိုင်သော ဘာသာစကားမျိုး။ အကဲဖြတ်ခြင်း၊ ခွဲခြားသတ်မှတ်ခြင်း၊ ကွဲကွာစေခြင်းနှင့် ပဋိပက္ခဖြစ်စေခြင်းတို့မှ ရှောင်ရှားနိုင်သော ဘာသာစကားမျိုး။ တစ်ဖက်သူထံ မျက်နှာမူနိုင်သော၊ တစ်ဖက်သူကို နားထောင်နိုင်သော ဘာသာစကားမျိုး။ ထို့ထက်ပို၍ အဖိုးတန်သည့်အရာများကို ဖော်ပြနိုင်သော၊ ထိရှလွယ်သောကြောင့် ပိုမိုတန်ဖိုးရှိသော အရာများကို အမည်ပေးနိုင်သော၊ နူးညံ့သိမ်မွေ့မှုကို ရှာဖွေသလို ကိုယ်တိုင်လည်း နူးညံ့သိမ်မွေ့သော ဘာသာစကားမျိုး ဖြစ်ရမည်။

တစ်ခါတစ်ရံ ကျွန်မတို့သည် ဘာသာစကား၏ မူလတာဝန်ကိုပင် မေ့လျော့သွားတတ်ကြသည်။ ဘာသာစကားသည် ကျယ်လောင်သော အသံများအတွက် မဟုတ်ဘဲ တိုးညှင်းသော အသံများအတွက် ဖြစ်သည် ။ အထူးသဖြင့် တိတ်ဆိတ်သူများနှင့် တိတ်ဆိတ်သော အတွေ့အကြုံများအတွက် ဖြစ်သည်။ ရှိပြီးသား ဆက်နွယ်မှုများနှင့် အသစ်ဖန်တီးရမည့် ချိတ်ဆက်မှုများအတွက် ဖြစ်သည်။
ဤစုစည်းမှုအတွင်း ပါဝင်သော စီမံကိန်းများက ဖော်ပြထားသမျှ အရာများအတွက် ဖြစ်သည်။ ဂရုတစိုက် နားထောင်ခြင်းအတွက်၊ အမှန်တကယ် နားထောင်နိုင်ခြင်းအတွက်၊ မြင်နိုင်ခြင်းအတွက်၊ သတိပြုမိနိုင်ခြင်းအတွက် ဖြစ်သည်။

သို့မဟုတ် Somrak Sila ၏ စကားကို ငှားပြောရလျှင်၊
“သက်သေခံခြင်း” အတွက် ဖြစ်သည်။

Maxi Obexer

CURATORS' STATEMENTS

In Aestivation

aestivation noun – a state of dormancy or reduced activity that enables an organism to survive a period of heat, drought, or other adverse conditions

As long as one lungfish can burrow and wait for the water to return, life remains possible. The earth is not yet completely barren.

Across In Aestivation, artists and practitioners stop wishing for rain and instead find sanctuary in the mud. What survives there is fragile and easily overlooked: ordinary acts of care, attention and human connection that, under extraordinary conditions, take on profound significance.

Take Sai Moon's short video Over the Green. The artist walks topless toward the edge of an eerily quiet, picture-perfect mountain. His back is painted blood-red. He scatters ash into the earth, throws the ceramic pot over the side, and then walks away. There is both stillness and decisiveness in his gesture. The scene is banal, yet harrowing and tender. The work provokes many questions: Is this an act of mourning? Of ritual? Or a desperate attempt to leave an imprint? For whom is it intended? What has been lost?

Over the Green is stripped of context, explanation and even identity. In it, withholding becomes a form of survival: a refusal to make meaning where meaning cannot safely be made, a rejection of conclusions when none are possible. Sai Moon leaves us not with answers, but with the discomfort of not knowing and a powerful sense of incompletion, asking us simply to bear witness.

The word curator comes from the Latin cura–to care. Throughout my career, I have pursued "care" by emphasizing fissures, loopholes, and moments of slippage–small openings through which humans can reclaim dignity, agency, and possibility.

But here, care required something far quieter and more delicate. It meant listening without asking for more. Recognising when a story could not safely be told. Accepting that some things had to remain incomplete, undocumented, unresolved. Here, the most radical act of caring was simply to remain present without demanding that experience be transformed into meaning for an audience.

In Myanmar, withholding and stillness are not strategies but conditions for survival. Neither comes effortlessly. You become careful with movement, words, hope–with what you say, ask, show, and even what you allow yourself to feel. Eventually, the calculation becomes instinct. Silence becomes a form of breathing.

The human race has created an extraordinary despair for itself, marked by violence, endless waiting, loss, and the steady disappearance of futures. Yet under these same conditions, remarkable tenderness persists.

Across In Aestivation, empathy becomes a means of sustaining what is human, while creative practice remains a vital sign of life held in reserve, even in the deepest darkness. It takes different forms as artists, writers, and collectives respond to Myanmar's present realities: working with communities rather than for them; creating spaces for stories that might otherwise be pushed aside; and finding quieter structures of attention, witnessing, and connection in place of the larger ones that have collapsed. Empathy is embodied and shared, rooted in vulnerability and interdependence. It remains an essential way of staying with one another.

Here, aestivation is not heroic resilience but precarious survival. If the water does not return, the lungfish eventually exhausts itself where it lies. But until then, it asks that we stay and bear witness as it waits.

Somrak Sila

ပြပွဲအယူအဆနှင့် တင်ပြပုံအကြောင်း

In Aestivation

aestivation (နာမ်) — သက်ရှိဇီဝတစ်ခုအား အပူဒဏ်၊ မိုးခေါင်မှုဒဏ်၊ သို့မဟုတ် အခြားခက်ခဲသည့် အခြေအနေ များကို ကျော်ဖြတ်ရှင်သန်နိုင်စေရန် မလှုပ်မယှက် ငြိမ်သက်နေသည့်၊ သို့မဟုတ် လှုပ်ရှားမှုကို လျှော့ချသည့် အနေအထား

အဆုတ်ပါငါးတစ်ကောင်ဟာ မြေအောက်ထဲ တူးဝင်နေပြီး ရေပြန်လာမယ့်အချိန်ကို စောင့်ဆိုင်းပြီးနေနိုင်သလို ဆက်ပြီး အသက်ရှင်သန်နိုင်ခြေ ရှိတယ်။ ကမ္ဘာမြေကြီးဟာ လုံးဝခြောက်သွေ့နေတာ မဟုတ်ပါ။ In Aestivation တစ်လျှောက်မှာ၊ အနုပညာရှင်တွေနဲ့ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူတွေဟာ မိုးရွာဖို့ ဆုတောင်းနေမယ့်အစား၊ ရွှံ့ထဲမှာ ခိုနားရာ ရှာဖွေကြတယ်။ အဲဒီနေရာမှာ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ အရာဟာ နုနယ်ပြီး အလွယ်တကူ သတိမထားမိဘဲ ရှိနေနိုင်တဲ့အရာဖြစ်ပြီး၊ ပုံမှန်ပြုစုစောင့်ရှောက်ခြင်း၊ အာရုံစိုက်ခြင်းနဲ့ လူသားချင်း ချိတ်ဆက်မှုတို့ ဖြစ်ကာ၊ ၎င်းတို့ဟာ လွန်ကဲနေတဲ့ အခြေအနေတွေအောက် မှာဆိုရင် နက်ရှိုင်းတဲ့ အဓိပ္ပာယ်သက်ရောက်မှုတွေ ရှိလာကြတယ်။

စိုင်းမွန်းရဲ့ Over the Green (အစိမ်းရောင်အပေါ်) ဗွီဒီယိုအတိုကို ကြည့်ပါ။ အနုပညာရှင်ဟာ အပေါ်ပိုင်း ဘာမှမဝတ်ထားဘဲ၊ ခြောက်ခြားစရာကောင်းလောက်အောင် တိတ်ဆိတ်ပြီး စုံလင်လှပတဲ့ တောင်ရဲ့ အစွန်းဆီကို လျှောက်လာတယ်။ သူ့ရဲ့ကျောပြင်ကို သွေးနီရောင် ခြယ်သထားတယ်။ သူက ပြာတွေကို မြေကြီးပေါ်ကို ကြဲချပြီး ကြွေအိုးကို ဘေးတစ်ဖက်ကို ပစ်လိုက်ပြီးနောက် ပြန်လှည့်ထွက်သွားတယ်။ သူ့ရဲ့ ဟန်ပန်အမူအရာထဲမှာ ငြိမ်သက်ခြင်းနဲ့ပြတ်သားခြင်း နှစ်ခုစလုံး ပါဝင်နေတယ်။

အဲဒီမြင်ကွင်းဟာ သာမန်ဆန်ပေမယ့် ဝမ်းနည်းကြေကွဲဖွယ်ကောင်းပြီး ကြင်နာမှုလည်း ရှိနေတယ်။ ဒီလက်ရာက မေးခွန်းများစွာကို ထွက်ပေါ်စေတယ် – ဒါဟာ ဝမ်းနည်းပူဆွေးတဲ့ အပြုအမူလား။ ရိုးရာဓလေ့ လား။ ဒါမှမဟုတ် မိမိ ရဲ့ အမှတ်အသားတစ်ခုကို ချန်ထားခဲ့ချင်တဲ့ ကြံရာမရ လုပ်ရပ်တစ်ခုလား။ ဒီအရာဟာ ဘယ်သူ့အတွက် ရည်ရွယ်ပါ သလဲ။ ဘာကို ဆုံးရှုံးခဲ့သလဲ။

Over the Green လက်ရာမှာ နောက်ခံအခြေအနေနဲ့ ရှင်းလင်းချက်တွေ မပါဝင်သလို၊ ကိုယ်ပိုင်လက္ခဏာ တောင် မပါပါ။ အဲဒီမှာ မဖော်ပြဘဲ ချန်လှပ်ထားခြင်းကပင် ရှင်သန်ရပ်တည်ရေး ပုံစံတစ်မျိုး ဖြစ်လာ ပါတယ် – လုံခြုံ စိတ်ချစွာနဲ့ အဓိပ္ပာယ်ဖော်လို့ မရတဲ့အခါ အဓိပ္ပာယ်မဖော်ဘဲ ငြင်းဆန်ခြင်း၊ ဘယ်အဆုံးသတ်ကိုမှ ရှာမတွေ့တဲ့အခါ ကောက်ချက်ချခြင်းကို ပယ်ချခြင်းတို့ပဲ ဖြစ်တယ်။ စိုင်းမွန်းဟာ ကျွန်ုပ်တို့ကို အဖြေများ ချန်ထားခဲ့တာမျိုး မဟုတ် ဘဲ မသိရခြင်းရဲ့ သက်သောင့်သက်သာမရှိမှုနဲ့ မပြီးပြတ်သေးတဲ့ ခံစားချက်ပြင်းပြမှုကိုသာ ပေးခဲ့ပြီး၊ ကျွန်ုပ်တို့ကို သက်သေအဖြစ် ရပ်တည်ပေးဖို့ကိုသာ ရိုးရှင်းစွာ တောင်း ဆိုခဲ့တယ်။

Curator ဆိုတဲ့ ဝေါဟာရမှာ လက်တင်ဘာသာစကား cura — ပြုစုစောင့်ရှောက်ခြင်းကနေ ဆင်းသက်လာတာ ဖြစ်တယ်။ ကျွန်ုပ်ရဲ့အလုပ်သက်တမ်းတစ်လျှောက်လုံးမှာ အက်ကြောင်းတွေ၊ ဟာကွက်တွေနဲ့ လွတ်သွားတဲ့ အခိုက်အတန့်တွေကို အလေးပေးခြင်းအားဖြင့် "ဂရုစိုက်စောင့်ရှောက်မှု" ကို ကြိုးပမ်းအားထုတ်ခဲ့ပါတယ် — အဲဒါ တွေဟာ လူသားတွေအနေနဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်နဲ့ ဖြစ်နိုင်ခြေတွေကို ပြန်လည်ရယူနိုင်မယ့် အခွင့်အလမ်းငယ်လေးတွေ ဖြစ်တယ်။

ဒါပေမယ့် ဒီနေရာမှာ၊ ဂရုစိုက်စောင့်ရှောက်ခြင်းဟာ ပိုမိုတိတ်ဆိတ်ပြီး ပိုမိုနူးညံ့သိမ်မွေ့တဲ့ အရာတစ်ခုကို လိုအပ် တယ်။ ဆိုလိုတာက ထပ်မံမေးမြန်းခြင်းမရှိဘဲ နားထောင်ပေးခြင်း ဖြစ်တယ်။ အဖြစ်အပျက် တစ်ခုကို လုံခြုံစိတ်ချ စွာ ပြောပြလို့ မရနိုင်တော့တဲ့အချိန်ကို သတိပြုမိခြင်း ဖြစ်တယ်။ တချို့သောအရာတွေဟာ မပြီးပြတ်သေးဘဲ၊ မှတ်တမ်းမတင်ထားဘဲ၊ မဖြေရှင်းရသေးဘဲ ဆက်လက်တည်ရှိနေမယ်ဆိုတာ ကို လက်ခံခြင်း ဖြစ်တယ်။ ဒီနေရာမှာ အစွန်းရောက်ဆုံး ပြုစုစောင့်ရှောက်တဲ့ လုပ်ရပ်ဟာ ပရိသတ်အတွက် အတွေ့အကြုံကို အဓိပ္ပာယ်အဖြစ် ပြောင်းလဲ ပေးဖို့ တောင်းဆိုခြင်းမရှိဘဲ ရိုးရိုးသားသားဖြင့် ရှိနေပေး ခြင်း ဖြစ်တယ်။

မြန်မာနိုင်ငံမှာ ချုပ်တည်းထားခြင်းနဲ့ ငြိမ်ငြိမ်နေခြင်းတို့ဟာ မဟာဗျူဟာတွေ မဟုတ်ဘဲ၊ ရှင်သန်ရပ်တည်ရေးအ တွက် အခြေအနေတွေသာ ဖြစ်တယ်။ ဘယ်အရာမှ အလွယ်တကူ မရရှိပါ။ သင်ပြောမယ့်အရာ ၊မေးမယ့်အရာ၊ ပြသမယ့်အရာနဲ့ သင့်ကိုယ်သင် ခံစားခွင့်ပေးမယ့်အရာတွေ အပါအဝင်၊ လှုပ်ရှားမှု၊ စကားလုံးတွေ၊ မျှော်လင့်ချက် တွေနဲ့ပတ်သက်ပြီး သင် သတိထားလာရတယ်။ အချိန်ကြာလာတာနဲ့အမျှ တွက်ချက်မှုတွေဟာ အလိုအလျောက် ဖြစ်လာတယ်။ တိတ်ဆိတ်စွာနေခြင်းဟာ အသက်ရှူတဲ့ပုံစံတစ်မျိုး ဖြစ်လာတယ်။

လူသားမျိုးနွယ်ဟာ အကြမ်းဖက်မှုတွေ၊ အဆုံးမရှိတဲ့ စောင့်ဆိုင်းရမှု၊ ဆုံးရှုံးမှုနဲ့ အနာဂတ်တွေ တဖြည်းဖြည်း ပျောက်ကွယ်သွားခြင်းတို့ဖြင့် မှတ်ကျောက်တင်ထားတဲ့ ထူးကဲဆန်းပြားတဲ့ စိတ်ပျက်အားငယ်မှုကို မိမိဘာသာ ဖန်တီးခဲ့ကြတယ်။ သို့သော် အဲဒီလိုမျိုးအခြေအနေတွေအောက်မှာတောင် ထူးခြားလှတဲ့ ကြင်နာနူးညံ့မှုတွေ ဆက်လက်ရှင်သန်နေဆဲ ဖြစ်တယ်။

In Aestivation တစ်လျှောက်မှာ၊ စာနာခြင်းဟာ လူသားဆန်မှုကို ထိန်းသိမ်းထားတဲ့ နည်းလမ်းတစ်ခု ဖြစ်လာပြီး၊ အနုပညာဖန်တီးမှု လက်တွေ့လုပ်ဆောင်ချက်တွေဟာ အမှောင်မိုက်ဆုံးအချိန်မှာတောင် ဖယ်ရှားသိမ်းဆည်းထား တဲ့ အသက်ရှင်ရပ်တည်မှုရဲ့ အရေးပါတဲ့သင်္ကေတတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်တယ်။ အနုပညာရှင် တွေ၊ စာရေးဆရာတွေနဲ့ စုပေါင်းအဖွဲ့တွေဟာ မြန်မာနိုင်ငံရဲ့ လက်ရှိ လက်တွေ့အမှန်တရားတွေကို တုံ့ပြန်ရာမှာ ပုံစံအမျိုးမျိုးနဲ့ ဖော်ပြဖို့ လိုအပ်ပြီး — လူ့အသိုက်အဝန်းတွေအတွက် လုပ်ကိုင်ခြင်းမဟုတ်ဘဲ၊ သူတို့နဲ့အတူ လုပ်ကိုင် ခြင်း၊ ဖယ်ထုတ်ခံရနိုင်ခြေရှိတဲ့ ပုံပြင်တွေ အတွက် နေရာများ ဖန်တီးပေးခြင်းနဲ့၊ ပိုမိုတိတ်ဆိတ်တဲ့ အာရုံစိုက်မှု၊ သက်သေခံမှုနဲ့ ချိတ်ဆက်မှုအဆောက်အအုံတွေကို ရှာဖွေပြီး ပြိုကွဲသွားခဲ့တဲ့ ပိုမိုကြီးမားတဲ့အရာတွေနေရာမှာ အစားထိုးဖို့ လိုအပ်တယ်။ စာနာခြင်းဟာ ကိုယ်တွေ့ခံစားသိရှိပြီး မျှဝေခံစားတတ်ကာ၊ အားနည်းချက်နဲ့ အပြန်အလှန်မှီခိုအားထားမှုတွေမှာ အမြစ်တွယ်နေတယ်။ ၎င်းသည် တစ်ဦးနဲ့တစ်ဦး အတူတကွ ဆက်လက်ရပ်တည်နေထိုင် ဖို့ မရှိမဖြစ်လိုအပ်တဲ့ နည်းလမ်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်တယ်။

ဒီနေရာမှာ Aestivation ဟာ သူ့ရဲကောင်းဆန်ဆန် ခံနိုင်ရည်ရှိခြင်းမဟုတ်ဘဲ မရေရာမသေချာတဲ့ ရှင်သန်ရပ်တည် မှုတစ်ခုသာ ဖြစ်တယ်။ အကယ်၍ ရေပြန်မရတော့ရင် အဆုတ်ပါငါးဟာ နောက်ဆုံးမှာ တော့ ၎င်းလဲလျောင်းတဲ့ နေရာမှာပင် အားအင်ကုန်ခမ်းသွားလိမ့်မယ်။ ဒါပေမယ့် ထိုအချိန်မတိုင်မီအထိ ၎င်းက ကျွန်ုပ်တို့ကို ဆက်လက်နေ ထိုင်ပေးပြီး၊ စောင့်ဆိုင်းနေစဉ်အတွင်း သက်သေအဖြစ် ရပ်တည်ပေး ဖို့ တောင်းဆိုနေပါတော့တယ်။

Somrak Sila

CURATORS' STATEMENTS

"counter one weakness with another, and temper your fear with hope." – Seneca

The driving force of human life is often linked to fear and nurtured by hope. When humans are vulnerable, fear is often pushed into a personal state, forcing them to deal with it in isolation. Even though it's evident that some fears stem from wounds and pain from external circumstances beyond their control. When the mass of fear becomes too overwhelming to resolve, empathy becomes a process used to explore the dimensions of fear. Connecting fears through listening, creating, or participating is one way to see the bigger picture from multiple perspectives, to jointly heal and nurture hope for life by sharing and understanding that pain together.

Following the devastating earthquake in Mandalay, the tremors affected surrounding countries including Thailand—in Chiang Mai, where I reside. The shaking wasn't just affecting buildings and the ground. It also shook people's faith in life. We are living in a fragile world with living on the line between life and death, raising the question of how we can continue to believe in life when even the earth—the origin of all things—can shake and crumble. Why do we continue to cling to a life that seems to become more uncertain every day?

The scars of earthquakes in Myanmar are still visible, not on buildings or streets. But embedded in the skin, bodies, eyes, and memories of the people there. Life continues as usual amidst the hazy air and cracked earth. Often, conversation is the breathing space where people share experiences, recount their daily lives, or simply reveal their everyday routines. Yet, we cannot imagine how many times they have experienced this violence, how they coped each time and who or what relationships have been taken from them along the way. Especially when it comes to creative professionals. The light of hope they create is often shrouded in the shadow of fear. Amidst the swirling dust from landslides, creators struggle to keep their faint breath alive, although with limited resources and under the pressure of numerous complex external circumstances. Seeing their attempts to reconstruct their creations from fragments of memories or remnants of hope in this space reminds us that art is not just for the wealthy– it nourishes their souls and gives them meaning to live.

As the curator of this project, I find that observing the works and creative processes of these artists cannot be understood merely through visual observation, but requires empathy to delve deep into the wounds and pain experienced through their creations. Understanding this immense fear and suffering requires setting aside skills and preconceived notions to listen to the faint breaths—like the lungfish hibernating through the dry season. They're freezing themselves beneath the parched earth. Choose not to eat, drink, or move to preserve life and wait for the rain to set them free again. But how many lungfish successfully make it to the rainy season? Excessive endurance inevitably erodes expectations and opens space for weakness to take over. And what happens to them during that time? Is this hibernation a natural strength or a resigned state of endurance dictated by the conditions of their life cycle? We cannot speak for the lungfish's experience.

Similarly, maintaining the breathing space of creativity under the uncanny stillness is crucial. Observing from the outside may not be enough to fully understand the surface of these cracks. Therefore, awareness and creating space for deep reflection on the feelings of life—in its dimensions of memory, joy, sadness, confusion, expectations, or even fear—may be one way to jointly witness the faint breath. Sometimes, healing is about confronting pain, and sometimes it can be overwhelming.

To continue feeling the subtle ripples beneath the barren land, we need to piece together those cracks and watch the tremors. Perhaps the next earthquake will be caused by a breath of hope strong enough to resonate throughout.

Krai Sridee

ပြပွဲအယူအဆနှင့် တင်ပြပုံအကြောင်း

“အားနည်းချက်တစ်ရပ်ကို အခြားအားနည်းချက်တစ်ခုဖြင့် တန်ပြန်ပြီး၊ သင်၏စိုးရိမ်ကြောက်ရွံ့ခြင်းကို မျှော်လင့်ချက်ဖြင့် ထိန်းညှိပါ။” — *Seneca*

လူသားတွေရဲ့ဘဝရဲ့ တွန်းအားဟာ မကြာခဏဆိုသလို စိုးရိမ်ကြောက်ရွံ့မှုနဲ့ ချိတ်ဆက်နေပြီး မျှော်လင့်ချက်နဲ့ ပြုစုပျိုးထောင်ခြင်းကို ခံရလေ့ရှိတယ်။ လူသားတွေ အားနည်းပြီးထိခိုက်လွယ်တဲ့အချိန်မှာ စိုးရိမ်ကြောက်ရွံ့မှု ဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေအနေတစ်ခု ဖြစ်လာတတ်ပြီး တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းကြရတယ်။ အမှန်တကယ်တော့၊ တချို့သောစိုးရိမ်ကြောက်ရွံ့မှုတွေဟာ သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိတဲ့ ပြင်ပအခြေ အနေတွေကနေ ဖြစ်ပေါ်တဲ့ ဒဏ်ရာတွေနဲ့နာကျင်မှုတွေကြောင့် ဖြစ်ပေါ်လာတယ်ဆိုတာ ထင်ရှားပါတယ်။ စိုး ရိမ်ကြောက်ရွံ့တဲ့ပမာဏဟာ ဖြေရှင်းဖို့အတွက် သိပ်ကြီးမားလာတဲ့အခါ၊ စာနာမှုဟာ စိုးရိမ်ကြောက်ရွံ့ခြင်းရဲ့ နယ်ပယ်အလွှာတွေကို စူးစမ်းဖို့ အသုံးပြုတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်လာတယ်။ နားထောင်ခြင်း၊ ဖန်တီးခြင်း၊ ဒါမှမဟုတ် ပါဝင်ဆောင်ရွက်ခြင်းတွေနဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေကို ချိတ်ဆက်ခြင်းဟာ ရှုထောင့်ပေါင်းစုံကနေ ပိုမိုကြီးမားတဲ့ပုံရိပ်ကို မြင်နိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပြီး၊ အဲဒီနာကျင်မှုကို အတူတကွ မျှဝေပြီး နားလည်ခြင်း ဖြင့် အတူတကွ ကုသပေးပြီး ဘဝအတွက် မျှော်လင့်ချက်ကို ပျိုးထောင်ပေးနိုင်မှာဖြစ်တယ်။

မန္တလေးမြို့မှာ ဖြစ်ပွားခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုအလွန်များတဲ့ ငလျင်လှုပ်ခတ်မှုအပြီးမှာ၊ နောက်ဆက်တွဲတုန်ခါမှု တွေဟာ ကျွန်ုပ်နေထိုင်နေတဲ့ ချင်းမိုင်မြို့ရှိတဲ့ ထိုင်းနိုင်ငံအပါအဝင်၊ ပတ်ဝန်းကျင်နိုင်ငံတွေကိုပါ သက်ရောက်စေခဲ့တယ်။ မြေပြင်နဲ့အဆောက်အဦးတွေကိုပဲ တုန်ခါစေခဲ့တာ မဟုတ်ပါ။ ၎င်းဟာ လူတွေရဲ့ ဘဝအပေါ် ထားရှိ တဲ့ ယုံကြည်မှုကိုပါ တုန်လှုပ်စေခဲ့ပါတယ်။ ကျွန်ုပ်တို့ဟာ ဘဝနဲ့သေခြင်းအကြား၊ ပျက်စီးလွယ်တဲ့ ကမ္ဘာကြီး တစ်ခုမှာ နေထိုင်နေကြရပြီး၊ အရာအားလုံးရဲ့ မူလအစဖြစ်တဲ့ ကမ္ဘာမြေကြီးတောင် တုန်ခါပြီးပြိုကျနိုင်တဲ့အခါ မျိုးမှာ၊ ဘဝအပေါ် ဘယ်လိုဆက်လက်ပြီး ယုံကြည်နိုင်မလဲဆိုတဲ့ မေးခွန်း ပေါ်ထွက်လာစေတယ်။ နေ့စဉ် နဲ့အမျှ ရေရာမှု ပိုမိုမရှိတော့သလို မြင်ရတဲ့ဘဝတစ်ခုကို ကျွန်ုပ်တို့ ဘာကြောင့် ဆက်လက်တွယ်တာနေကြ သေးတာလဲ။

မြန်မာနိုင်ငံမှာ ငလျင်တွေကြောင့် ရရှိထားတဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ အဆောက်အဦးတွေနဲ့ လမ်းမတွေပေါ် မှာသာ ဆက်ပြီးတွေ့နိုင်သေးတာ မဟုတ်ပါ။ အဲဒီမှာနေတဲ့ လူတွေရဲ့ အသား၊ ခန္ဓာကိုယ်၊ မျက်လုံးတွေနဲ့ မှတ် ဉာဏ်တွေထဲမှာပါ စွဲထင်ကျန်ရစ်နေဆဲပါ။ မှုန်ဝေနေတဲ့ လေထုနဲ့ ကွဲအက်နေတဲ့ မြေပြင်တွေရဲ့ကြားမှာ ဘဝ ဟာ ပုံမှန်အတိုင်း ဆက်သွားနေလျှက်ပါ။ များသောအားဖြင့်၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုခြင်း ဟာ လူတွေအနေနဲ့ သူတို့ရဲ့အတွေ့အကြုံတွေအပြင် သူတို့ရဲ့နေ့စဉ်ဘဝတွေအကြောင်း၊ ဒါမှမဟုတ် သူတို့ရဲ့ နေ့စဉ် လုပ်ရိုးလုပ်စဉ်တွေအကြောင်းကို မျှဝေလို့ရတဲ့ အသက်ရှုပေါက် ဖြစ်လာတယ်။ ဒါပေမယ့်၊ ဒီကြမ်းတမ်း တဲ့ အတွေ့အကြုံကို သူတို့ ဘယ်နှကြိမ် ကြုံတွေ့ခဲ့ရသလဲ၊ အကြိမ်တိုင်းမှာ သူတို့ ဘယ်လိုရင်ဆိုင်ခဲ့ကြသလဲဆို တာနဲ့ အဲဒီအတောအတွင်းမှာ ဘယ်သူ့ကို ဒါမှမဟုတ် ဘယ်ဆက်ဆံရေးတွေကို ဆုံးရှုံးခဲ့ကြရသလဲဆိုတာ ကျွန်ုပ်တို့ တွေးကြည့်လို့တောင် မရပါ။ အထူးသဖြင့် ဖန်တီးမှုဆိုင်ရာ ပညာရှင်တွေနဲ့ ပတ်သက်လာတဲ့အခါမျိုး မှာ ဖြစ်တယ်။ သူတို့ဖန်တီးပေးတဲ့ မျှော်လင့်ချက်အလင်းရောင်ဟာ ကြောက်ရွံ့ခြင်းရဲ့ အရိပ်မည်းအောက်မှာ ဖုံး လွှမ်းခံရလေ့ရှိတယ်။ မြေပြိုမှုကြောင့် ဖုန်မှုန့်တွေ ဝေ့ပတ်နေတဲ့ကြားက၊ ဖန်တီးသူတွေဟာ အကန့်အသတ်နဲ့ သာရှိတဲ့ အရင်းအမြစ်တွေနဲ့ ရှုပ်ထွေးလှတဲ့ ပြင်ပအခြေအနေတွေရဲ့ ဖိအားမျိုးစုံတွေ ရှိနေပေမယ့်၊ အသက်ကို မနည်းရှူပြီး ရှင်အောင် ရုန်းကန်ကြရတယ်။ ဒီနေရာမှာ သူတို့ရဲ့ မှတ်ဉာဏ်အပိုင်းအစတွေ ဒါမှမဟုတ် မျှော်လင့် ချက်ရဲ့အကြွင်းအကျန်တွေကနေ သူတို့ရဲ့ဖန်တီးမှုတွေကို ပြန်တည်ဆောက်ဖို့ သူတို့ရဲ့ကြိုးပမ်းနေမှုတွေကို တွေ့ရတဲ့အခါ အနုပညာဆိုတာ ချမ်းသာတဲ့သူတွေအတွက်သာ မဟုတ်ဘဲ၊ ၎င်းတို့ရဲ့ဝိညာဉ်တွေကို အာဟာရ ဖြည့်ပေးပြီး ဆက်လက်ရှင်သန်ဖို့ အဓိပ္ပာယ်ဖြည့်ဆည်းပေးနိုင်ကြောင်း ကျွန်ုပ်တို့ကို သတိပေးနေတယ်။

ဒီစီမံကိန်းရဲ့ စုစည်းစီစဉ်သူ (curator) တစ်ဦးအနေနဲ့၊ ဒီအနုပညာရှင်တွေရဲ့ လက်ရာတွေနဲ့ဖန်တီးမှုလုပ်ငန်းစဉ် တွေကို ကြည့်ရှုရုံ အမြင်သက်သက်ဖြင့် နားလည်နိုင်မှာ မဟုတ်ဘဲ၊ ၎င်းတို့ရဲ့ဖန်တီးမှုတွေကတစ်ဆင့် ကြုံတွေ့ ခဲ့ရတဲ့ ဒဏ်ရာတွေနဲ့နာကျင်မှုတွေထဲ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ဖို့ စာနာမှု လိုအပ်တယ်ဆိုတာကို ကျွန်ုပ် တွေ့ရှိရတယ်။ ဒီကြီးမားလှတဲ့ ကြောက်ရွံ့မှုနဲ့ဆင်းရဲဒုက္ခကို နားလည်ဖို့ ကျွမ်းကျင်မှုတွေနဲ့ကြိုတင်ယူဆချက် တွေကို ဘေးဖယ်ထားပြီး၊ ခြောက်သွေ့ရာသီတစ်လျှောက်လုံး ခိုပြီးအိပ်နေတဲ့ အဆုတ်ပါငါး (lungfish) ကဲ့သို့ အသက်ရှူသံမျှင်မျှင်လေးကို နားထောင်ဖို့ လိုအပ်တယ်။ သူတို့ဟာ ခြောက်သွေ့နေတဲ့မြေကြီးအောက်မှာ သူတို့ကိုယ်သူတို့ အေးခဲထားကြတယ်။ အသက်ကို ဆက်လက်ထိန်းသိမ်းထားဖို့နဲ့ မိုးရွာပြီး သူတို့ လွတ်လပ် လာမယ့်အချိန်ကို စောင့်ဖို့အတွက် စားခြင်း၊ သောက်ခြင်း၊ ဒါမှမဟုတ် လှုပ်ရှားခြင်းတွေကို မပြုလုပ်ဘဲ နေကြ တယ်။ ဒါပေမယ့် မိုးရာသီအထိ အောင်မြင်စွာ အသက်ရှင်ပြီး ရောက်ရှိလာနိုင်တဲ့ အဆုတ်ပါငါး ဘယ်လောက် ရှိသလဲ။ အလွန်အမင်း သည်းခံနေရခြင်းဟာ မျှော်လင့်ချက်တွေကို တဖြည်းဖြည်းတိုက်စားပစ်ပြီး အားနည်း ချက်တွေ ဝင်ပြီးနေရာယူဖို့ လမ်းဖွင့်ပေးတယ်။ အဲဒီအချိန်အတွင်းမှာ သူတို့လေးတွေ ဘာဖြစ်သွားသလဲ။ အဲဒီ လို ခိုပြီးအိပ်နေခြင်းဟာ သဘာဝကျတဲ့ အင်အားတစ်ခုလား၊ ဒါမှမဟုတ် သူတို့ရဲ့ ဘဝစက်ဝန်းရဲ့ အခြေအနေ တွေက သတ်မှတ်ပေးတဲ့ အရှုံးပေးထားတဲ့ သည်းခံခြင်းအနေအထားတစ်ခုလား။ ကျွန်ုပ်တို့အနေနဲ့ အဆုတ်ပါ ငါးရဲ့ အတွေ့အကြုံအတွက် ကိုယ်စားမပြောနိုင်ပါ။

အလားတူပင်၊ သက်သောင့်သက်သာမရှိတဲ့ တိတ်ဆိတ်ငြိမ်သက်မှုအောက်မှာ ဖန်တီးမှုရဲ့ အသက်ရှူပေါက်ကို ဆက်လက်ထိန်းသိမ်းထားဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီအက်ကြောင်းတွေရဲ့ မျက်နှာပြင်ကို အပြည့်အဝ နားလည်ဖို့ အပြင်က ကြည့်ရုံနဲ့ မလုံလောက်ပါ။ ဒါကြောင့် မှတ်ဉာဏ်၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ ရှုပ်ထွေးမှု၊ မျှော်လင့်ချက် ဒါမှမဟုတ် စိုးရိမ်ကြောက်ရွံ့မှုတွေရဲ့ အလွှာတွေအတွင်း ဘဝရဲ့ခံစားချက်တွေအပေါ် နက်ရှိုင်းစွာ ဆင်ခြင်သုံးသပ်နိုင်ဖို့အတွက် အသိတရားနဲ့နေရာတစ်ခု ဖန်တီးပေးခြင်းဟာ တိုးညှင်းတဲ့အသက်ရှူသံကို အတူတကွ သက်သေခံဖို့အတွက် နည်းလမ်းတစ်ခုဖြစ်တယ်။ တစ်ခါတစ်ရံမှာ ကုသခြင်းဆိုတာ နာကျင်မှုကို ရင်ဆိုင်ခြင်းဖြစ်ပြီး၊ တစ်ခါတစ်ရံမှာ ရင်ဆိုင်ဖို့ အလွန်အမင်း များပြားလွန်းနေတတ်ပါတယ်။

ခြောက်ကပ်နေတဲ့ မြေပြင်အောက်မှာရှိတဲ့ သိမ်မွေ့တဲ့လှိုင်းတွန့်တွေကို ဆက်လက်ခံစားနိုင်ဖို့အတွက် ကျွန်ုပ် တို့အနေနဲ့ အက်ကြောင်းတွေကို စုစည်းပြီး ဆက်စပ်ကာ တုန်ခါမှုတွေကို စောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ နောက်လာမယ့် ငလျင်ဟာ နေရာအနှံ့ အဓိပ္ပာယ်ရှိဖို့အတွက် လုံလောက်တဲ့ မျှော်လင့်ခြင်းအသက်ရှူသံ တစ်ခုကတစ်ဆင့် ဖြစ်ပေါ်လာနိုင်ပါတယ်။

Krai Sridee

CURATORS' STATEMENTS

From Echoes of Expression to In Aestivation: A Journey Towards Empathy

There are ideas that begin clearly and become less certain as they are followed. Echoes of Expression was one of them.

The project began with four points of departure: Architectures of Empathy, Listening, Articulation(s), and Resonances. They suggested a movement through space, sound, language, and relation—a way of thinking about how people might come together, hear one another, find forms of expression, and leave something that continues to resonate.

As the process unfolded, these ideas began to overlap. Architecture became more than physical space. Listening became more than hearing. Articulation was not always about speaking, while resonance could begin in a quiet conversation long before anything became visible.

Through months of encounters, artists, cultural practitioners, researchers, and participants from different places and disciplines came together. The conversations moved between the personal and the collective, between memory and the present, between what could be expressed and what remained difficult to articulate.

Empathy appeared differently each time: through questions of belonging and exclusion, memory and displacement, care and vulnerability, changing environments, inherited traditions, and the desire to remain connected across distance. There was no single definition to arrive at. Instead, different understandings were allowed to coexist.

Some conversations became stories, images, sounds, performances, films, texts, and participatory works. Others remained as questions. Ideas changed through encounters, and relationships became part of the work itself.

Empathy gradually became less a subject to represent and more a way of working practice of listening, making space, staying with uncertainty, and moving towards another perspective without assuming that it can ever be fully understood.

This is where Towards Empathy takes its name. The word towards suggests movement rather than arrival. It leaves room for hesitation, distance, misunderstanding, and return.

In Aestivation emerges from this unfinished movement. Aestivation describes a state of suspension and retreat, a period in which something continues to develop beneath the surface. It reflects a process shaped by time, conversation, reflection, and encounters before becoming visible through artistic form.

The works and presentations gathered here are traces of that process. They do not offer one account of empathy, but hold together different memories, places, voices, and ways of relating.

What began as Echoes of Expression has become a movement between listening and making, speaking and pausing, remembering and imagining. What remains is not a conclusion, but a field of relations still taking shape.

Haymann Oo

In Aestivation

ပြပွဲအယူအဆနှင့် တင်ပြပုံအကြောင်း

Echoes of Expression မှသည် *In Aestivation* သို့ : စာနာခြင်းတံတားပေါ်ကခရီးစဉ်

အစကတည်းက ရှင်းလင်းပြတ်သားစွာ စတင်ခဲ့သော်လည်း လမ်းခရီးတစ်လျှောက်တွင် အဓိပ္ပာယ်အသစ်များ ပေါ်ထွက်လာကာ ပိုမိုနက်ရှိုင်းသွားသည့် အတွေးအခေါ်များ ရှိတတ်သည်။ *Echoes of Expression* သည်လည်း ထိုသို့သော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

ဤပရောဂျက်သည် *Architectures of Empathy, Listening, Articulation(s)* နှင့် *Resonances* ဟူသော အဓိကစဉ်းစားစရာ လေးခုမှ စတင်ခဲ့သည်။ ယင်းအကြောင်းအရာများသည် နေရာ၊ အသံ၊ ဘာသာစကားနှင့် လူမှုဆက်ဆံရေးတို့မှတစ်ဆင့် လူများအတူတကွ ဆုံစည်းနိုင်ပုံ၊ တစ်ဦးနှင့်တစ်ဦး နားထောင်နိုင်ပုံ၊ မိမိတို့၏ အတွေ့အကြုံများကို ဖော်ထုတ်နိုင်ပုံနှင့် အချိန်ကြာမြင့်သည့်တိုင် ထပ်မံအသံလွှင့်နေသည့် သက်ရောက်မှုများ ချန်ထားနိုင်ပုံတို့ကို စူးစမ်းမေးခွန်းထုတ်ရန် ဖိတ်ခေါ်ခဲ့သည်။

သို့သော် လုပ်ငန်းစဉ်များ ရှေ့ဆက်သွားသည်နှင့်အမျှ ဤအယူအဆများသည် တစ်ခုနှင့်တစ်ခု ပိုမိုချိတ်ဆက်စပ်ယှက်လာခဲ့သည်။ *"Architecture"* သည် ရုပ်ပိုင်းဆိုင်ရာ နေရာတစ်ခုမျှသာ မဟုတ်တော့ဘဲ ဆုံဆည်းမှုနှင့် ဆက်ဆံမှုများကို ဖန်တီးပေးသည့် အခြေအနေများကိုပါ ရည်ညွှန်းလာခဲ့သည်။ *"Listening"* သည် အသံကြားရုံထက် ပိုမိုနက်နဲသော နားလည်ရန် ကြိုးပမ်းမှုတစ်ခု ဖြစ်လာခဲ့သည်။ *"Articulation"* သည် အမြဲတမ်း စကားလုံးများဖြင့် ထုတ်ဖော်ပြောဆိုခြင်းသာ မဟုတ်သကဲ့သို့ *"Resonance"* သည်လည်း မြင်သာထင်သာ ဖြစ်တည်လာမည့်အရာမတိုင်မီ တိတ်ဆိတ်သော စကားဝိုင်းတစ်ခုအတွင်းမှပင် စတင်နိုင်ကြောင်း တွေ့ရှိလာရသည်။

လများစွာကြာမြင့်သည့် တွေ့ဆုံမှုများအတွင်း အနုပညာရှင်များ၊ ယဉ်ကျေးမှုနယ်ပယ်မှ လှုပ်ရှားသူများ၊ သုတေသီများနှင့် အမျိုးမျိုးသော နောက်ခံနှင့် နယ်ပယ်များမှ ပါဝင်သူများသည် အတူတကွ ဆုံစည်းလာခဲ့ကြသည်။ ၎င်းတို့၏ ဆွေးနွေးမှုများသည် ကိုယ်ပိုင်အတွေ့အကြုံများနှင့် စုပေါင်းမှတ်ဉာဏ်များအကြား၊ အတိတ်နှင့် ပစ္စုပ္ပန်အကြား၊ ထုတ်ဖော်ပြောဆိုနိုင်သည့်အရာများနှင့် စကားလုံးများဖြင့် ဖော်ပြရန် ခက်ခဲသည့် အတွေ့အကြုံများအကြား လှုပ်ရှားသွားလာခဲ့သည်။

ထိုလုပ်ငန်းစဉ်တစ်လျှောက် *"Empathy"* သည် အကြိမ်တိုင်း ပုံစံမတူစွာ ပေါ်ထွက်လာခဲ့သည်။ လူမှုဝင်ဆံ့မှုနှင့် ဖယ်ကြဉ်ခံရမှု၊ မှတ်ဉာဏ်များနှင့် နေရပ်ရွှေ့ပြောင်းမှုများ၊ စောင့်ရှောက်မှုနှင့် ပျော့ပျောင်းထိခိုက်လွယ်မှု၊ ပြောင်းလဲနေသော ပတ်ဝန်းကျင်များ၊ အမွေဆက်ခံလာသည့် ဓလေ့ထုံးတမ်းများနှင့် အကွာအဝေးများကြားတွင် လည်းကောင်း ဆက်နွယ်နေလိုသည့် ဆန္ဒတို့မှတစ်ဆင့် ယင်းကို နားလည်ရန် နည်းလမ်းမျိုးစုံ ပေါ်လာခဲ့သည်။ နောက်ဆုံးတွင် ရောက်ရှိရမည့် အဓိပ္ပာယ်တစ်ခုတည်း မရှိခဲ့ဘဲ မတူညီသော နားလည်မှုများ အတူယှဉ်တွဲ တည်ရှိနိုင်ရန် နေရာပေးထားခဲ့သည်။

အချို့သော ဆွေးနွေးမှုများသည် ဇာတ်လမ်းများ၊ ရုပ်ပုံများ၊ အသံလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ရုပ်ရှင်များ၊ စာသားများနှင့် ပူးပေါင်းပါဝင်နိုင်သည့် အနုပညာလက်ရာများအဖြစ် ပြောင်းလဲသွားခဲ့သည်။ အချို့ကတော့ ဖြေရှင်းချက်မရှိသေးသည့် မေးခွန်းများအဖြစ် ကျန်ရစ်ခဲ့သည်။ တွေ့ဆုံမှုများကြားတွင် အတွေးအခေါ်များ ပြောင်းလဲလာခဲ့ပြီး လူများအကြား တည်ဆောက်ခဲ့သော ဆက်ဆံရေးများကိုယ်တိုင်ကလည်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

တဖြည်းဖြည်းဖြင့် *"Empathy"* သည် ပြသဖော်ထုတ်ရမည့် ခေါင်းစဉ်တစ်ခုထက် ပိုမို၍ အလုပ်လုပ်ပုံလုပ်နည်းတစ်ရပ်အဖြစ် နားလည်လာရသည်။ နားထောင်ခြင်း၊ နေရာဖွင့်ပေးခြင်း၊ မသေချာမှုများနှင့် အတူရှိနေနိုင်ခြင်း၊ ထို့ပြင် အခြားသူတစ်ဦး၏ အမြင်ကို အပြည့်အဝ နားလည်နိုင်သည်ဟု မယူဆဘဲ ၎င်းဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားခြင်းတို့ ဖြစ်သည်။

Towards Empathy ဟူသော ခေါင်းစဉ်သည်လည်း ထိုအယူအဆမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ *"Towards"* ဆိုသော စကားလုံးသည် ရောက်ရှိပြီးဆုံးခြင်းထက် ခရီးတစ်ခုကို ရည်ညွှန်းသည်။ ထိုအထဲတွင် တွန့်ဆုတ်မှု၊ အကွာအဝေး၊ နားလည်မှုလွဲမှားခြင်းနှင့် ပြန်လည်ချိတ်ဆက်လာခြင်းများအတွက် နေရာကျန်ရှိနေဆဲ ဖြစ်သည်။

In Aestivation သည်လည်း အဆုံးမသတ်သေးသော ထိုလှုပ်ရှားမှု၏ ဆက်လက်ဖြစ်စဉ်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။ *"Aestivation"* သည် ခေတ္တတိတ်ဆိတ်နေသည့် ကာလတစ်ခုကို ရည်ညွှန်းသော်လည်း အတွင်းပိုင်းတွင်တော့ ရင့်ကျက်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ အချိန်ကာလ၊ စကားဝိုင်းများ၊ ပြန်လည်ဆင်ခြင်သုံးသပ်မှုများနှင့် လူမှုတွေ့ဆုံမှုများ၏ လွှမ်းမိုးမှုအောက်တွင် ဖြည်းဖြည်းချင်း ပေါက်ဖွားလာကာ နောက်ဆုံးတွင် အနုပညာပုံစံများမှတစ်ဆင့် မြင်သာလာသော လုပ်ငန်းစဉ်တစ်ခုကို ယင်းက ထင်ဟပ်စေသည်။

ဤနေရာတွင် စုစည်းပြသထားသော လက်ရာများနှင့် တင်ဆက်မှုများသည် ထိုခရီးလမ်း၏ အမှတ်အသားများ ဖြစ်ကြသည်။ ၎င်းတို့သည် **"Empathy"** အပေါ် တစ်ခုတည်းသော ရှင်းလင်းချက်ကို ပေးဆောင်ရန် မရည်ရွယ်ဘဲ မတူညီသော မှတ်ဉာဏ်များ၊ နေရာများ၊ အသံများနှင့် ဆက်နွယ်ပုံများကို အတူတကွ ထိန်းသိမ်းထားရန် ရည်ရွယ်ထားသည်။

Echoes of Expression အဖြစ် စတင်ခဲ့သည့် အရာသည် ယခုအခါ နားထောင်ခြင်းနှင့် ဖန်တီးခြင်းကြား၊ ပြောဆိုခြင်းနှင့် တိတ်ဆိတ်နားစွင့်ခြင်းကြား၊ အမှတ်ရခြင်းနှင့် စိတ်ကူးဖန်တီးခြင်းကြား သွားလာနေသည့် လှုပ်ရှားမှုတစ်ခုအဖြစ် ပြောင်းလဲလာခဲ့သည်။ ကျန်ရှိနေသည်မှာ နိဂုံးချုပ်တစ်ခု မဟုတ်ဘဲ ဆက်လက်ပုံသဏ္ဌာန်ယူနေဆဲ ဖြစ်သော ဆက်စပ်ချိတ်ဆက်မှုများ၏ နယ်ပယ်တစ်ခု ဖြစ်သည်။

ဟေမာန်ဦး

In Aestivation

PUBLIC FPROGRAMMES

In Aestivation Exhibition

Exhibition Opening and Programme Launch

Date: 16 October 2026 (Friday)

Time: 5:30 PM

Venue: Goethe-Institut Myanmar (Auditorium), Kabar Aye Pagoda Road, Corner of Nat Mauk Street, Bahan Township, Yangon.

Exhibition period: 10:00 AM – 5:00 PM, 17 October – 20 October 2026

**There will be performances by Aung Kyi Soe, Thyitar and Ellip on Exhibition Opening on 16 October 2026.*

Towards Empathy in Heritage Practice

Exhibition Opening and Curators' Walk

Date: 24 October 2026 (Saturday)

Time: 5:30 PM

Venue: Goethe-Institut Myanmar (Auditorium), Kabar Aye Pagoda Road, Corner of Nat Mauk Street, Bahan Township, Yangon.

Exhibition period: 10:00 AM – 5:00 PM, 25 October – 29 October 2026

Not FOR but WITH: A Zine on Co-creating SEN-friendly Spaces

Project Presentation, Interactive Exploration & Zine Introduction

Date: 21 October 2026 (Wednesday)

Time: 10:00 AM – 3:00 PM

Venue: Eden Center for Disabled Children, Yangon

**Registration required.*

Finding Human Value

Exhibition Opening

Date: 18 October 2026 (Sunday)

Time: 9:30 AM- 12:00 PM

Venue: Inle Heritage School, Nyaung Shwe

Exhibition period: 10:00 AM – 4:00 PM, 18 October – 21 October 2026

The Little Pangolin Goes for a Walk: A Tale of Gentle Empathy

Print Exhibition, Book Launch and Curators' Talk

Date: 18 October 2026 (Sunday)

Time: 2:00 PM

Venue: Goethe-Institut Myanmar (Library), Kabar Aye Pagoda Road, Corner of Nat Mauk Street, Bahan Township, Yangon.

We Are Still Here

Music Performance

Date: 29 November 2026 (Sunday)

Time: 5:00 PM

Venue: Goethe-Institut Myanmar (Auditorium), Kabar Aye Pagoda Road, Corner of Nat Mauk Street, Bahan Township, Yangon.

In Aestivation

အစီအစဉ်မိတ်ဆက်နှင့် ပြပွဲဖွင့်လှစ်ခြင်းအခမ်းအနား

နေ့ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (သောကြာနေ့)

အချိန် - ညနေ ၅:၃၀ နာရီ

ပြပွဲခန်းမစတင်ဖွင့်လှစ်ချိန် - ညနေ ၅:၀၀ နာရီ

နေရာ - Goethe-Institut Myanmar (ပြပွဲခန်းမ)၊ ကမ္ဘာအေးဘုရားလမ်း၊ နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပြပွဲကာလ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ မနက် ၁၀:၀၀ နာရီမှ ညနေ ၅:၀၀ နာရီ

***ပြပွဲဖွင့်လှစ်သည့်နေ့တွင် အောင်ကြည်စိုး၊ သို္ုင်တာနှင့် အီလစ်၏ ပါဖော်မန့် အစီအစဉ် ပါဝင်ပါမည်။**

အမွေအနှစ် အလေ့အထများအတွင်းရှိ စာနာခြင်းဆီသို့

ပြပွဲဖွင့်လှစ်ခြင်းနှင့် ကျူရေတာများနှင့်အတူ ပြပွဲလှည့်လည်ခြင်း

နေ့ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (စနေနေ့)

အချိန် - ညနေ ၅:၃၀ နာရီ

နေရာ - Goethe-Institut Myanmar (ပြပွဲခန်းမ)၊ ကမ္ဘာအေးဘုရားလမ်း၊ နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပြပွဲကာလ: ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ မနက် ၁၀:၀၀ နာရီမှ ညနေ ၅:၀၀ နာရီ

"အတွက်" မဟုတ်ဘဲ "အတူတကွ" အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများနှင့် သင့်တော်သောရပ်ဝန်းများကို အတူတကွ ဖန်တီးပုံဖော်ခြင်း

စီမံကိန်းအကြောင်းတင်ပြခြင်း၊ အတူတကွ လေ့လာခြင်းနှင့် မဂ္ဂဇင်း မိတ်ဆက်

နေ့ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့)

အချိန် - မနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီ

နေရာ - ဒေဝ်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ၊ ရန်ကုန်။

***ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။**

Finding Human Value

ပြပွဲဖွင့်လှစ်ခြင်းအခမ်းအနား

နေ့ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် (တနင်္ဂနွေနေ့)

အချိန် - မနက် ၉:၃၀ နာရီမှ နေ့လည် ၁၂:၀၀ နာရီ

နေရာ - အင်းလေးအမွေအနှစ်ကိုယ်ပိုင်ကျောင်း၊ ညောင်ရွှေ။

ပြပွဲကာလ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ မနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီ

လမ်းလျှောက်ထွက်လာတဲ့ သင်းခွေချပ်လေးနဲ့ ဒိုဒိုနဲ့ ပိုပိုတို့ရဲ့ စတော်ဘယ်ရီခင်း

စာအုပ်မိတ်ဆက်ပွဲနှင့် ကျူရေတာစကားဝိုင်း

နေ့ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် (တနင်္ဂနွေနေ့)

အချိန် - နေ့လည် ၂:၀၀ နာရီ

နေရာ - Goethe-Institut Myanmar (စာကြည့်တိုက်)၊ ကမ္ဘာအေးဘုရားလမ်း၊ နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

We Are Still Here

ဂီတဖျော်ဖြေတင်ဆက်မှု

နေ့ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် (တနင်္ဂနွေနေ့)

အချိန် - ညနေ ၅:၀၀ နာရီ

နေရာ - Goethe-Institut Myanmar (ပြပွဲခန်းမ)၊ ကမ္ဘာအေးဘုရားလမ်း၊ နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

PROGRAMME DETAILS

အစီအစဉ်အကြောင်း အသေးစိတ်

In Aestivation

GOETHE INSTITUT

NOT “FOR” BUT “ WITH”: CO-CREATING SEN-FRIENDLY SPACES

INTERACTIVE EXPLORATION & ZINE

CURATORIAL NOTE

Comprising architects, Special Education Need (SEN) practitioners, and a neuroscientist, Togetherness in __Spaces approaches empathy not as an act of understanding others from a position of authority, but as a question of how we make room for difference. Working with neurodivergent communities in Yangon, whose existences are often overlooked, the group challenges the assumption that inclusion can be designed from the outside, even with the best intentions.

“Not For, But With” becomes more than a working principle: it unsettles the relationship between expert and beneficiary, asking who gets to define what another person needs. Empathy, when imposed, can become another form of power. The group instead treats listening, attention, and restraint as forms of practice.

This shifts the role of the architect from producing an ideal solution to creating conditions in which knowledge can emerge through encounter. Their questions—how space regulates behaviour, whose needs it privileges, and what inclusion might feel like—also expose how exclusion can be embedded in the assumptions through which spaces are conceived.

What emerges is not simply a set of guidelines, but a challenge to how we understand care, expertise, and who has the right to shape the environments we share. **–SS**

ကျူရေတာမှတ်စု

ဗိသုကာပညာရှင်တွေ၊ အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများ (Special Education Needs) အတွက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူတွေနဲ့ အာရုံကြောသိပ္ပံပညာရှင်တစ်ဦးတို့ ပါဝင်ဖွဲ့စည်းထားတဲ့ Togetherness in – Spaces အဖွဲ့ဟာ စာနာခြင်းကို အာဏာရှိသူတစ်ဦး၏အမြင်ကနေ တခြားသူတွေကို နားလည်ပေးခြင်းမျိုးမဟုတ်ဘဲ၊ ကွဲပြားခြားနားမှုအတွက် ဘယ်လိုနေရာဖန်တီးပေးနိုင်မလဲဆိုတဲ့ မေးခွန်းနဲ့ ချဉ်းကပ်တာဖြစ်တယ်။ ၎င်းတို့၏တည်ရှိမှုကို လျစ်လျူရှုခံထားရလေ့ရှိတဲ့ ရန်ကုန်မြို့ရှိ အာရုံကြောကွဲပြားသူ (neurodivergent) အသိုက်အဝန်းတွေနဲ့အတူ လက်တွဲလုပ်ကိုင်ရင်း၊ ၎င်းအဖွဲ့ဟာ မည်မျှပင် ကောင်းစေလိုသောဆန္ဒရှိပါစေ၊ အတူယှဉ်တွဲပါဝင်နေထိုင်နိုင်သည့် နေရာများကို ပြင်ပအမြင်ဖြင့် ဖန်တီးတည်ဆောက်နိုင်တယ်ဆိုတဲ့ ယူဆချက်ကို စိန်ခေါ်ထားပါတယ်။

“အတွက်’’ မဟုတ်၊ “အတူတကွ” ဆိုတာဟာ အလုပ်လုပ်တဲ့မူတစ်ခုထက် ပိုလာတယ် – ၎င်းသည် ပညာရှင်နဲ့ အကျိုးခံစားခွင့်ရှိသူအနက် တခြားလူတစ်ဦးရဲ့ လိုအပ်ချက်ကို ဘယ်သူက အဓိပ္ပာယ်သတ်မှတ်ပိုင်ခွင့်ရှိသလဲဆိုပြီး ၎င်းတို့ကြားက ဆက်ဆံရေးကို မေးခွန်းထုတ်လာစေတယ်။ အတင်းအကျပ်လုပ်ခိုင်းတဲ့ စာနာခြင်းဟာ အာဏာပုံစံတစ်မျိုး ဖြစ်လာနိုင်တယ်။ ၎င်းအစား ဒီအဖွဲ့ဟာ နားထောင်ခြင်း၊ အာရုံစိုက်ခြင်းနဲ့ စာနာခြင်းကို အတင်းအကျပ်မလုပ်ယူခြင်းတွေကို လက်တွေ့လုပ်ဆောင်ရမယ့် ပုံစံတွေအနေနဲ့ သဘောထားတယ်။

ဒီအချက်က ဗိသုကာပညာရှင်ရဲ့ အခန်းကဏ္ဍကို အကောင်းဆုံးဖြေရှင်းချက်ထုတ်ပေးတဲ့သူအဖြစ်ကနေ ထိပ်တိုက် တွေ့ဆုံမှုကတစ်ဆင့် အသိပညာတွေ ပေါ်ထွက်လာနိုင်တဲ့အခြေအနေတွေကို ဖန်တီးပေးသူအဖြစ် ပြောင်းလဲပေးလိုက်တယ်။ နေရာအဝန်းအဝိုင်းတွေက အပြုအမူကို ဘယ်လိုထိန်းညှိပေးတယ်၊ ဘယ်သူ့ရဲ့လိုအပ်ချက်တွေကို ဦးစားပေးတယ်ဆိုတာနဲ့ ပါဝင်မှုဆိုတာဟာ ဘယ်လိုခံစားရနိုင်တယ်၊ စတဲ့ သူတို့ရဲ့မေးခွန်းတွေဟာ နေရာအဝန်းအဝိုင်းတွေ ကို စတင်ပုံဖော်တဲ့ ယူဆချက်တွေထဲမှာ ဖယ်ထုတ်ခံရခြင်းက ဘယ်လိုအမြစ်တွယ်နေနိုင်တယ်ဆိုတာကိုလည်း ဖော်ပြနေတယ်။

လမ်းညွှန်ချက်တစ်စုံသာ ပေါ်ထွက်လာတာမဟုတ်ဘဲ၊ ကျွန်ုပ်တို့ရဲ့ ပြုစုစောင့်ရှောက်မှု၊ ကျွမ်းကျင်မှုနဲ့ ကျွန်ုပ်တို့ မျှဝေသုံးစွဲနေတဲ့ ပတ်ဝန်းကျင်ကို ပုံဖော်နိုင်ခွင့် ဘယ်သူ့မှာ ရှိတယ်ဆိုတာအပေါ် ကျွန်ုပ်တို့ နားလည်ပုံကိုပါ စိန်ခေါ်မှု တစ်ရပ် ဖြစ်လာစေတယ်။ **–SS**

NOT "FOR" BUT " WITH": CO-CREATING SEN-FRIENDLY SPACES

INTERACTIVE EXPLORATION & ZINE

PROGRAMME DETAIL

During the focus group discussion, the members of Togetherness in __Spaces reflected on fostering empathy within society through a spatial lens, recognizing architecture as a tangible way to demonstrate empathy through action.

In Myanmar, opportunities for children and youth with special educational needs (SEN) to access inclusive learning environments remain limited. While specialized centers and schools provide SEN services, many spaces still lack environments that respond to diverse sensory, cognitive, and physical needs. The absence of locally relevant architectural guidelines further highlights the need for context-sensitive approaches to inclusive design.

"Not for but with: Co-creating SEN-friendly Spaces" is a three-month practice-based research project exploring how more empathetic environments can be co-created with the people who use them, rather than designed solely from professional assumptions. The research combines desk research, seminars, site visits, interviews, sensory exploration, sketching, and visual documentation. We engaged with students, caregivers, teachers, and practitioners to understand how everyday spaces are experienced and which spatial qualities support or hinder inclusion and wellbeing.

The findings will be shared through an accessible zine, contributing to wider conversations on inclusive, barrier-free spaces in Myanmar. PyitSuuPan (Architecture & Urbanism Study Room) has joined as a collaborator for further research and zine distribution.

အစီအစဉ်အကြောင်း အသေးစိတ်

Togetherness in __Spaces အဖွဲ့သားများသည် လူမှုအသိုက်အဝန်းအတွင်းမှ စာနာနားလည်မှုများအကြောင်း ပြောဆိုဆွေးနွေးကြသည့်အခါ ပတ်ဝန်းကျင်အခင်းအကျင်းဆိုင်ရာရှုထောင့် (spatial lens) မှ တစ်ဆင့်သုံးသပ်ခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ဗိသုကာဒီဇိုင်းပညာရပ်သည် ထိုစာနာမှုကို လက်တွေ့လုပ်ရပ်ဖြင့် သက်သေပြနိုင်သည့်အရာတစ်ခုဖြစ်ကြောင်းနားလည်လက်ခံခဲ့ကြသည်။

လက်ရှိမြန်မာနိုင်ငံတွင် အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများနှင့် လူငယ်များ (special educational needs) အတွက် အားလုံးပါဝင်သင်ယူနိုင်ရန် သင့်တော်သောပတ်ဝန်းကျင်များမှာ (inclusive learning environments) အကန့်အသတ်ရှိနေပါသေးသည်။ ထိုသို့သောကလေးငယ်များတွင် အော်တစ်ဇင်၊ ADHD၊ ဒေါင်းဆန်းဒရုန်း၊ သူငယ်နာအကြောတင်း (Cerebral Palsy) နှင့် စာဖတ်စာရေးခက်ခဲခြင်း (Dyslexia) စသည့် သင်ယူမှု၊ အာရုံခံစားမှု၊ ဆက်သွယ်ရေး၊ သိမြင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ကွဲပြားပြီး ထပ်ဆောင်းပံ့ပိုးမှုများလိုအပ်သောကျောင်းသားများပါဝင်ပါသည်။ အချို့သော အထူးပြုစင်တာများနှင့် ကျောင်းများတွင် ဝန်ဆောင်မှုပေးနေသော်လည်း အများပြည်သူဆိုင်ရာနေရာများ၌ ကွဲပြားခြားနားသော လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည့်အပြင် ပြည်တွင်းအခြေအနေနှင့် ကိုက်ညီသည့် ဗိသုကာဒီဇိုင်းလမ်းညွှန်ချက်များ ရှားပါးနေခြင်းကလည်း ဒေသအခြေအနေအပေါ်အခြေခံသည့် inclusive design ဖော်ဆောင်ရန် လိုအပ်ချက်အား ပိုမိုထင်ရှားစေလျက်ရှိသည်။

"အတွက်" မဟုတ်ဘဲ "အတူတကွ" အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများနှင့်သင့်တော်သော ရပ်ဝန်းများကို အတူတကွ ဖန်တီးပုံဖော်ခြင်း ပရောဂျက်သည် ၃ လကြာမြင့်သည့် လက်တွေ့လုပ်ဆောင်မှု အပေါ်အခြေခံသော သုတေသနတစ်ခုဖြစ်ပါသည်။ ဗိသုကာများနှင့် ဒီဇိုင်နာများ၏ သီးသန့်ယူဆချက်များ အပေါ်၌သာ အခြေခံ၍ ပုံဖော်မည့်အစား၊ ဤရပ်ဝန်းများအားအသုံးပြုမည့်သူများ နှင့်အတူ ပူးပေါင်းကာ ပိုမိုစာနာမှုရှိပြီး လက်တွေ့ကျသော ပတ်ဝန်းကျင်ကောင်းများကို မည်ကဲ့သို့ဖန်တီးနိုင်မလဲ ဆိုသည်ကို အဓိကထားလေ့လာကြခြင်းဖြစ်သည်။ အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများ၊ ပြုစုစောင့်ရှောက်သူများ၊ ဆရာများနှင့် လက်တွေ့လုပ်ဆောင်နေသည့် ပညာရှင်များနှင့် ရင်းရင်းနှီးနှီးဆွေးနွေးကာ နေ့စဉ်ရှင်သန်ရာနေရာများကို သူတို့ မည်သို့ဖြတ်သန်းခံစားရပုံနှင့် မည်သို့သောနေရာဒေသဆိုင်ရာ အရည်အသွေးများက အားလုံးပါဝင်နိုင်မှုနှင့် ကျန်းမာပျော်ရွှင်မှုကို ပံ့ပိုးပေးသည် သို့မဟုတ် အဟန့်အတားဖြစ်စေသည်တို့ကို လေ့လာဆန်းစစ်ကြခြင်းလည်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များကို မည်သူမဆို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်မည့် ဂျာနယ်အသေးစား (Zine) တစ်ခုအဖြစ် ဖန်တီးတင်ပြသွားမည်ဖြစ်ပြီး၊ ပိုမိုကျယ်ပြန့်သော လူမှုအသိုက်အဝန်းထံသို့ အသိအမြင်သစ်များနှင့် ဒီဇိုင်းဆိုင်ရာထည့်သွင်းစဉ်းစားစရာများကို မျှဝေပေးကာ၊ နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၌ လူတိုင်းအတွက် အဟန့်အတားကင်းဝေးပြီး အားလုံးပါဝင်နိုင်သော ဗိသုကာဒီဇိုင်းကောင်းများ ပေါ်ပေါက်လာစေရေး ဆွေးနွေးမှုများအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ကူညီပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ SEN-friendly ဒီဇိုင်းများပြုလုပ်ခြင်းကို ဆက်လက်လေ့လာရန် နှင့် ရှာဖွေတွေ့ရှိချက်များအား ဂျာနယ်အသေးစား (Zine) အဖြစ်ဖြန့်ဝေရန် ပစ္စုပ္ပန် (ဗိသုကာနှင့်မြို့ပြရေးရာလေ့လာရေး) မှလည်း ပူးပေါင်းပါဝင်ထားပါသည်။

A TAPESTORY OF PERSONAL STORIES

E-BOOK

CURATORIAL NOTE

Towards Empathy: A Tapestry of Personal Stories proposes an editorial infrastructure of care. Inspired by an online community where people anonymously share personal struggles in search of support, the writers and editors extend this practice beyond the digital sphere, using mentoring and editing to create safe space for stories that might otherwise be overlooked or worse silenced.

The project suggests that when larger systems fail to offer meaningful forms of protection, people begin to build their own. Mutual aid, creative alliances, and communities of trust form quieter structures of support—difficult to scale, perhaps, but essential to survival.

Here, empathy is not a sentiment or an idea to be represented, but something enacted through the sustained labour of listening, editing, mentoring, and being present with others. The process matters as much as the publication: each story is shaped through a relationship of trust and shared responsibility.

The resulting e-book is therefore more than a collection of personal accounts. It is a record of the conditions that allowed those accounts to be spoken, heard, and held with dignity. In this sense, the project asks us to recognise care not as an institutional provision, but as something people can build for one another when existing structures fall short. **—SS**

ကျူရေတာမှတ်စု

"စာနာခြင်းတံတား – ကိုယ်ပိုင်ဇာတ်လမ်းများ" ဟာ အယ်ဒီတာ့ အာဘော် အခြေခံ ဂရုစိုက်စောင့်ရှောက်မှုအဆောက်အအုံတစ်ရပ်ကို အဆိုပြုထားတယ်။ အမည်မဖော်ဘဲ ကိုယ်ရေးကိုယ်တာ ရုန်းကန်မှုတွေ ကို အကူအညီရလိုမှုဖြင့် အွန်လိုင်းကနေ မျှဝေကြတဲ့ အသိုက်အဝန်းတစ်ခုမှ စိတ်ကူးရယူထားပြီ၊ စာရေးဆရာတွေနဲ့ အယ်ဒီတာတွေဟာ ဒီလုပ်ဆောင်ချက်ကို ဒစ်ဂျစ်တယ်နယ်ပယ်ကို ကျော်လွန်ပြီး တိုးချဲ့ခဲ့ကြကာ လမ်းညွှန်မှုပေးခြင်း နဲ့တည်းဖြတ်ခြင်းတွေကို အသုံးပြုပြီး ဇာတ်လမ်းတွေအတွက် လုံခြုံတဲ့နေရာတစ်ခုကို ဖန်တီးပေးခဲ့ကြတယ်၊ ထိုကဲ့သို့ မဟုတ်ပါက အဲဒီဇာတ်လမ်းတွေဟာ လျစ်လျူရှုခံရခြင်း၊ သို့မဟုတ် ပိုဆိုးတာက တိတ်ဆိတ်သွားစေခြင်းတို့ ဖြစ်လာ နိုင်ပါတယ်။ စနစ်ကြီးတွေဟာ နားလည်မှုရှိတဲ့ ကူညီကာကွယ်ပေးမှုတွေကို ဖြည့်ဆည်းပေးဖို့ ပျက်ကွက်လာတဲ့အခါ လူတွေဟာ ကိုယ်ထူကိုယ်ထ ကာကွယ်မှုစနစ်တွေကို တည်ဆောက်ကြတယ်ဆိုတာကို ဒီစီမံကိန်းက ဖော်ပြနေတယ်။ သွေးစည်းညီညွတ်မှုရှိစွာ စုစည်းဖေးမကူညီခြင်း၊ ဖန်တီးမှုဆိုင်ရာ မဟာမိတ်ဖွဲ့မှုတွေနဲ့ ယုံကြည်စိတ်ချရတဲ့ အသိုက်အဝန်းတွေဟာ တိတ်တဆိတ်အားဖြည့်ပေးနေတဲ့ အထောက်အပံ့ယန္တယားတွေ ဖြစ်ကြတယ်၊ တိုင်းတာလို့တော့မရပေမဲ့ ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်တယ်။ ဒီနေရာမှာ စာနာခြင်းဟာ ဖော်ပြရမယ့် စိတ်ခံစားချက် ဒါမှမဟုတ် အယူအဆတစ်ခုမဟုတ်ဘဲ၊ နားထောင်ခြင်း၊ တည်းဖြတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနဲ့ တခြားသူတွေနဲ့အတူ ရှိနေခြင်းစတဲ့ စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းမှု ဖြစ်တယ်။ ဒီအားထုတ်ကြိုးပမ်းမှုလုပ်ငန်းစဉ်ဟာ ထွက်လာမဲ့ စာအုပ်နည်းတူ အရေးကြီးတယ်၊ ဇာတ်လမ်းတစ်ခုချင်းစီကို ယုံကြည်မှု၊ အတူတကွ တာဝန် ခံယူမှုတွေအပေါ် အခြေခံတဲ့ ဆက်ဆံရေးကတစ်ဆင့် ပုံဖော်ထားတဲ့အတွက်ကြောင့်ဖြစ်တယ်။ ထွက်လာတဲ့ e-book ဟာ ကိုယ်ရေးကိုယ်တာဖွင့်ဟချက်တွေကို စုစည်းထားတာထက် ပိုပါတယ်။ ၎င်းက အဲဒီဖွင့်ဟချက်တွေကို ပြောပြနိုင်ဖို့၊ ကြားနာခံယူနိုင်ဖို့နဲ့ ဂုဏ်သိက္ခာရှိရှိဖြင့် ထိန်းသိမ်းထားနိုင်ဖို့ ခွင့်ပြုပေးခဲ့တဲ့ အခြေအနေတွေရဲ့ မှတ်တမ်းတစ်ခု ဖြစ်ပါတယ်။ ဒီသဘောအရ ဒီစီမံကိန်းဟာ ဂရုစိုက်စောင့်ရှောက်မှုကို အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုအနေနဲ့ မဟုတ်ဘဲ၊ ရှိရင်းစွဲ အဆောက်အအုံတွေ အားနည်းသွားတဲ့အခါ လူတွေဟာ တစ်ဦးအတွက်တစ်ဦး တည်ဆောက်ပေးနိုင်တဲ့ အရာတစ်ခုအနေနဲ့ အသိအမှတ်ပြုဖို့ ကျွန်ုပ်တို့ကို တောင်းဆိုနေခြင်း ဖြစ်တယ်။ **—SS**

In Aestivation

GOETHE INSTITUT

A TAPESTORY OF PERSONAL STORIES

E-BOOK



PROGRAMME DETAIL

"Towards Empathy: A Tapestry of Personal Stories" project aims to foster a deeper understanding of oneself and others through self-reflection on shared experiences and discussions. That is the reason why we believe that sharing personal stories - which reflect upon one's own inner feelings, mental processes, and those of people nearby - serves as a uniquely profound approach in the process of open sharing and empathetic listening. Likewise, writing is an act of opening up and sharing, while reading is an act of listening deeply to others. Therefore, this call for submissions not only creates a space for writers from diverse locations, backgrounds, and lived experiences to express themselves, but also serves as an initiative to deeply listen to their personal journeys and emotions. Furthermore, this program goes beyond merely selecting and publishing entries; professional editors will provide selected authors with editorial techniques and practical guidance to help refine their writing practice and hone their works into distinguished personal styles. Under the "Towards Empathy: A Tapestry of Personal Stories "program, twelve literary works will be selected across four categories—Poetry, Short Story, Essay, and Folktale—and awarded honorariums. Additionally, the selected entries will be translated from Burmese into English and published as a freely distributed eBook, connecting authors with both local and international readers.

အစီအစဉ်အကြောင်း အသေးစိတ်

"စာနာခြင်းတံတား – ကိုယ်ပိုင်ဇာတ်လမ်းများ" အစီအစဉ်က အတွေ့အကြုံများမျှဝေမှုနှင့် ဆွေးနွေးမှုများကို ကိုယ်တိုင်ပြန်လည် သုံးသပ်ခြင်းမှတဆင့် မိမိကိုယ်ကိုယ်နှင့် အခြားသူများအကြောင်းကို ပိုမိုနားလည်လာကြရန် ကြိုးစားအားထုတ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် ပွင့်လင်းစွာမျှဝေခြင်းနှင့် အလေးအနက်နားထောင်ပေးခြင်းဖြစ်စဉ်တွင် မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်ရှိ တခြားသူများ၏ အတွင်းစိတ်ခံစားမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ဆင်ခြင်သည့် ကိုယ်ပိုင် ဇာတ်လမ်းများကို မျှဝေခြင်းသည် ထူးခြားလေးနက်သည့် ချည်းကပ်မှုနည်းလမ်းတစ်ခု ဖြစ်ကြောင်း လက်ခံယုံကြည်မိသည်။ ထိုကဲ့သို့ပင် စာရေးခြင်းသည် ဖွင့်ဟမျှဝေခြင်းဖြစ်ပြီး စာဖတ်ခြင်းသည် တပါးသူကို အလေးအနက်နားထောင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယခုစာမူဖိတ်ခေါ်ခြင်းအစီအစဉ်သည် နေရာအသီးသီး၊ နောက်ခံအသီးသီး၊ ရှင်သန်ရုန်းကန်ဖြတ်သန်းရမှုအသီးသီးရှိကြသည့် စာပေဖန်တီးရေးဖွဲ့သူများအတွက် ဖွင့်ဟဖော်ထုတ်နိုင်သည့် နေရာတစ်နေရာကို ဖန်တီးပေးနိုင်ရုံမက စာရေးသူများ၏ အတွေ့အကြုံနှင့် စိတ်ခံစားမှုများကို အလေးအနက်နားထောင်နိုင်မည့် အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် ယခုအစီအစဉ်သည် စာမူများကိုရွေးချယ်စိစစ်ပြီး ဖော်ပြပေးရုံသာမက ပရောဖက်ရှင်နယ် အယ်ဒီတာများမှ ရွေးချယ်ခံရသော စာမူများအတွက် စာရေးသားအလေ့အကျင့်တွင် အသုံးချနိုင်သည့် Editorial အလေ့အကျင့်များနှင့် နည်းပညာကို ပံ့ပိုးပြီး ပို၍ပြောင်မြောက်သော ကိုယ်ပိုင်ဟန်စာပေလက်ရာများဖြစ်အောင် လမ်းညွှန်ပေးနိုင်မည့် အစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ "စာနာခြင်းတံတား – ကိုယ်ပိုင်ဇာတ်လမ်းများ" အစီအစဉ်တွင် ကဗျာ၊ ဝတ္ထုတို၊ အက်ဆေး၊ ရိုးရာပုံပြင် စသည့် အမျိုးအစား (၄) မျိုးခွဲ၍ စာပေလက်ရာ (၁၂) ခုကို ရွေးချယ်ပြီး စာမူခများချီးမြှင့်သွားပါမည်။ ထို့အပြင် ရွေးချယ်ခံရသည့် စာမူများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ပြည်တွင်းနှင့် နိုင်ငံတကာစာဖတ်ပရိတ်သတ်များဆီ ချိတ်ဆက်ပေးမည့် eBook ကိုထုတ်ဝေပြီး အခမဲ့ဖြန့်ချိသွားမှာဖြစ်သည်။

IN AESTIVATION EXHIBITION

CURATORIAL NOTE

Art serves not merely as a means of expression, but also functions as a safe space for thought, imagination, and emotion.

In In Aestivation, the exhibition space becomes a varied emotional landscape. Distinctions in generation and roots reflect distinct perspectives on society among artists across ages in Myanmar. Artists draw on lived experience as a tool to seek inner anchors amid social turmoil. Beneath a heavy and slow-paced everyday existence, their artworks explore empathy within daily routines by observing feelings and experiences, or directly questioning essential humanity.

Meanwhile, creating temporary private worlds emerges as an alternative space of expression for the artists. Rather than turning away from reality, these temporary personal spheres offer another vision of society in different layers. They use imagination to release the bond from the exhaustion of living in a world that moves too quickly and leaves little room for them—making these alternate worlds a safe space to explore what it means to be human.

Together, these different works,yet arranged harmoniously, create a dialogue between the inner and outer worlds of those who continue to persevere through life. Between reality and dreams, hope and sorrow, these intertwined worlds become an emotional landscape where intensity and tenderness exist at once. **—KS**

ပြပွဲအကြောင်း မှတ်စု

အနုပညာဟာ ထုတ်ဖော်ပြသဖို့တစ်ခုတည်းအတွက် မဟုတ်ဘဲ၊ အတွေး၊ စိတ်ကူးစိတ်သန်းနဲ့ စိတ်ခံစားမှုတွေအ တွက် လုံခြုံတဲ့နေရာတစ်ခုအနေနဲ့လည်း လုပ်ဆောင်ပေးပါတယ်။

In Aestivation မှာဆိုရင် ပြပွဲပြသရာနေရာဟာ အမျိုးမျိုးသော စိတ်ခံစားချက်တွေကို ဖော်ပြတဲ့ အခင်းအကျင်း တစ်ခု ဖြစ်လာပါတယ်။ မျိုးဆက်နဲ့ဇာစ်မြစ်ကွာခြားချက်တွေဟာ မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်အရွယ်အမျိုးမျိုး သော အနုပညာရှင်တွေအကြား လူ့အဖွဲ့အစည်းအပေါ် ထားရှိတဲ့ ကွဲပြားတဲ့ရှုထောင့်တွေကို ထင်ဟပ်စေပါတယ်။ အနုပညာရှင်တွေဟာ လူမှုရေးမငြိမ်သက်မှုတွေကြားမှာ အတွင်းစိတ်တည်ငြိမ်မှုကို ရှာဖွေတဲ့ကိရိယာတစ်ခုအနေနဲ့ သူတို့ရဲ့ ဘဝအတွေ့အကြုံတွေကို အသုံးချကြတယ်။ လေးပင်ပြီး နှေးကွေးလေးလံတဲ့ နေ့စဉ်ဘဝရှင်သန်မှုအောက် မှာ သူတို့ရဲ့ အနုပညာလက်ရာတွေဟာ ခံစားချက်တွေနဲ့ အတွေ့အကြုံတွေကို စောင့်ကြည့်ခြင်းအားဖြင့်ဖြစ်စေ၊ မရှိမဖြစ်လိုအပ်တဲ့ လူသားဆန်မှုကို တိုက်ရိုက်မေးခွန်းထုတ်ခြင်းအားဖြင့်ဖြစ်စေ၊ နေ့စဉ်လုပ်ရိုးလုပ်စဉ်တွေထဲ ကနေ စာနာမှုကို ရှာဖွေဖော် ထုတ်ကြပါတယ်။

တစ်ချိန်တည်းမှာ၊ အနုပညာရှင်တွေအတွက် ယာယီသီးသန့်ကမ္ဘာတွေကို ဖန်တီးခြင်းဟာ ဖော်ထုတ်ပြသဖို့အ တွက် တခြားရွေးချယ်စရာနေရာတစ်ခုအဖြစ် ပေါ်ထွက်လာပါတယ်။ လက်တွေ့ဘဝကို ကျောခိုင်းစွန့်ခွာသွားတာ ထက်၊ ဒီယာယီကိုယ်ပိုင်နယ်ပယ်တွေဟာ မတူညီတဲ့အလွှာတွေထဲက လူ့အဖွဲ့အစည်းရဲ့ တခြားအမြင်တစ်ခုကို ဖော်ပြပေးတာဖြစ်ပါတယ်။ အလွန်အမင်း အရှိန်ပြင်းပြင်းနဲ့ ရွေ့လျားနေပြီး နေရာလပ် နည်းပါးလှတဲ့ ကမ္ဘာကြီးမှာ ရှင်သန်ရခြင်းရဲ့ မောပန်းနွမ်းနယ်မှုက တုပ်နှောင်ထားတာကို ဖယ်ရှားဖို့ သူတို့ဟာ စိတ်ကူးစိတ်သန်းကို အသုံး ပြုကြပြီး၊ အဲဒီအစားထိုးကမ္ဘာတွေကို လူသားဆန်ခြင်းရဲ့ အနှစ်သာရကို စူးစမ်းလေ့လာရာ လုံခြုံတဲ့နေရာတစ်ခု ဖြစ်လာစေပါတယ်။

အားလုံးပေါင်းစပ်လိုက်တဲ့အခါ၊ ကွဲပြားခြားနားပေမဲ့၊ သဟဇာတဖြစ်အောင် စီစဉ်ထားတဲ့ ဒီလက်ရာတွေဟာ ဘဝ ကို ဆက်လက် ကြံ့ကြံ့ခံရင်ဆိုင်နေကြသူတွေရဲ့ အတွင်းနဲ့အပြင်ကမ္ဘာတွေအကြား အပြန်အလှန် ပြောဆိုမှုတစ်ခုကို ဖန်တီးပေးတယ်။ လက်တွေ့ဘဝနဲ့အိပ်မက်တွေအကြား၊ မျှော်လင့်ချက်နဲ့ ဝမ်းနည်းပူဆွေးမှုတွေအကြား၊ ဒီရော ထွေးနေတဲ့ ကမ္ဘာတွေဟာ ပြင်းထန်မှုနဲ့နူးညံ့သိမ်မွေ့မှုတွေ တစ်ပြိုင်တည်း တည်ရှိနေတဲ့ စိတ်ခံစားချက် အခင်းအကျင်း တစ်ခု ဖြစ်လာကြတယ်။ **—KS**

KÈ SU THAR

SHELTER, 2026
TEXT-TRANSFERRED FABRICS
DIMESIONS VARIABLE (APPROX 10'X15')



In today's world, humanity is confronting ever-growing dangers—madness, folly, greed, error, deception, hatred, and violence. This raises the question of whether a truly safe place even exists anywhere in the world. Wars continue unabated. Violence manifests in various forms, often behind different masks. These threats stem not only from external forces, but also from the destructive states of mind dwelling within us.

True protection can only be built from love, kindness, wisdom, and sympathetic joy. Rather than merely shielding us from one another's enmity, these qualities can become a force that guards us against the destructive forces residing within ourselves.

My artwork, SHELTER, expresses how urgently humanity needs such protection. In this work, loving-kindness and wisdom are envisioned as a sanctuary for human beings—a place where everyone can find safety, dignity, and peace.

Therefore, SHELTER serves both as a reflection on the contemporary human condition and as an invitation to cultivate love, kindness, wisdom, and sympathetic joy, so that we may build a safer world together.

ဒီနေ့ကမ္ဘာမှာ လူသားတွေဟာ ရူးသွပ်မှုမိုက်မဲမှု၊ လောဘ၊ အမှားအယွင်းနဲ့ လှည့်စားမှု၊ မုန်းတီးမှုနဲ့ အကြမ်းဖက်မှု စတဲ့ အန္တရာယ်တွေ ပိုပိုပြီး ကြီးထွားလာတာကို ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့နေရာတိုင်းမှာ လုံးဝလုံခြုံတဲ့နေရာဆိုတာ ရှိကောရှိရဲ့လားလို့တောင် မေးစရာဖြစ်လာပါတယ်။ စစ်ပွဲတွေကလည်း ဆက်ပြီးဖြစ်နေပါတယ်။ အကြမ်းဖက်မှုတွေကလည်း ပုံစံအမျိုးမျိုးနဲ့ ပေါ်လာနေပြီး တစ်ခါတလေ မျက်နှာဖုံးအမျိုးမျိုးနဲ့ ပေါ်လာတတ်ပါတယ်။ ဒီအန္တရာယ်တွေဟာ အပြင်ကလာတဲ့ အင်အားတွေကြောင့်ပဲ ဖြစ်တာမဟုတ်ပါဘူး။ လူတွေရဲ့စိတ်ထဲမှာ ရှိနေတဲ့ အဖျက်သဘောဆောင်တဲ့ အခြေအနေတွေကနေလည်း ပေါ်ပေါက်လာတာပါ။

တကယ့်အကာအကွယ်ဆိုတာ မေတ္တာ၊ ကရုဏာ၊ ပညာနဲ့ မုဒိတာတွေကနေ တည်ဆောက်ထားတဲ့ အရာသာ ဖြစ်ပါတယ်။ ဒီအရည်အသွေးတွေဟာ လူသားတွေကို အချင်းချင်း ရန်ကနေ ကာကွယ်ပေးတာထက် လူသားတွေရဲ့ အတွင်းမှာ ကိန်းနေတဲ့ အဖျက်စွမ်းအားတွေကနေ ကာကွယ်ပေးနိုင်တဲ့အရာ ဖြစ်လာနိုင်ပါတယ်။

ကျွန်တော်ရဲ့ "ကွန်းခိုရာ" (SHELTER) ဆိုတဲ့ ဒီအနုပညာလက်ရာက လူသားတွေအတွက် ဒီလိုအကာ အကွယ်တစ်ခု ဘယ်လောက်အရေးတကြီး လိုအပ်နေပြီလဲဆိုတာကို ဖော်ပြထားတာပါ။ ဒီလက်ရာထဲမှာ မေတ္တာနဲ့ ပညာကို လူသားတွေအတွက် အကာအကွယ်တစ်ခုအဖြစ် စိတ်ကူးပုံဖော်ထားပါတယ်။ လူတိုင်း လုံခြုံမှု၊ ဂုဏ်သိက္ခာနဲ့ ငြိမ်းချမ်းမှုကို ရှာတွေ့ နိုင်မယ့် နေရာတစ်ခု အဖြစ်လည်း မြင်ပါတယ်။

ဒါကြောင့် "ကွန်းခိုရာ" ဟာ ဒီနေ့လူသားတွေရဲ့ အခြေအနေကို ပြန်လည်စဉ်းစားကြည့်စေတဲ့ လက်ရာတစ်ခု ဖြစ်သလို၊ မေတ္တာ၊ ကရုဏာ၊ ပညာနဲ့ မုဒိတာတွေကို မွေးမြူပြီး ပိုမိုလုံခြုံတဲ့ ကမ္ဘာတစ်ခုကို အတူတကွ တည်ဆောက် ကြဖို့ တိုက်တွန်းတဲ့ လက်ရာတစ်ခုလည်း ဖြစ်ပါတယ်။

AUNG KYI SOE

THE SCREAM OF SILENCE, 2026
BOTTLES AND PAPER
DIMENSIONS VARIABLE

I AM YOU ARE ME, 2026
PERFORMANCE ART WITH MIRROR
AND SYNTHETIC FABRIC SUIT

LETTERS

Suffering, pain, and injustice exist everywhere, often unseen and unheard. Some cannot speak out; others cry for help but find no one listening. For many, asking for help or exercising freedom of expression may come at the cost of their lives or livelihoods.

Domestic violence, violations of children's rights, gender discrimination, and inequalities rooted in race, ethnicity, religion, geography, wealth, and education persist across societies. How much suffering remains hidden? How many are denied the right to speak?

Dear fellow human beings,

Imagine being stranded alone on an unknown island after a shipwreck. Take a piece of paper, a leaf, or a scrap of cloth and write down your pain, needs, desires, or prayers in any language you know. Place your message inside an empty bottle, seal it, and imagine casting it into the sea.

Within this venue, let us gather these messages together in an ocean of humanity.

This artwork may not ease your suffering or fulfil your prayers, but if sharing your message brings even a small moment of solace, it is worth doing.

ပေးစာများ

လွယ်လင့်တကူ မမြင်နိုင်၊ မကြားနိုင်၊ မသိနိုင်တဲ့ ဒုက္ခဆင်းရဲတွေ၊ နာကျင်မှုတွေ၊ မမျှတမှုတွေဟာ မည်သည့်အခြေအနေမျိုးမှာမဆို လူမသိသူမသိ ရှိနေပါတယ်။ အကူအညီတောင်းခြင်း၊ သိအောင် ဖော်ထုတ်ဖွင့်ဟခြင်းကြောင့် အသက်နဲ့အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးနိုင်တဲ့အတွက် မြင်အောင်၊ ကြားအောင်၊ သိအောင် ဖော်ထုတ်ဖွင့်ဟဖို့ရာ အခွင့်အရေးမရှိကြဘူး။

အိမ်တွင်းအကြမ်းဖက်မှု၊ ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှု၊ လိင်ခွဲခြားဆက်ဆံမှုတွေကအစ အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊နေရာဒေသ၊ ဆင်းရဲချမ်းသာကွာဟမှုနဲ့ ပညာရေးအနိမ့်အမြင့် စသည့် မတူကွဲပြားခြားနားခြင်းတွေကနေ ဖြစ်ပေါ်လာတဲ့ နာကျင်မှုတွေ၊ ဒုက္ခတွေဟာ ကမ္ဘာကြီးရဲ့ နေရာဒေသအသီးသီးမှာ ဘယ်လောက်ထိတောင် များပြားလိုက်မလဲ။ အဲ့ဒီအထဲမှာမှ ထုတ်ဖော်ဖွင့်ဟဖို့ အခြေအနေမပေးသူတွေ၊ အခွင့်အရေး မရသူတွေဟာ ဘယ်အတိုင်းအတာအထိရှိနေမလဲ။

ချစ်သောလူသားမိတ်ဆွေ–
အသင်ဟာ သင်္ဘောပျက်ပြီး ဘယ်နေရာမှန်းမသိတဲ့ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ အထီးကျန်စွာ သောင်တင်နေသူတစ်ဦးအဖြစ် သင့်ကိုယ်သင် စိတ်ကူးကြည့်လိုက်ပါ။ ပြီးတော့ စာရွက်၊သစ်ရွက်၊အဝတ်စုတ် တစ်ခုခုပေါ်မှာ သင်ကြုံတွေ့နေရတဲ့ ဒုက္ခ၊နာကျင်မှု၊အကူအညီ၊ဆန္ဒ၊ဆုတောင်း တစ်ခုခုကို သင်တတ်ကျွမ်းသည့်ဘာသာဖြင့် ချရေးလိုက်ပါ။ ပြီးရင် ပုလင်းခွံအလွတ်တစ်လုံးထဲမှာ အဆိုပါစာကို ထည့်သွင်းကာ ပုလင်းအဝကို ပိတ်ဆို့ပြီး ပင်လယ်ထဲသို့ မျှောလိုက်သလို သဘောထားပြီး လူ့လောကသမုဒ္ဒရာထဲက တနေရာဖြစ်တဲ့ ဤပြပွဲရဲ့ တနေရာမှာ အများနည်းတူ စုပုံထားလိုက်ပါ။

ချစ်မိတ်ဆွေရဲ့ ဒုက္ခတွေ၊ နာကျင်မှုတွေကို မကူညီပေးနိုင်သည့်တိုင်၊ ဆန္ဒတွေ၊ ဆုတောင်းတွေကို ဖြည့်ဆည်းမပေးနိုင်သည့်တိုင် ဤစာကို ထည့်လိုက်ရခြင်းကြောင့် မပြောပါးလောက်သော စိတ်ဖြေသာရာလေး တစ်ခုဖြစ်သွားခဲ့ရင်တောင် ဒီအနုပညာပြကွက်ကို ပြသရကျိုးနပ်ပါပြီ။

AUNG ZAW

WE ARE CHILDREN, 2026
MIXED MEDIA
DIMENSIONS 4'X4'X4'

I believe that human beings require some degree of recognition for their existence. Everyone, regardless of age, desires to be acknowledged in their own way. A little toy might serve to recognize a child's existence. And I believe that it will undeniably provide the child with a moment of joy and contentment. That brief moment will bring us feelings of warmth and delight. In this sense, these plush toys can be seen as representatives of children.

When you see these toys and these children reflected in a mirror, what comes to your mind? What do you feel? Do you see childhood, loneliness, desire, memory, or perhaps yourself? The mirror will not yield a single, simple answer. Instead, it creates an open expanse between knowledge, experience, and perception—and that itself becomes a part of the artwork. Every viewer may see something different. This work explores how recognition comes into being. It explores how identity is reflected. And it also explores how ordinary, everyday objects can transform into mirrors of our emotions and psychological existence.

လူဆိုသည်မှာ သူတို့၏ဖြစ်တည်နေမှုကို အသိအမှတ်ပြုမှု တစုံတရာ လိုအပ်သည်ဟု ကျွန် တော် ယုံကြည်သည်။ ကြီးကြီးငယ်ငယ် သူ့နည်းနဲ့သူ အသိအမှတ်ပြုခံချင်ကြသူချည်း ဖြစ်သည်။ အရုပ်ကလေးတစ်ရုပ်သည် ကလေးငယ်တစ်ယောက်၏ ဖြစ်တည်နေမှုကို အသိအမှတ်ပြုရာ ရောက်ပေလိမ့်မည်။ ထို့အပြင် ကလေး၏ ခဏတာပျော်ရွှင်ကျေနပ်မှုကို မလွဲမသွေရရှိလိမ့်မည်ဟု ယုံကြည်မိသည်။ ထိုအခိုက်အတန့်သည် ကျွန်တော်တို့အတွက်လည်း နှစ်သက်ကျေနပ် ပီတိဖြစ်စရာ ဖြစ်နေပေလိမ့်မည်။ ထိုအမွေးပွအရုပ်ကလေးများသည် ကလေးများကိုကိုယ်စားပြုသည်ဟု ဆိုလျှင် လည်းရသည်။

ထိုအရုပ် ထိုကလေးများကို မှန်ကန်ထဲတွင်မြင်ရသည့်အခါ သင် ဘာကိုတွေးမိမည်လဲ၊ သင်မည်သို့ခံစားရမည်လဲ။ ကလေးဘ၀ကို မြင်မလား၊အထီးကျန်မှုကို မြင်မလား၊ ဆန္ဒကို မြင်မလား၊ မှတ်ဉာဏ်ကို မြင်မလား၊သင့်ကိုယ်သင်မြင် မလား။ ကြေးမုံပြင်က အဖြေတစ်ခုတည်းကို ပေးမည်မဟုတ်။ ထိုသို့ ပေးမည့်အစား အသိပညာ၊အတွေ့အကြုံနှင့် အာရုံသိကြားတွင် ဟင်းလင်းနယ်တစ်ခု ဖန်တီးပေးမည်၊ ထိုအချက်သည်ပင် အနုပညာလက်ရာ၏ အစိတ်အပိုင်း ဖြစ်လာပါမည်။ ကြည့်သူ တစ်ယောက်ချင်းစီ မြင်ပုံချင်းကွဲနိုင်ပါသည်။ လက်ရာက အသိအမှတ်ပြုမှု မည်သို့ဖြစ်ပေါ်သလဲဆိုတာကို စူးစမ်းသည်။ အမှတ်သရုပ်ကို ဘယ်လိုထင်ဟပ်သလဲဆိုသည်ကို စူးစမ်းသည်၊ ထို့ပြင် သာမာန်ပစ္စည်းများပင်လျှင် ကျွန်တော်တို့၏ စိတ်ခံစားမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်တည်မှု၏ ကြေးမုံပြင်များအဖြစ် မည်သို့ပြောင်းလဲသွားသလဲ ဆိုသော အချက်ကိုလည်း စူးစမ်းခြင်းဖြစ်သည်။

THAW ZIN HLAING

SHARED PATHS, 2026
WOOD, ACRYLIC ON CANVAS
DIMENSIONS 5'X5'X5'

Though human beings travel life's journey together, every individual navigates this path within their own inner world in their own way. From birth until death, people ceaselessly search for happiness, success, peace, the meaning of life, and answers to unanswerable questions. On this uncertain journey, all of us are like players in a mysterious game. We roll the dice repeatedly. But no one knows in advance that it will land when it stops. The ability to understand another's feelings through empathy allows us to realize that although our paths differ, deep down we all share the same vulnerabilities, uncertainties, longings, and fears.

The white surface of the dice represents birth, innocence, and possibilities. Black represents death, mystery, and the unknown. Red symbolizes survival, longing, struggle, and human impact. Through doodle lines and these colors, the artwork illustrates how these elements move, cross, and intertwine alongside organic forms. It expresses the idea that while individual lives may seem separate, they are intimately interconnected.

Thus, "SHARED PATHS" is not about a single person's journey; it speaks to the shared human condition that we all face together. No matter how different our lives may appear, we are all walking together on one interconnected journey.

လူတွေဟာ ဘဝခရီးကို အတူတူလျှောက်နေကြပေမဲ့ လူတစ်ယောက်ချင်းစီဟာ ကိုယ့်ရဲ့ အတွင်းစိတ် ကမ္ဘာထဲမှာ ကိုယ့်နည်းနဲ့ကို ဒီခရီးကို ဖြတ်သန်းကြတယ်။ မွေးဖွားတာကစလို သေဆုံးတဲ့ အချိန်ထိ လူတွေဟာ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ ငြိမ်းချမ်းမှု၊ ဘဝရဲ့အဓိပ္ပာယ်နဲ့ အဖြေရှာလို့မရနိုင်တဲ့ မေးခွန်းတွေကို အတောမသတ် ရှာဖွေနေကြတယ်။ ဒီလို မသေချာမရေရာတဲ့ ဘဝခရီးမှာ ကျွန်မတို့ အားလုံးဟာ ထူးဆန်းတဲ့ဂိမ်းတစ်ခုထဲက ကစားသမားတွေ လိုပါပဲ။ အန်စာတုံးကို ထပ်ခါ
ထပ်ခါ လှိမ့်ကြ တယ်။ ဒါပေမယ့် ရပ်သွားတဲ့အခါ ဘယ်မျက်နှာပြင်ပေါ်လာမလဲဆိုတာ ဘယ်သူမှ ကြိုမသိနိုင်ပါဘူး။ သူတစ်ပါးရဲ့ခံစားချက်ကို ကိုယ်ချင်းစာ နားလည်ပေးနိုင်မှုကတော့ လူတစ်ယောက်နဲ့ တစ်ယောက် လမ်းတွေမတူသော်ငြား အတွင်းမှာတော့ ကျွန်မတို့အားလုံးဟာ အားနည်းမှု၊ မသေချာမှု၊ လိုချင်တောင့်တမှုနဲ့ ကြောက်ရွံ့မှုတွေကို တူတူမျှဝေနေကြတယ်ဆိုတာ နားလည်စေပါတယ်။

အန်စာတုံးရဲ့ အဖြူရောင်မျက်နှာပြင်က မွေးဖွားခြင်း၊ အပြစ်ကင်းစင်ခြင်းနဲ့ ဖြစ်နိုင်ခြေတွေကို ကိုယ်စားပြု ပါတယ်။ အနက်ရောင် က သေဆုံးခြင်း၊ လျှို့ဝှက်ဆန်းကြယ်မှုနဲ့ မသိနိုင်တဲ့အရာတွေကို ကိုယ်စားပြုပါတယ်။ အနီရောင် ကတော့ ရှင်သန်ရပ်တည်ရေး၊ လိုချင်တောင့်တမှု၊ ရုန်းကန်မှုနဲ့ လူသားတွေရဲ့ သက်ရောက်မှုကို ကိုယ်စားပြုပါတယ်။ **doodle** မျဉ်းကြောင်းတွေနဲ့ ဒီအရောင်တွေဟာ သဘာဝပုံစံတွေနဲ့အတူ ရွေ့လျား၊ ဖြတ်ကျော်၊ ရောယှက်သွားပုံကို ဖော်ပြထားပါတယ်။ လူတစ်ယောက်ချင်းစီရဲ့ဘဝတွေဟာ သီးခြားစီဖြစ်နေသလို ထင်ရပေမယ့် တကယ်တော့ တစ်ယောက်နဲ့ တစ်ယောက် ဆက်နွှယ်နေကြတယ်ဆိုတဲ့ သဘောကို ဖော်ပြချင်တာပါ။

ဒါကြောင့် ဝေမျှလမ်းတူ (SHARED PATHS) ဟာ လူတစ်ယောက်တည်းရဲ့ ဘဝခရီးအကြောင်းကို ပြောတာ မဟုတ်ပါဘူး။ လူတိုင်းအတူတူ ရင်ဆိုင်နေရတဲ့ လူသားဘဝရဲ့အခြေအနေ အကြောင်းကို ပြောတာပါ။ လူတစ်ယောက်နဲ့တစ်ယောက် ဘဝတွေ ဘယ်လောက်ပဲမတူကြပါစေ၊ အားလုံးဟာ တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေတဲ့ ဘဝခရီးတစ်ခုတည်းထဲမှာ အတူတူ လျှောက်နေကြတာပါ။

THET SU

WE CAN OVERCOME, 2026
MIXED MEDIA INSTALLATION (PYITTAINE DAUNGS)
DIMENSIONS 1'X 9" (10 PIECES)

The word empathy is woven into the daily lives of us Myanmar people. Especially during periods like this, filled with relentless challenges, empathetic understanding becomes even more vital for every one of us.

I have a deep interest and reverence for Myanmar's traditional culture and heritage. From what I have observed, during these difficult times, traditional Myanmar handicrafts are gradually fading into obscurity. Even more heartbreaking is, the simple lives of these artisans themselves are increasingly forgotten, pushed outside the realm of public attention. Through the art that I'm skilled in, I want to bring visibility to their lives and inspire a renewed appreciation for their craftsmanship.

To convey this, I have chosen to present the traditional Myanmar Pyit-Taing-Htaung (tumbling doll). For the people of Myanmar, this doll holds profound cultural significance. No matter how many times it is knocked down, it always stands back up—serving an auspicious symbol of resilience, good fortune, and prosperity.

Among these, what I would like to mainly present is Resilience. In these complex and trying times, the people of Myanmar are facing adversity and hardship from every side. No matter what challenges arise, we do not let our spirits collapse; we endure, stand resilient, and continue to strive, and this doll stands as a representation of that spirit.

By watching the Pyit-Taing-Htaung doll rise again every single time it is thrown down, I hope to bring this artwork to life to encourage ourselves—and to foster deeper empathy and understanding both within ourselves and toward one another.

Empathy ဆိုတဲ့ စကားလုံးဟာ ကျမတို့ မြန်မာလူမျိုးတွေအတွက် နေ့စဉ်ဘဝမှာ အမြဲလိုလို ပါဝင်နေပါတယ်။ အထူးသဖြင့် စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ဒီလိုကာလတွေမှာ စာနာနားလည်မှုဟာ ကျမတို့အားလုံးအတွက် ပိုလို့တောင် လိုအပ်လှပါတယ်။

ကျမဟာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနဲ့ အမွေအနှစ်တွေပေါ်မှာ အင်မတန် စိတ်ဝင်စားပြီး မြတ်မြတ်နိုးနိုး တန်ဖိုးထားသူတစ်ယောက်ပါ။ ကျမ သတိထားမိသလောက်တော့ ဒီလို ခက်ခဲတဲ့ ကာလတွေမှာ မြန်မာ့ရိုးရာ လက်မှုပညာအလုပ်တွေဟာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ဘဝကို ရောက်ရှိနေကြရပါတယ်။ ပိုလို့တောင် စိတ်မကောင်းစရာကောင်းတာက အဲဒီ လက်မှုပညာသည်တွေရဲ့ ရိုးရှင်းတဲ့ ဘဝနေထိုင်မှုတွေဟာလည်း လူတွေရဲ့ အာရုံစိုက်မှုပြင်ပမှာ ပိုပြီး မေ့ပျောက်ခံနေရတာပါပဲ။ သူတို့တွေရဲ့ ဘဝကို အများပြည်သူ သတိထားမိလာအောင်၊ သူတို့ရဲ့ လက်ရာတွေကို ပြန်လည် တန်ဖိုးထားလာအောင် ကျမ တတ်ကျွမ်းထားတဲ့ အနုပညာနဲ့ ဖန်တီးပုံဖော်ပြီး တင်ပြချင်တာ ဖြစ်ပါတယ်။

ဒီအတွက် ကျမ ရွေးချယ် တင်ပြမယ့် လက်ရာကတော့ မြန်မာ့ရိုးရာ "ပစ်တိုင်းထောင်" အရုပ်လေး ဖြစ်ပါတယ်။ ဒီအရုပ်လေးဟာ ကျမတို့ မြန်မာလူမျိုးတွေအတွက်တော့ ရိုးရာယဉ်ကျေးမှုအရ အဓိပ္ပါယ်အများကြီး လေးနက်စွာ ပါဝင်နေပါတယ်။ ဘယ်လိုပဲ ပစ်ချလိုက်ပါစေ မလဲကျဘဲ ပြန်ထောင်လာနိုင်တဲ့ ကြံ့ကြံ့ခံနိုင်မှု၊ ကံကောင်းစေခြင်းနဲ့ လာဘ်လာဘ ကောင်းမွန်စေခြင်း စတဲ့ မင်္ဂလာသင်္ကေတတွေ အများကြီး ရှိပါတယ်။

အဲဒီအထဲကမှ ကျမ အဓိက တင်ပြချင်တာကတော့ "ကြံ့ကြံ့ခံနိုင်ခြင်း" (Resilience) ပါပဲ။ ဒီလို ခက်ခဲနက်နဲတဲ့ ကာလတွေမှာ ကျမတို့ မြန်မာလူမျိုးတွေဟာ အခက်အခဲ၊ အကြပ်အတည်း အမျိုးမျိုးကို ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ ဘယ်လို စိန်ခေါ်မှုတွေပဲ ကြုံရပါစေ၊ ကျမတို့ မြန်မာလူမျိုးတွေဟာ စိတ်ဓာတ်လဲကျမသွားဘဲ ကြံ့ကြံ့ခံရင်း ဆက်လက် ကြိုးစားရုန်းကန်နေကြတာကို ဒီအရုပ်လေးနဲ့ ကိုယ်စားပြု တင်ပြထားတာ ဖြစ်ပါတယ်။

`ပစ်တိုင်းထောင်ရုပ်လေးကို လဲကျအောင် ပစ်လိုက်တိုင်း ပြန်ထောင်ထလာတာကို ကြည့်ရင်းနဲ့ မိမိကိုယ်ကို ပြန်လည် အားပေးဖို့၊ ကိုယ့်ကိုယ်ကိုရော အချင်းချင်းကိုပါ ပိုမို စာနာ နားလည်နိုင်ကြဖို့အတွက် ဒီအနုပညာဖန်တီးမှုကို အသက်သွင်း တင်ဆက်လိုက်ရခြင်း ဖြစ်ပါတယ်။

MYAT HTEIK TIN

THE WEB OF HEART, 2026
ACRYLIC ON CANVAS AND MIXED MEDIA
DIMENSIONS - 2'X 3' (2 PAINTINGS)

This piece is painted to express the artist's personal interpretation. The human figure adorned with blooming roses represents a society imbued with loving-kindness. The vibrant, fresh flower held in the right hand symbolizes the environment that should be viewed empathetically with sympathetic joy and the withered flower held in the left hand symbolizes those facing hardship whom we must empathetically support with compassion. Strings used in the painting will be hung down at the bottom of the painting, and the visitors (if they wish) may write their own thoughts on empathy on the pieces of paper provided and attach them to these strings. On the background of the painting, paper slips containing expressions of empathy will be pasted. These statements are intended to incorporate reflections on empathy shared by members of our team and partner organizations within the "Towards Empathy" initiative.

အနုပညာရှင်၏ အမိပ္ပာယ်ဖွင့်ဆိုချက်ပါအတိုင်း ဖော်ညွှန်းရေးဆွဲထားခြင်းဖြစ်သည်။ နှင်းဆီပန်းများ ပွင့်လန်း နေသော လူသားသည် မေတ္တာတရားဖြင့် ထုံမွမ်းနေသော လူဘောင်အဖွဲ့အစည်းကို ဖော်ညွှန်းပါသည်။ ညာဖက်လက်တွင် ကိုင်ထားသော လန်းဆန်းနေသည့် ပန်းတစ်ပွင့်သည် မုဒိတာစိတ်ဖြင့်ရှုမြင်စာနာရမည့် ပတ်ဝန်းကျင်ကို ရည်ညွှန်းပြီး ဘယ်ဘက်လက်ထဲရှိ ညှိုးနွမ်းနေသော ပန်းတစ်ပွင့်သည် ကရုဏာစိတ်ဖြင့် ကူညီစာနာရမည့် ခက်ခဲနေသူများကို ရည်ညွှန်းပါသည်။ ပန်းချီကားထဲတွင် အသုံးပြုထားသော ကြိုးများကို ပန်းချီကားအောက်ဘက်သို့ တန်းလန်းချထားမည်ဖြစ်ပြီး၊ လာ ရောက်ကြည့်ရှုသူများမှ (ဆန္ဒရှိပါက) အသင့် ပေးထားသော စက္ကူအပိုင်းအစများပေါ်တွင် စာနာစိတ်နှင့် ပတ်သက်သော မိမိတို့၏ အယူအဆများကို ရေးသား၍ ကြိုးတွင် ချိတ်ဆွဲနိုင်ပါသည်။ ပန်းချီကားထဲတွင် စာနာစိတ်နှင့်ပက်သက်သော စာသားများပါသည့် စာရွက်အပိုင်းအစအချို့ကို နောက်ခံ မျက်နှာပြင်တွင် ကပ်၍ထည့်သွင်းထားပါမည်။ အဆိုပါ စာသားများအတွက် “စာနာခြင်းတံတား” တွင်ပါဝင်သော မိမိတို့အဖွဲ့နှင့် အခြားအဖွဲ့များမှ စာနာစိတ်အပေါ် ၄င်းတို့၏ ဖော်ထုတ်ပြောဆိုချက်များကို ထည့်သွင်းမည်ဟု ရည်ရွယ်ထားပါသည်။

NAY MYO SET LU

TRACES.PLACES., 2026
POLAROID PHOTOGRAPHS, INSTALLATION
DIMENSIONS - 2'X2'

We live in a world obsessed with the face, the curated expression, the mask worn for society, the identity we actively present to the lens. But the face only tells the story we are expected to tell.

In traces.places., I turn away from this performance to look at what is left behind. This installation gathers a series of Polaroid photographs, each capturing a different individual from the exact same perspective: the back of the head, the curve of the neck, the quiet expanse of the upper back. Stripped of facial expressions and social cues, these figures are met in their most honest, unguarded states.

Arranged along a winding, dotted path within a precise 2'x2.5' space, these images map a collective journey. The dotted line acts as a constellation, tracing a lineage of souls across different geographies and moments. There is a deep, instinctual recognition in looking at the back of someone's head. It is how we spot a loved one in a moving crowd; it is an intimacy born of quiet familiarity, devoid of pretense.

By connecting these disparate individuals along a single, continuous trajectory, the work explores how our histories and inner landscapes intersect. We are all moving through different places, yet we leave behind the same human trace. traces.places. is an invitation to see people for who they truly are, not by what they show the world, but by the silent, soulful stories they carry when they think no one is looking.

မတူညီတဲ့ မျက်နှာများစွာရှိတဲ့ ကမ္ဘာကြီးထဲမှာ ကျနော်တို့ နေထိုင်ကြတယ်။ ကျနော်တို့ ဘယ်သူလဲဆိုတာကို သိရှိနိုင်ဖို့အတွက် ကျနော်တို့ ရရှိ တပ်ဆင်ထားတဲ့ မျက်နှာတွေလို့ ပြောနိုင်တယ်။ အဲဒီလို တိုက်ရိုက်မြင်ရတဲ့ သူတို့ မျက်နှာတွေကို ကြည့်ခြင်းအားဖြင့် သူတို့ဟာ ဘယ်သူလဲဆိုတာကို ကျနော်တို့ သိရှိကြရတယ်။ မှတ်မိနေတယ်။

"ခြေရာများ နေရာများ" ဟာ မျက်နှာကို တိုက်ရိုက် မမြင်ရတဲ့ နေရာကနေ လူတစ်ယောက်ကို ကြည့်ပြီး အခြား မြင်တွေ့နိုင်ချေ ရှိတာတွေကို လိုက်လံရှာဖွေတဲ့ လက်ရာတစ်ခု ဖြစ်ပါတယ်။ ကိုယ်နေဟန်အထား အမျိုးမျိုးနဲ့ လူတွေကို ကျောဘက်ကနေ Polaroid ကင်မရာနဲ့ ဓာတ်ပုံရိုက်ထားတယ်။ မျက်နှာဟာ အမူအရာတွေနဲ့ တွဲစပ်နေတာကြောင့် ကြည့်လိုက်ရုံနဲ့ အာရုံထဲမှာ ပိုပြီးရှုပ်ထွေးသွားတာ ဖြစ်ဖြစ်၊ ပိုပြီး စိတ်အေးသွားတာဖြစ်ဖြစ် ခံစားကြရတယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့ ကျောဘက် ဆိုတာက ဆန့်ကျင်ဘက် ဖြစ်ပြီး တိတ်တဆိတ် တည်ရှိနေတာကို တွေ့ရတယ်။

မျဉ်းတွေနဲ့အတူ နောက်ကျော ဓာတ်ပုံတွေကို နေရာချပြီး ဖန်တီးထားတဲ့ Photo Collage (၂ ပေ x ၂ ပေ) လက်ရာတစ်ခု ဖြစ်ပါတယ်။ နေရာအသီးသီးက ဖြစ်ပျက်ခဲ့မှုတွေမှာ ကိန်းအောင်းနေတဲ့ စိတ်ဝိညာဉ်တွေဟာ တစ်ခုနဲ့ တစ်ခု ချိတ်ဆက်နေတယ်ဆိုတာကို ခြေရာခံပြီး စူးစမ်းကြည့်ထားပါတယ်။ ဒါဟာ လူတစ်ယောက်ကို လူအုပ်ကြီးထဲမှာ နောက်ကျောကနေ ဖျတ်ခဲန မြင်လိုက်ရပေမယ့် ချက်ချင်း မှတ်မိနေတာမျိုး ဆန်တယ်။ ဒါဟာလည်း ကျနော်ကိုယ်တိုင် စွဲလန်းမိတဲ့ မှတ်မိနေခြင်း တစ်မျိုးပဲ ဖြစ်ပါတယ်။

တစ်စုံတစ်ဦးရဲ့ မှတ်ဉာဏ်ခရီးစဉ်မှာ ပါဝင်နေကြတဲ့ ဒီလို မတူညီတဲ့ လူတစ်ယောက်ချင်းစီရဲ့မထင်မရှားဆက်စပ်နေမှုတွေဟာ ကျနော်တို့တွေ တစ်ယောက်နဲ့ တစ်ယောက် နက်နက်ရှိုင်းရှိုင်းထိစပ်ပြီး ဖြစ်တည်နေကြတယ် ဆိုတာကို ဖော်ညွှန်းနေပါတယ်။ ကျွန်တော်တို့ဟာ ဦးတည်ရာ မတူကြသော်လည်း ခြေရာတွေ ချန်ခဲ့ကြတဲ့နေရာမှာတော့ တူနေကြတယ်။ "ခြေရာများ နေရာများ" ဟာ လူတွေနဲ့အတူတူ တည်ရှိရင်း ရုတ်တရက် ကိုယ်ဘယ်သူလဲဆိုတာကို ဖျတ်ခနဲ မှတ်မိသွားစေဖို့ ရေကြည်အေးနဲ့ တောက်လိုက်တဲ့ လက်ရာလေး တစ်ခုပဲ ဖြစ်ပါတယ်။

DO DO

CINDERELLA MOMENT, 2026
PAPER MACHE, CARDBOARD, BINDING WIRE
DIMENSIONS - 1.3'X5.3

As a storyteller, I often see moments in life through the lens of fairy tales. One moment I remember vividly felt like Cinderella.

On a rainy day, I was on my way to meet friends at an art gallery when one of my poorly glued shoes came apart, leaving me stranded near the gallery. There were no shops nearby. Soaked, stressed, and worried about missing my friends, I didn't know what to do.

Then a woman came to my rescue. She asked her partner to wait and took me by the hand, leading me to a shoe shop five blocks away. She helped me buy a new pair of shoes and discard my broken ones. I remember the warmth of her hand and the kindness of a stranger who had no reason to help me, but did.

That small, unexpected gesture made an ordinary day feel magical—a real Cinderella moment.

This artwork is a tribute to her kindness. Most of the shoes are made from cardboard, while others are transformed from old shoes into new forms. Among them is one special pair: the shoes she helped me buy that rainy day.

ကျွန်မသည် ပုံပြင်ပြောသူတစ်ဦးဖြစ်သောကြောင့် ပတ်ဝန်းကျင်ရှိ အရာရာကို ဒဏ္ဍာရီပုံပြင်သဖွယ် မြင်လေ့ရှိသည်။ စင်ဒရဲလားကဲ့သို့ ခံစားခဲ့ရသည့် အခိုက်အတန့်လေးတစ်ခုကို ကျမ ကောင်းကောင်းမှတ်မိနေပါသည်။

မိုးရွာသည့်နေ့တစ်နေ့တွင် သူငယ်ချင်းများနှင့်တွေ့ရန် အနုပညာပြခန်းသို့ သွားနေစဉ် သေချာကော်မကပ်ထားသည့် ကျွန်မ၏ဖိနပ်တစ်ဖက်မှာ ပျက်သွားခဲ့သဖြင့် ကျွန်မမှာ ပြခန်းသို့မရောက်မီ လမ်းပေါ်တွင် အားကိုးရာမဲ့ဖြစ်နေခဲ့ပါသည်။ အနီးအနားမှာလည်း ဆိုင်တွေ မရှိပါ။ မိုးစိုရွှဲနေသည့်အပြင် သူငယ်ချင်းများနှင့် မလွဲလို၍ စိုးရိမ်ပူပန်ကာ မည်သို့လုပ်ကိုင်ရမှန်းမသိ ဖြစ်နေခဲ့ပါသည်။

ထိုအချိန်တွင် အမျိုးသမီးတစ်ယောက်က ကျွန်မကို လာရောက်ကူညီပေးခဲ့သည်။ သူမ၏အဖော်ကို စောင့်နေရန်ပြောပြီး ကျွန်မ၏လက်ကိုဆွဲကာ ငါးဘလောက်အကွာတွင်ရှိသည့် ဖိနပ်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပေးခဲ့ပါသည်။ ကျွန်မ၏ဖိနပ်အပျက်ကိုလည်း စွန့်ပစ်ကာ ဖိနပ်အသစ်တစ်ရံ ဝယ်ပေးခဲ့သည်။ ကျွန်မကို အကြောင်းရင်းမရှိဘဲ ကူညီပေးခဲ့သည့် သူစိမ်းတစ်ယောက်၏ နွေးထွေးကြင်နာသည့်လက်များကို ကျွန်မ အခုထိ အမှတ်ရနေဆဲပါ။

မျှော်လင့်မထားသည့် ကူညီမှုလေးကြောင့် သာမန်နေ့တစ်နေ့ဟာ မှော်ဆန်စွာပဲ စင်ဒရဲလား ဇာတ်လမ်းထဲကလို အခိုက်အတန့်မျိုး ဖြစ်သွားခဲ့ပါသည်။

ဤလက်ရာသည် သူမ၏ကြင်နာနွေးထွေးမှုကို ဂုဏ်ပြုသည့်အနေဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ ဖိနပ်အများစုကို ကတ်ထူပြားများဖြင့် ပြုလုပ်ထားပြီး ဖိနပ်ဟောင်းများကိုလည်း ပုံစံအသစ်ပြင်၍ ချိတ်ဆွဲထားပါသည်။ ထိုဖိနပ်များထဲမှာ ထူးခြားသည့် ဖိနပ်တစ်ရံပါဝင်ပါသည်၊ ထိုဖိနပ်မှာ မိုးရွာသည့်နေ့က သူမ ကျွန်မကို ဝယ်ပေးခဲ့သည့် ဖိနပ်တစ်ရံပဲ ဖြစ်ပါသည်။

ELLIP

EMP_AH_TY, 2026
SINGLE-CHANNEL DIGITAL VIDEO (BLACK & WHITE, SOUND)
DURATION: 6 MINUTES (LOOPED)
WITH PERFORMING ART TAKES PLACE ON 16 OCTOBER 2026

This work is to attempt or raise a question - to heal through art using the concept of “human empathy”. Although our daily lives are filled with wounds and hardships, cold, hard barriers often persist between us. Only when we can look past that thin, fragile layer can we truly arrive at empathy.

In this artwork, you will see a blindfolded person chopping firewood with an axe and carrying out other tasks, and from there, my intention is to step into the perspective of that person who cannot see. That thin layer is precisely what separates you from me. Furthermore, you will be able to see and empathize with the precarious edge of danger he stands on, while simultaneously observing how the calm, steady rhythm of his daily life might subtly resist your urge to feel pity or empathy for him. Ultimately, the core of this artwork asks you to pierce through that thin layer of ego guarding your empathy, allowing you to reach out to me or to them.

ကျွန်တော့်ရဲ့ ဒီလက်ရာဟာ "လူသားချင်းစာနာမှု *(EMPATHY)*" ကို အနုပညာနဲ့ ကုသဖို့ ကြိုးစားမှုတစ်ခု ဒါမှမဟုတ် မေးခွန်းတစ်ခု ဖြစ်မှာပါ။ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေဟာ ဒဏ်ရာတွေ၊ အခက်အခဲတွေနဲ့ ပြည့်နှက်နေပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ကြားမှာတော့ အေးစက်မာကြောတဲ့ အတားအဆီးတွေ ခြားနေမြဲ ခြားနားနေတတ်တယ်။ အဲဒီအလွှာပါးပါးလေး တစ်ခုကို ကျော်လွန်ပြီး မြင်နိုင်မှသာ ကျွန်တော်တို့ စာနာမှုဆီကို ရောက်မှာပါ။

ဒီလက်ရာမှာတော့ အဝတ်စည်းထားတဲ့ လူတစ်ယောက် ပုဆိန်နဲ့ ထင်းခုတ်နေတာနဲ့ အခြားသူ့ရဲ့ လုပ်ဆောင်ချက်တွေကို မြင်ရမှာဖြစ်ပြီး၊ အဲဒီကနေတစ်ဆင့် ကျွန်တော်က အဲဒီ မျက်လုံးမမြင်တဲ့လူရဲ့ နေရာမှာ ဝင်ရောက်ခံစားကြည့်စေဖို့ ရည်ရွယ်ပါတယ်။ အဲဒီအလွှာပါးပါးလေးက ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ ခြားနားနေတဲ့ အရာပါပဲ။နောက်တစ်ခုကတော့ အဲဒီထဲကလူရဲ့ ထိခိုက်သွားနိုင်တဲ့ ခြောက်ကမ်းပါးစွန်းကို ခင်ဗျားတို့ မြင်တွေ့ စာနာနိုင်မှာဖြစ်ပြီး၊ တစ်ချိန်တည်းမှာပဲ သူ့ရဲ့ အေးဆေးတည်ငြိမ်တဲ့ သူ့နေ့စဉ်ဘဝ ဖြတ်သန်းမှုက ခင်ဗျားတို့ရဲ့ သူ့အပေါ် စာနာချင်စိတ်ကို အဟန့်အတား ဖြစ်နေစေမှာပါ။ ဒီအနုပညာလက်ရာရဲ့ အဓိကအရာကတော့ ခင်ဗျားကိုယ်တိုင် ခင်ဗျားတို့ရဲ့ စာနာမှုကို ကာထားတဲ့ အတ္တအလွှာပါးလေးကို ထွင်းဖောက်ပြီး ကျွန်တော့်ဆီ ဒါမှမဟုတ် သူတို့ဆီကို ရောက်နိုင်ဖို့ပါပဲ။

THYITAR

EMPATHY IS TRANSITION, 2026
PERFORMANCE WITH PVC CONDUIT PIPES
DIMENSIONS VARIABLE

The world today, marked by rapid technological, environmental, and political changes, feels like it is undergoing a profound shift while facing numerous challenges. I view this as a moment where people from all walks of life and diverse communities are pitching in, carrying their own weight to push collectively toward the vision of a better world. During such a period, only if there is harmony among those striving for this new world can the movement reach its goal more smoothly and quickly. To reach that better world smoothly and quickly through these trying times, empathy becomes a vital principle that everyone must hold onto, a belief that I am pushing as an artist from within society.

After constructing a building, when working for its lighting, PVC conduit pipes and connectors of different shapes are used as intermediaries to navigate height variations and twists and turns systematically. Drawing on this principle, I have used these materials as a metaphor; as we encounter twists, turns, and hardships on our journey toward a better world, empathy acts as the connector, enabling us to build a better future.

နည်းပညာ ၊သဘာဝပတ်ဝန်းကျင်၊နှင့် နိုင်ငံရေး အပြောင်းအလဲများလှတဲ့ ယနေ့ကမ္ဘာကြီးဟာစိန်ခေါ်မှုများစွာကိုရင်ဆိုင်ရင်း အရွေ့တစ်ခုကိုရွေ့နေတဲ့ကာလလို့ ခံစားရပါတယ်။ ပိုကောင်းတဲ့ကမ္ဘာသစ်တစ်ခုကို မြင်ယောင်ရင်းမတူညီတဲ့ အလွှာအသီးသီးလူ့အဖွဲ့အစည်းအသီးသီးကအရွေ့တစ်ခုကိုနိုင်ရာဝန်တွေကိုထမ်းရင်း ဝိုင်းတွန်းနေကြတဲ့ ကာလတစ်ခုလို့လည်းထင်မိပါတယ်။ ဒီလိုကာလမှာ တွန်းနေတဲ့သူတွေအချင်းချင်းကြား တနည်း ကမ္ဘာသစ်ကိုမြင်ယောင်ရင်းတွန်းနေတဲ့သူတွေကြား လိုက်လျောညီထွေဖြစ်မှသာ လွယ်ကူလျင်မြန်စွာနဲ့ အရွေ့တစ်ခုပြီးဆုံးပြီးမှာဖြစ်ပါတယ်။ ဒီလိုလွယ်ကူလျှင်မြန်စွာပြီးဆုံးပြီး ကမ္ဘာသစ်ဆီသို့ ရောက်ဖို့ကြားကာလမှာ ကိုယ်ချင်စာတရားဟာ လွန့်ကိုအရေးပါတဲ့ လူတိုင်းလက်ကိုင်ထားရမယ့် တရားတစ်ခုအဖြစ်တွန်းနေတဲ့ လူအဖွဲ့စည်းထဲကအနုပညာရှင် လူတစ်ယောက်ရဲ့ အတွေးတစ်ခုဖြစ်ပါတယ်။

အဆောက်အအုံတစ်ခု တည်ဆောက်ပြီးစီးတဲ့အချိန် အလင်းရောင်ရဖို့ မီးကြိုးတွေသွယ်တန်းကြတဲ့အခါအနိမ့်အမြင့်အကွေ့အကောက်တွေကို လိုက်လျောညီထွေရှိစွာ ဖြတ်သန်းနိုင်ဖို့ စနစ်တကျရှိဖို့ PVC condit Pipe တွေနှင့် ပုံစံမတူတဲ့ Connector တွေကို ကြားခံပြီး သွယ်တန်းကြပါတယ်။ ဒီသဘောတရားလိုပဲ ပိုကောင်းတဲ့ ကမ္ဘာသစ်တစ်ခုစီရောက်ဖို့ အခက်ခဲတွေအကွေ့ကောက်တွေနဲ့ ကြုံရတဲ့အခါ connector လို ကိုယ်ချင်းစာတရားလေးတွေ ကြားခံရင်းပိုကောင်းတဲ့ အခြေနေတစ်ခုကိုတည်ဆောက်ဖို့ သင်္ကေတအဖြစ် ဒီပစ္စည်းလေးတွေကိုအသုံးပြုခြင်းဖြစ်ပါတယ်။

SAI MOON

OVER THE GREEN, 2022
PERFORMANCE VIDEO
SINGLE-CHANNEL DIGITAL VIDEO (COLOR, SOUND)
DURATION: 5 MINUTES, 40 SECONDS (LOOPED)

1

Empathy begins with witnessing. It asks us to recognize the humanity of another person, even when their story is painful or difficult to confront. Through this performance, I invite the audience to pause, remember, and consider the value of a human life. Towards Empathy is not only a work about death. It is an attempt to return dignity to the dead, to hold space for those who remain, and to imagine a quiet place where memory can continue to exist.

စာနာနားလည်မှုသည် မြင်တွေ့ခြင်းမှ စတင်သည်။ မည်မျှပင် နာကျင်ဖွယ်ကောင်းသော အဖြစ်အပျက်ဖြစ်စေ၊ မည်မျှပင် မျက်နှာချင်းဆိုင်ကြည့်ရန် ခက်ခဲသော ဇာတ်လမ်းဖြစ်စေ အခြားသူတစ်ဦး၏ လူသားဆန်မှုကို အသိအမှတ်ပြုနိုင်ရန် လိုအပ်သည်။ ဤ **Performance** အားဖြင့် ကြည့်ရှုသူများကို ခဏရပ်တန့်စဉ်းစားရန်၊ သတိရရန်နှင့် လူ့အသက်တစ်ခု၏ တန်ဖိုးကို ပြန်လည်ဆင်ခြင်ကြည့်ရန် ဖိတ်ခေါ်လိုက်ပါသည်။

Towards Empathy သည် သေဆုံးခြင်းအကြောင်းကိုသာ ပြောဆိုသော လက်ရာတစ်ခုမဟုတ်ပါ။ ၎င်းသည် ကွယ်လွန်သွားသူများ၏ ဂုဏ်သိက္ခာကို ပြန်လည်အသက်သွင်းပေးရန်၊ ကျန်ရစ်သူများအတွက် နေရာတစ်ခု ဖန်တီးပေးရန်နှင့် မှတ်ဉာဏ်များ ဆက်လက်ရှင်သန်နိုင်မည့် တိတ်ဆိတ်သည့် နေရာတစ်ခုကို စိတ်ကူးကြည့်ရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည်။

THE LAST CUP OF TEA

60 MINUTES
DIRECTED AND WRITTEN BY JULIAN SAW

CURATORIAL NOTE

The Last Cup Of Tea film follows two parallel lives of Myanmar youths: one who leaves and one who stays. Separated by borders and radically different circumstances, each imagines the other as occupying the life they themselves have lost. Those who remain confront economic precarity and the disappearance of ordinary futures; those who leave encounter displacement, vanishing support systems, loneliness, and the impossibility of returning. Both become suspended in forms of limbo, bound by uncertainty, guilt and diminishing hope.

Music becomes a vital form of expression and connection for both sides. In The Last Cup of Tea song, two cups are prepared before one leaves: one to drink before departure, the other to drink upon returning. Two years later, the second cup remains untouched—a quiet measure of time, absence and suspended hope.

The film foregrounds when in extreme circumstances, the muscle of empathy can contract. We tend to empathise more readily with those we recognise as resembling ourselves, while difference can produce distance, misunderstanding, even contempt. Here, music becomes a means of rehumanising the other—not through agreement, but through recognising shared vulnerability.

The film suggests that empathy begins not with sameness, but with the difficult act of seeing another person's uncertainty, loss and longing as human as our own. **—SS**

ကျူရေတာမှတ်စု

နောက်ဆုံးလက်ဖက်ရည်တစ်ခွက် ရုပ်ရှင်ဟာ မြန်မာလူငယ်တွေရဲ့ အပြိုင်အဆိုင်ဖြစ်နေတဲ့ ဘဝနှစ်ခုကို လိုက်ပါရိုက် ကူးထားတယ် – တစ်ယောက်က ထွက်ခွာသွားပြီး၊ တစ်ယောက်က ကျန်ရစ်နေခဲ့တယ်။ နယ်နိမိတ်တွေနဲ့ အလွန်ကွာ ခြားလှတဲ့ အခြေအနေတွေက ခြားနားထားပေမယ့်၊ တစ်ယောက်နဲ့တစ်ယောက်ဟာ မိမိတို့ ဆုံးရှုံးခဲ့ရတဲ့ဘဝကို တခြား သူက ပိုင်ဆိုင်နေတယ်လို့ မြင်ယောင်နေကြတယ်။ ကျန်ရစ်ခဲ့သူဟာ စီးပွားရေးအရ မသေချာမရေရာမှုတွေနဲ့ သာမန် အနာဂတ်တွေ ပျောက်ကွယ်သွားတာကို ရင်ဆိုင်ရပြီး၊ ထွက်ခွာသွားသူကတော့ နေရာရွှေ့ပြောင်းရခြင်း၊ ပံ့ပိုးပေးတဲ့ စနစ်တွေ ပျောက်ကွယ်သွားခြင်း၊ အထီးကျန်ခြင်းနဲ့ ပြန်လာဖို့ မဖြစ်နိုင်တော့ခြင်းတွေကို ကြုံတွေ့နေရတယ်။ နှစ် ယောက်စလုံးဟာ မသေချာမရေရာခြင်း၊ အပြစ်ရှိတယ်လို့ ခံစားရခြင်းနဲ့ မျှော်လင့်ချက်တွေ တဖြည်းဖြည်းမှေးမှိန်လာ ခြင်းတွေနဲ့ နှောင်ဖွဲ့ခံထားရပြီး ဘယ်ရောက်နေမှန်းမသိတဲ့ အခြေအနေတစ်ခုမှာ ပိတ်မိနေကြတယ်။

တေးဂီတဟာ နှစ်ဖက်စလုံးအတွက် အဓိပ္ပာယ်ဖော်ပြခြင်းနဲ့ ချိတ်ဆက်ခြင်းတွေရဲ့ အသက်ဆက်ဖို့ အဓိကကျတဲ့ပုံစံ တစ်ခု ဖြစ်လာတယ်။ နောက်ဆုံးလက်ဖက်ရည်တစ်ခွက် သီချင်းထဲမှာ တစ်ယောက်မထွက်ခွာမီ ခွက်နှစ်ခွက်ကို ပြင်ဆင်ထားတယ် – တစ်ခွက်က ခရီးမထွက်မီ သောက်ဖို့ဖြစ်ပြီး၊ နောက်တစ်ခွက်ကတော့ ပြန်လာတဲ့အခါ သောက်ဖို့ ဖြစ်တယ်။ နှစ်နှစ်ကြာခဲ့ပေမယ့်၊ ဒုတိယခွက်ဟာ မထိရသေးဘဲ ရှိနေဆဲဖြစ်ပြီး – ၎င်းသည် အချိန်၊ မရှိတော့ခြင်းနဲ့ ရပ် တန့်နေတဲ့ မျှော်လင့်ချက်တွေရဲ့ တိတ်ဆိတ်တဲ့ တိုင်းတာမှုတစ်ခု ဖြစ်တယ်။

အစွန်းရောက်အခြေအနေတွေမှာ စာနာခြင်းရဲ့ခွန်အားဟာ ကျုံ့ဝင်သွားတတ်တာကို ရုပ်ရှင်က ရှေ့တန်းတင်ပြသထား တယ်။ ကျွန်ုပ်တို့သည် မိမိနဲ့တူညီတယ်လို့ သတ်မှတ်မိသူတွေကို ပိုမိုလွယ်ကူစွာ စာနာတတ်ကြပြီး၊ ကွဲပြားခြားနား မှုကတော့ အကွာအဝေး၊ နားလည်မှုလွဲမှားခြင်းနဲ့ ရွံရှာမုန်းတီးမှုကိုတောင် ဖြစ်ပေါ်စေနိုင်တယ်။ ဒီနေရာမှာ တေးဂီတ ဟာ တခြားသူကို လူသားတစ်ဦးအနေနဲ့ ပြန်လည်မြင်တွေ့စေတဲ့ နည်းလမ်းတစ်ခု ဖြစ်လာတယ် – သဘောတူညီခြင်း ကတစ်ဆင့် မဟုတ်ဘဲ အတူတကွ ခံစားရနိုင်တဲ့ အားနည်းချက်ကို အသိအမှတ်ပြုခြင်းဖြင့် ဖြစ်တယ်။

ကိုယ်ချင်းစာတရားဟာ တူညီမှုနဲ့ စတင်တာမဟုတ်ဘဲ တခြားလူတစ်ဦးရဲ့ မသေချာမရေရာမှု၊ ဆုံးရှုံးမှုနဲ့ တမ်းတမှုတွေ ကို ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်ကဲ့သို့ပင် လူသား ဆန်ဆန် မြင်တွေ့ရတဲ့ ခက်ခဲသောလုပ်ရပ်ကနေ စတင်တယ်လို့ ရုပ်ရှင်က အကြံပြုထားတယ်။ **—SS**

THE LAST CUP OF TEA

60 MINUTES
DIRECTED AND WRITTEN BY JULIAN SAW

SYNOPSIS

The Last Cup of Tea is a docufiction film by Julian Saw about leaving, belonging, and the distance between the lives we imagine and the lives we actually live.

Millions of people left Myanmar after 2021. Those who stayed watched others leave and imagined freedom. Those who left looked back home and imagined belonging. Both were wrong. Both were surviving.

Drawing from Saw's own story as an artist in Bangkok, broke and undocumented, the film follows a life built out of song and stubbornness. In this City of Escapes, everyone seems to be running from something, yet no one arrives anywhere.

Shot in parallel between Bangkok and Mandalay, the film unfolds in four acts: arrival, agony, collapse, and the slow return of creativity and empathy. Interviews, observed scenes, and philosophical text weave together around a song written across borders, in two rooms, through voice memos and compressed audio. Imperfect by design, because distance leaves its mark, and not everything can be made whole.

The Last Cup of Tea offers no resolution, only recognition: the person you thought had it easier was sitting in the dark, too, ordering a second cup of tea for someone who left, whose seat has been empty ever since.

နောက်ဆုံးလက်ဖက်ရည်တစ်ခွက်သည် စွန့်ခွာခြင်း၊ ပါဝင်ပတ်သက်သည်ဟုခံစားရခြင်းတို့အပြင် ကျွန်ုပ်တို့ စိတ်ကူးယဉ်ထားသော ဘဝများနှင့် လက်တွေ့ရှင်သန်နေရသည့် ဘဝများအကြားရှိ ကွာဟချက်များအကြောင်းကို **Julian Saw** ရိုက်ကူးတင်ဆက်ထားသည့် မှတ်တမ်းတင်ဇာတ်ကားတစ်ခု ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ လူသန်းပေါင်းများစွာ ထွက်ခွာသွားခဲ့ကြသည်။ ကျန်ရစ်ခဲ့သူများသည် ထွက်သွားကြသူများကို ငေးကြည့်ရင်း လွတ်လပ်မှုကို စိတ်ကူးယဉ်ခဲ့ကြသည်။ ထွက်ခွာသွားကြသူများကတော့ မိမိတို့၏ မူလအိမ်ကို ပြန်တွေးကြည့်ရင်း ပါဝင်ပတ်သက်သည်ဆိုသောခံစားချက်ကို စိတ်ကူးယဉ်ခဲ့ကြသည်။ နှစ်ဖက်စလုံး မှားယွင်းနေကြသည်။ နှစ်ဖက်စလုံး ရှင်သန်ရပ်တည်နေကြရခြင်းသာ ဖြစ်သည်။

ဘန်ကောက်မြို့တွင် ငွေကြေးပြတ်လပ်နေပြီး စာရွက်စာတမ်း အထောက်အထားမရှိသည့် အနုပညာရှင်တစ်ဦး အနေနှင့် **Saw** ၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဘဝဇာတ်ကြောင်းကို အခြေခံထားပြီး၊ ဤဇာတ်ကားသည် တေး သီချင်းနှင့် ခိုင်မာသည့်ဖွဲလုံ့လတို့ဖြင့် တည်ဆောက်ထားသော ဘဝတစ်ခုကို လိုက်လံပုံဖော်ထားပါသည်။ ဤ လွတ်မြောက်ရာမြို့တော်တွင် လူတိုင်းသည် တစ်စုံတစ်ရာမှ ထွက်ပြေးတိမ်းရှောင်နေကြပုံရသော်လည်း၊ မည်သူ ကမှ မည်သည့်နေရာကိုမှ ရောက်ရှိမသွားကြပါ။

ဘန်ကောက်မြို့နှင့် မန္တလေးမြို့တို့အကြား အပြိုင်ရိုက်ကူးထားသည့် ဤဇာတ်ကားသည် အခန်းလေးခန်းဖြင့် ဖြန့်ကျက်ပြသထားခြင်းဖြစ်ပြီး၊ ရောက်ရှိလာခြင်း၊ စိတ်ဝေဒနာခံစားရခြင်း၊ ပြိုလဲခြင်းနှင့် တီထွင်ဖန်တီးနိုင်စွမ်း နှင့်စာနာမှုတို့ နှေးကွေးစွာ ပြန်လည်ရောက်ရှိလာခြင်းတို့ ဖြစ်သည်။ အင်တာဗျူးများ၊ စောင့်ကြည့်ရိုက်ကူးထား သည့် ဇာတ်ကွက်များနှင့် ဒဿနအမြင်ရှိသည့်စာသားများသည် နယ်နိမိတ်များကို ကျော်လွန်ပြီး အခန်းနှစ်ခန်း အတွင်း အသံမှတ်စုများနှင့် ချုံ့ထားသည့်အသံဖိုင်များမှတစ်ဆင့် အချင်းချင်း ဖလှယ်ရေးစပ်ထားသည့် တေးသီချင်း တစ်ပုဒ်ထဲတွင် ရောနှောပေါင်းစပ်သွားကြသည်။ အကွာအဝေးက ၎င်း၏ အမှတ်အသားကို ချန်ထားခဲ့ပြီး အရာရာတိုင်းကို ပြန်လည်ပြည့်စုံအောင် မလုပ်ဆောင်နိုင်သောကြောင့် ဤဇာတ်ကားသည် တမင်တကာပင် မပြည့်စုံဘဲဖြစ်နေအောင် ဖန်တီးထားခြင်း ဖြစ်ပါသည်။

နောက်ဆုံးလက်ဖက်ရည်တစ်ခွက်သည် မည်သည့်ဖြေရှင်းမှုကိုမှ မပေးပါ၊ အသိအမှတ်ပြုမှုကိုသာ ပေးပါသည်၊ အခြေအနေသာသည်ဟု သင် ထင်ထားခဲ့သည့် ထိုလူသည်လည်း အမှောင်ထဲတွင် ထိုင်နေခဲ့ရပြီး၊ ထွက်သွားခဲ့ ပြီးဖြစ်ကာ ထိုင်ခုံလွတ်နေဆဲဖြစ်သူ တစ်ဦးဦးအတွက် ဒုတိယလက်ဖက်ရည်တစ်ခွက်ကို ထပ်မှာယူနေခဲ့ခြင်း ဖြစ်ပါ သည်။

THE LITTLE PANGOLIN GOES FOR A WALK IN DODO AND POPO'S STRAWBERRY FARM

THEE OO THAZIN AND THYNN LEI NWE

CURATORIAL NOTE

This children's book grew from the artists' lived experience of facilitating discussions and workshops with 22 women, using a paper hat as a symbolic form of protection—a small gesture that created enough safety to express vulnerability, fear, courage, and anger. These emotions were translated into words and transformed into a symbolic shield against physical and emotional danger. Through this process, connection and solidarity rippled through the group, creating a profound exchange of radical empathy—both given and received.

The artists transformed this experience into a gentle illustrated story following a young Sunda Pangolin through Myanmar's forests and riverbanks. Along the way, the pangolin encounters native endangered animals, each facing a moment of vulnerability that could cost them their lives. Rather than teaching pity, the story invites children to look closely and listen deeply—to recognise what is part of another being's nature and what is a temporary struggle requiring help.

Despite feeling insignificant and small, the pangolin learns to offer care through its own unique abilities. In doing so, it embodies the empathy the artists experienced themselves: that a small gesture of kindness can create connection, protect dignity, and make a difference, especially in times of extreme difficulty. **—SS**

ကျူရေတာမှတ်စု

ဒီကလေးရုပ်ပုံစာအုပ်ဟာ အမျိုးသမီး (၂၂) ဦးနဲ့အတူ ဆွေးနွေးပွဲတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ဦးဆောင်ပါဝင်ဖြည့်ဆည်းပေးခဲ့ကြတဲ့ အနုပညာရှင်တွေရဲ့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကနေ အစပြုပြီး ပေါ်ထွက်လာခြင်းဖြစ်ကာ၊ သူတို့သည် အားနွဲ့မှု၊ ကြောက်ရွံ့မှု၊ သတ္တိနဲ့ အမျက်ဒေါသတွေကို ဖော်ပြနိုင် လောက်တဲ့ လုံခြုံစိတ်ချရမှုအပြည့်အဝကို ဖန်တီးပေးတဲ့ သေးငယ်တဲ့အပြုအမူတစ်ခုအနေဖြင့် စက္ကူဦးထုပ်တစ်ခု ကို အကာအကွယ် သင်္ကေတပုံစံတစ်ခုအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ထိုစိတ်ခံစားချက်တွေကို စကားလုံးများ အဖြစ် ပြောင်းခဲ့ပြီး၊ ရုပ်ပိုင်းဆိုင်ရာနဲ့စိတ်ခံစားချက်ပိုင်းဆိုင်ရာ အန္တရာယ်တွေကို ဆန့်ကျင်တဲ့ သင်္ကေတဆန်တဲ့အကာအရံ တစ်ခုအဖြစ်သို့ ပြောင်းလဲဖန်တီးခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်က တစ်ဆင့် အချင်းချင်း ချိတ်ဆက်မှုနဲ့စည်းလုံးညီညွတ်မှု တွေဟာ အုပ်စုအတွင်း ပျံ့နှံ့သွားခဲ့ပြီး စာနာမှုကို ဆန်းသစ်နက်ရှိုင်းတဲ့ပုံစံနဲ့ အပြန်အလှန် ဖလှယ်ခဲ့ကြပါတယ်။

အနုပညာရှင်တွေဟာ ဒီအတွေ့အကြုံကို မြန်မာနိုင်ငံရဲ့ သစ်တောတွေနဲ့ မြစ်ကမ်းပါးတွေတစ်လျှောက်မှာ ခရီးနှင် နေတဲ့ သင်းခွေချပ်ငယ်တစ်ကောင်အကြောင်းကို နူးညံ့သိမ်မွေ့စွာ ရေးဖွဲ့ထားတဲ့ ရုပ်ပုံဇာတ်လမ်းစာအုပ်အဖြစ်သို့ ပြောင်းလဲဖန်တီးခဲ့ကြပါတယ်။ ခရီးလမ်းတစ်လျှောက်မှာ သင်းခွေချပ်ဟာ သူတို့ရဲ့အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံနေရပြီး အခက်အခဲအခိုက်အတန့်တွေနဲ့ ရင်ဆိုင်နေကြရတဲ့ မျိုးသုဉ်းဖို့အန္တရာယ်ရှိတဲ့ ဒေသရင်းတိရစ္ဆာန်တွေနဲ့ ကြုံတွေ့ရတယ်။ ဒီဇာတ်လမ်းဟာ ကရုဏာသက်တတ်ဖို့ သွန်သင်ပြသပေးတာ ထက် တစ်ပါးသူရဲ့ဘဝကို ဝင်ရောက်ခံစားတတ်ဖို့နဲ့၊ ခဏတာဒုက္ခရောက်နေတဲ့အချိန်မှာ အကူအညီလိုအပ်နိုင်တယ်ဆိုတာကို ဘာလဲဆိုတာကို ခွဲခြားသိမြင်တတ်ဖို့အတွက် အနီးကပ် စေ့စေ့ စပ်စပ် ကြည့်ရှုတတ်ဖို့နဲ့ နက်နက်ရှိုင်းရှိုင်း နားထောင်တတ်ဖို့လိုကြောင်း ကလေးတွေကို ပြောပြထားပါတယ်။

ဘယ်လောက်ပဲ အင်အားမရှိတဲ့၊ အရေးမပါတဲ့သူလို့ ခံစားရပါစေ၊ သင်းခွေချပ်ဟာ သူ့ရဲ့ကိုယ်ပိုင် ထူးခြားတဲ့ စွမ်းရည်တွေကတစ်ဆင့် ဂရုစိုက်စောင့်ရှောက်မှုကို ပေးအပ်တတ်လာဖို့ သင်ယူတတ်မြောက်သွားပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ၎င်းသည် အနုပညာရှင်တွေကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ စာနာမှုကို ပုံဖော်ပြသနေပါတယ်။ ဒီလိုမေတ္တာထားတဲ့ အကူအညီလေးတစ်ခုဟာ၊ အထူးသဖြင့် အလွန်အမင်း ခက်ခဲကြပ်တည်းချိန်တွေမှာ၊ အချင်းချင်းချိတ်ဆက်မှုကို ဖန်တီးပေးနိုင်ပြီး၊ လူ့ဂုဏ်သိက္ခာကို ကာကွယ်ပေးကာ၊ ထူးခြားသော ပြောင်းလဲမှုတစ်ခုကို ဖြစ်ပေါ်စေနိုင်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ **—SS**

THE LITTLE PANGOLIN GOES FOR A WALK IN DODO AND POPO'S STRAWBERRY FARM

THEE OO THAZIN AND THYNN LEI NWE

PROGRAMME DETAIL

Towards Empathy was a discussion-based project exploring understanding, care, and empathy across differences. Within the project, visual artists Thee Oo Thazin and Thynn Lei Nwe facilitated the Inclusion and Identity Circle, reflecting on identity, belonging, and inclusion in Myanmar's personal and social contexts.

Over five weeks, the circle became a trusting space for reflection and sharing lived experiences. Participants and facilitators found that empathy is not a distant ideal, but a daily practice rooted in listening, care, and shared humanity.

How do we practice deep empathy for others while protecting the sanctuary of our own souls? Drawing from the circle's shared reflections, the two artists created a parallel series of drawings that come together in a picture book for children. Meticulously crafted and finely printed, the book is a tangible expression of care for the community and an invitation to pause, reflect on our place in the world, and reconsider how we relate to one another. It also offers children an accessible way to discover, understand, and practise empathy in their everyday lives.

အစီအစဉ်အကြောင်း အသေးစိတ်

စာနာခြင်းတံတားသည် ကွဲပြားမှုများကြားတွင် နက်ရှိုင်းသော နားလည်မှု၊ ဂရုစိုက်စောင့်ရှောက်မှုနှင့် စာနာမှုကို ပျိုးထောင်ရန် ရည်ရွယ်၍ Goethe–Institut Myanmar မှ စတင်ဖော်ဆောင်ခဲ့သည့် ဆွေးနွေးမှုအခြေပြု စီမံကိန်းတစ်ခု ဖြစ်ပါသည်။ ဤစီမံကိန်းတွင် ပါဝင်အကျုံးဝင်မှုနှင့်ပင်ကိုလက္ခဏာဆိုင်ရာ အဝန်းအဝိုင်းအကြောင်းကို visual artists များဖြစ်ကြသော သည်းဦးသဇင်နှင့် သင်းလဲ့နွယ်တို့က ဦးဆောင်ပြီး ပါဝင်ဖြည့်ဆည်းပေးခဲ့ကြပါသည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ဆက်စပ်မှုများအတွင်း ပင်ကိုလက္ခဏာ၊ ပါဝင်ပတ်သက်မှုနှင့် ပါဝင်အကျုံးဝင်မှုတို့နှင့်စပ်လျဉ်းသည့် စာနာမှုကို အဓိကထား အာရုံစိုက်ခဲ့ကြပါသည်။

ငါးပတ်တာ ကာလအတွင်း ဤပါဝင်အကျုံးဝင်မှုနှင့်ပင်ကိုလက္ခဏာဆိုင်ရာ အဝန်းအဝိုင်းသည် အပြန်အလှန် ယုံကြည်မှုအပြည့်ရှိပြီး အမြင်များကို ပြန်လည်သုံးသပ်သည့် နေရာတစ်ခုအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပါသည်။ ဦးဆောင်ဆွေးနွေးသူများ၊ ပါဝင်သူများအနေနှင့် စာနာမှုဆိုသည်မှာ ဝေးကွာလှသည့် စံနမူနာတစ်ခု မဟုတ်ဘဲ နားထောင်ခြင်း၊ ဂရုစိုက်စောင့်ရှောက်ခြင်းနှင့် ဘုံလူ့အခွင့်အရေးတို့တွင် အမြစ်တွယ်နေသော နေ့စဉ် အလေ့အကျင့်တစ်ခုဖြစ်ကြောင်း ကောက်ချက်ချခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ကိုယ်ပိုင်စိတ်နှလုံးကို ကာကွယ်ရင်း အခြားသူများအတွက် နက်ရှိုင်းသောစာနာမှုကို မည်သို့ ကျင့်သုံးကြမည်နည်း။ ဆွေးနွေးမှုအဝန်းအဝိုင်းအတွင်း မျှဝေခဲ့ကြသည့် အတွေးအမြင်များမှ အစပြု၍ အနုပညာရှင်နှစ်ဦးက ပြိုင်တူရေးဆွဲခဲ့ကြသည့် ရုပ်ပုံစီးရီးတွဲများသည် ကလေးရုပ်ပုံစာအုပ်တစ်အုပ် ဖြစ်လာခဲ့သည်။ အနုပညာအမြင်နှင့် စာအုပ်ပုံနှိပ်ထုတ်ဝေမှု နှစ်ရပ်စလုံးတွင် စေ့စပ်သေချာမှုဖြင့် ဖန်တီးထားသော ဤလက်ရာသည် လူ့အသိုက်အဝန်းအပေါ်ထားရှိသော စာနာမှုကို လက်တွေ့မြင်သာစေသည့် ဖော်ပြချက် တစ်ခုဖြစ်သည့်အပြင် ခေတ္တရပ်နားရန်၊ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့၏ရပ်တည်မှုကို ပြန်လည် ဆန်းစစ်ရန်နှင့် တစ်ဦးနှင့်တစ်ဦးကြားက ပတ်သတ်မှုကို သိမ်သိမ်မွေ့မွေ့ ပြန်လည် တွေးတောရန် ဖိတ်ခေါ်ချက်တစ်ခု ဖြစ်ပါသည်။ ထို့ပြင် ကလေးများအနေဖြင့် စာနာမှုအလေ့အကျင့်ကို သဘာဝကျကျ လက်ခံကျင့်သုံးလာစေရန်နှင့် ရင်းနှီးလာစေရန်အတွက် ကိုးကားစရာတစ်ခုလည်း ဖြစ်ပါသည်။

WE ARE STILL HERE:

A PARTICIPATORY SONG OF EMPATHY, HEALING, AND SHARED HUMANITY

CURATORIAL NOTE

Listening as a Form of Empathy

If Echoes of Expression considers listening as a foundation for empathy, We Are Still Here explores what empathy might sound like when listening becomes a shared creative process.

Developed from reflections gathered through the TE-08 focus group discussions, the song brings together thoughts on empathy, healing, patience, connection, and the recognition of struggles that are not always visible. Rather than reproducing individual stories, these collective reflections are translated into sound, allowing spoken experiences to take another form.

Here, listening becomes more than hearing. It becomes a way of making space for another person's experience, while sound creates a space between speaking and understanding. Melody, voice, texture, and silence can hold what words cannot always articulate.

The accompanying youth workshop extends this exploration through listening, reflection, and collective sound-making. It does not add to the original song, but creates a parallel encounter with the same question: how can listening become a practice of empathy?

We Are Still Here offers a simple response: empathy may begin not with finding the right words, but with making enough space to hear what is already there. **–HO**

ကျူရေတာမှတ်စု

နားထောင်ခြင်းကို စာနာနားလည်မှုအဖြစ် လေ့ကျင့်ခြင်း

Echoes of Expression က နားထောင်ခြင်းကို စာနာနားလည်မှု၏ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် တင်ပြခဲ့မည်ဆိုလျှင်၊ We Are Still Here က ထိုနားထောင်မှုသည် လူအများပါဝင်သော ဖန်တီးမှုလုပ်ငန်းစဉ်တစ်ခု ဖြစ်လာသောအခါ စာနာနားလည်မှုသည် မည်သို့ အသံထွက်လာနိုင်မည်ကို စူးစမ်းလေ့လာထားသည်။

TE-08 Focus Group ဆွေးနွေးပွဲများအတွင်း မျှဝေခဲ့ကြသော အတွေးအမြင်များနှင့် ခံစားချက်များကို အခြေခံ၍ ဖန်တီးထားသည့် ဤသီချင်းတွင် စာနာနားလည်မှု၊ ကုစားခြင်း၊ စိတ်ရှည်မှု၊ အပြန်အလှန်ချိတ်ဆက်မှုနှင့် မျက်စိဖြင့် အမြဲမြင်နိုင်သည်မဟုတ်သော ရုန်းကန်မှုများကို နားလည်လက်ခံနိုင်ခြင်းစသည့် အကြောင်းအရာများ ပါဝင်သည်။

ဤသီချင်းသည် တစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဇာတ်လမ်းများကို တိုက်ရိုက်ပြန်လည်ဖော်ပြထားခြင်း မဟုတ်ပါ။ ထိုအစား မျှဝေထားသော အတွေးများနှင့် အတွေ့အကြုံများကို အသံနှင့် ဂီတအဖြစ် ပြန်လည်အသွင်ပြောင်းထားခြင်းဖြစ်ပြီး ပြောဆိုခဲ့သော အတွေ့အကြုံများကို အခြားသော ပုံစံတစ်မျိုးဖြင့် ဆက်လက်အသက်ဝင်စေထားသည်။

ဤနေရာတွင် နားထောင်ခြင်းသည် အသံကြားရုံမျှ မဟုတ်တော့ပါ။ အခြားသူတစ်ဦး၏ အတွေ့အကြုံအတွက် နေရာပေးနိုင်ခြင်း ဖြစ်လာသည်။ တစ်ဖက်တွင်လည်း အသံသည် ပြောဆိုမှုနှင့် နားလည်မှုအကြား တံတားတစ်စင်းကဲ့သို့ နေရာတစ်ခု ဖန်တီးပေးသည်။

တေးသံ၊ အသံ၊ အသံအရောင်အဝါများနှင့် တိတ်ဆိတ်ခြင်းတို့သည် စကားလုံးများဖြင့် အပြည့်အဝ မဖော်ပြနိုင်သည့် အရာများကိုပင် သယ်ဆောင်ထားနိုင်သည်။

အတူပါဝင်သည့် လူငယ် Workshop သည်လည်း နားထောင်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းနှင့် အတူတကွ အသံဖန်တီးခြင်းတို့မှတစ်ဆင့် ဤစူးစမ်းမှုကို ဆက်လက်ချဲ့ထွင်ထားသည်။ Workshop သည် မူလသီချင်းကို ထပ်မံဖြည့်စွက်ခြင်း မဟုတ်ဘဲ တူညီသော မေးခွန်းတစ်ခုကို ရှုထောင့်တစ်မျိုးဖြင့် ထပ်မံတွေ့ဆုံစေသည်။

"နားထောင်ခြင်းကို စာနာနားလည်မှု၏ လက်တွေ့အလေ့အကျင့်တစ်ရပ်အဖြစ် မည်သို့ ပြောင်းလဲနိုင်မည်နည်း"

We Are Still Here က ထိုမေးခွန်းအတွက် ရိုးရှင်းသော အဖြေတစ်ခုကို ပေးထားသည်။ စာနာနားလည်မှုသည် မှန်ကန်သော စကားလုံးများကို ရှာဖွေတွေ့ရှိခြင်းမှ စတင်ခြင်းမဟုတ်ဘဲ ရှိနေပြီးသား အသံများနှင့် အတွေ့အကြုံများကို အမှန်တကယ် ကြားနိုင်ရန် လုံလောက်သော နေရာတစ်ခု ဖန်တီးပေးခြင်းမှ စတင်ကောင်း စတင်နိုင်သည်။ **–HO**

WE ARE STILL HERE:

A PARTICIPATORY SONG OF EMPATHY, HEALING, AND SHARED HUMANITY

PROGRAMME DETAILS

We Are Still Here is a participatory, sound-based artwork emerging from the Towards Empathy project. It transforms reflections from focus group discussions into an original song exploring empathy, healing, shared humanity, and connection.

Participants explored empathy as both an innate human capacity and a quality nurtured through relationships, life experiences, family, and emotional growth. They reflected on the importance of recognizing others' visible and invisible struggles, and how patience, listening, understanding, and openness can strengthen relationships and foster healing.

Grounded in participants' lived experiences and collective insights, the song translates these reflections into sound rather than imposing an external narrative. Its warm, contemplative soundscape weaves together melody, ambient textures, vocals, and adapted spoken reflections.

The resulting work serves as a collective emotional archive of the participants' journey and a public expression of empathy, resilience, and shared humanity.

အစီအစဉ်အကြောင်း အသေးစိတ်

စာနာနားလည်မှု၊ ကုစားမှုနှင့် ကြင်နာမှုကို မျှဝေခံစားမည့် တေးသွား

We Are Still Here သည် စာနာခြင်းတံတားပရောဂျက်မှ ပေါက်ဖွားလာသော ပူးပေါင်းပါဝင်မှုအခြေပြု အသံအနုပညာလက်ရာတစ်ခုဖြစ်သည်။ Focus Group ဆွေးနွေးပွဲများမှ ပါဝင်သူများ၏ အတွေးအမြင်များ၊ ခံစားချက်များနှင့် အတွေ့အကြုံများကို အခြေခံကာ စာနာနားလည်မှု၊ ကုစားခြင်း၊ ကြင်နာမှုနှင့် အပြန်အလှန်ချိတ်ဆက်မှုတို့ကို ဖော်ပြသည့် မူရင်းသီချင်းတစ်ပုဒ်အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

ဆွေးနွေးမှုများအတွင်း ပါဝင်ခဲ့သူများက စာနာနားလည်မှုကို မွေးရာပါ သဘာဝစွမ်းရည်တစ်ခုအဖြစ်သာမက ဆက်ဆံရေးများ၊ ဘဝအတွေ့အကြုံများ၊ မိသားစုလွှမ်းမိုးမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုတို့မှတစ်ဆင့် ဖွံ့ဖြိုးလာနိုင်သော အရည်အသွေးတစ်ရပ်အဖြစ်ပါ လေ့လာခဲ့ကြသည်။

ထို့ပြင် လူတစ်ဦး၏ မြင်နိုင်သော အခက်အခဲများသာမက မမြင်နိုင်သော အတွင်းပိုင်းရုန်းကန်မှုများကိုပါ အသိအမှတ်ပြုရန် လိုအပ်ကြောင်း၊ စိတ်ရှည်ခြင်း၊ နားထောင်ပေးနိုင်ခြင်း၊ နားလည်ရန် ကြိုးစားခြင်းနှင့် ပွင့်လင်းမှုတို့က ဆက်ဆံရေးများကို ပိုမိုခိုင်မာစေပြီး ကုစားမှုဖြစ်စဉ်များကို အားပေးနိုင်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့ကြသည်။

ဤသီချင်းကို ထိုစုစည်းထားသော အတွေ့အကြုံများနှင့် မျှဝေထားသော နားလည်မှုများအပေါ် အခြေခံ၍ ဖန်တီးထားပြီး ပြင်ပမှ ဇာတ်ကြောင်းတစ်ခုကို သတ်မှတ်ပေးခြင်းမဟုတ်ဘဲ ဆွေးနွေးမှုများအတွင်း ပေါ်ထွက်လာသော စိတ်ခံစားချက်များနှင့် အမိပ္ပါယ်များကို အသံနှင့် ဂီတအဖြစ် ပြန်လည်ပုံဖော်ရန် ရည်ရွယ်ပါသည်။ စကားပြောမှတ်တမ်းအချို့ကို ပတ်ဝန်းကျင်အသံများ၊ တေးသွား၊ သီချင်းစာသားများနှင့် ပေါင်းစပ်ဖန်တီးထားပြီး စာနာမှု၊ တွေးတောဆင်ခြင်မှုများပါဝင်သည့် အသံရပ်ဝန်းတစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။ ရလဒ်အနေဖြင့် ဤလက်ရာသည် စာနာခြင်းတံတားခရီးစဉ်တွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ စုပေါင်းစိတ်ခံစားမှု မှတ်တမ်းတစ်ခုဖြစ်သလို စာနာနားလည်မှု၊ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်း၊ ကြင်နာမှုတို့ကို လူထုနှင့် မျှဝေဖော်ပြသည့် အနုပညာအသံတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

In Aestivation

GOETHE INSTITUT

FINDING HUMAN VALUE

ကိုယ်ချင်းစာကြ၊ ကမ္ဘာလှ

INLE TAI-TAE (LIVE POETIC EXCHANGE)
PHOTO ESSAY
ENVIRONMENTAL AND CULTURAL DOCUMENTARY
ORIGINAL MUSIC PERFORMANCE
PARTICIPATORY AWARENESS ROLE-PLAY
CARTOONS AND PAINTINGS
INSTALLATION ART
INLE TRADITIONAL CUISINE

CURATORIAL NOTE

The 2025 earthquake shook Inle Lake, killing hundreds and damaging thousands of homes. Yet the ground is not the only thing shifting. Climate change, environmental degradation, migration and foreign investment are transforming the region, while younger generations leave and traditions and livelihoods slowly disappear.

Entering the lake region, the pace seems to slow, carrying a strong sense of nostalgia. Here, nostalgia becomes a form of empathy: a way of returning to what has shaped a place and recognising what is at risk of disappearing.

Moving between analogy, satire, documentary, photography, music, installation art, performance and communal exchange, the works attend to the fragile connections between human and non-human life. Elders' oral histories recall fading traditions; images register changing landscapes; food and music reconnect people with place; and an installation draws parallels between invasive species, foreign investment and youth migration.

Rather than imposing a singular contemporary narrative, these works retain the region's own textures, rhythms and voices. Together, they listen to what remains, allowing memory not simply to preserve the past, but to become a form of care. **–SS**

ပြပွဲအကြောင်း မှတ်စု

၂၀၂၅ ခုနှစ် မြေငလျင်ကြီးဟာ အင်းလေးကန်ကို လှုပ်ခါခဲ့ပြီး လူပေါင်းရာနှင့်ချီ သေဆုံးကာ အိမ်ခြေထောင်ပေါင်း များစွာ ပျက်စီးခဲ့ရတယ်။ ဒါပေမယ့် ပြောင်းလဲသွားတာဟာ မြေပြင်တစ်ခုတည်းပဲ မဟုတ်ပါ။ ရာသီဥတုပြောင်းလဲခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ ဒေသကို ပြောင်းလဲပစ် နေကြပြီး လူငယ်မျိုးဆက်သစ်များ ထွက်ခွာသွားကြကာ သမိုင်းအစဉ်အလာတွေနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တွေမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြတယ်။

ကန်ရဲ့ဒေသထဲကို ဝင်ရောက်လာတာနဲ့ အရှိန်အဟုန်ဟာ နှေးကွေးသွားပုံရပြီး လွမ်းဆွတ်တမ်းတမှု အငွေ့အသက်ကို ပြင်းပြင်းထန်ထန် သယ်ဆောင်လာတယ်။ ဒီနေရာမှာ လွမ်းဆွတ်တမ်းတမှုဟာ စာနာမှုပုံစံတစ်မျိုး ဖြစ်လာတယ် – နေရာတစ်ခုကို ပုံဖော်ပေးခဲ့တဲ့အရာဆီသို့ ပြန်သွားခြင်းနဲ့ ပျောက်ကွယ်သွားဖို့ အန္တရာယ်ရှိနေတဲ့အရာကို အသိအမှတ် ပြုခြင်းတွေရဲ့ နည်းလမ်းတစ်ခု ဖြစ်လာတယ်။

ပုံဖြင့်နှိုင်းယှဉ်ချက်၊ သရော်စာ၊ မှတ်တမ်းရုပ်ရှင်၊ ဓာတ်ပုံပညာ၊ တေးဂီတ၊ ပါဖောင်းမန့်နဲ့ အသိုက်အဝန်းချင်း ဖလှယ်မှု တွေကြားမှာ ရွှေ့ပြောင်းလှုပ်ရှားရင်း၊ ဒီလက်ရာတွေဟာ လူသားနဲ့ လူသားမဟုတ်တဲ့သက်ရှိများကြားရှိ ကြေမွ လွယ်တဲ့ ချိတ်ဆက်မှုတွေကို ဂရုစိုက်ဖော်ပြကြတယ်။ လူကြီးသူမတွေရဲ့ နှုတ်ရာဇဝင်သက်သေခံချက်တွေဟာ မှေးမှိန် လာတဲ့အစဉ်အလာတွေကို ပြန်လည်ဖော်ထုတ်ပြီး ပြောပြကြတယ်၊ ပုံရိပ်တွေဟာ ပြောင်းလဲနေတဲ့ရှုခင်းတွေကို မှတ်တမ်းတင်ကြတယ်၊ အစားအစာနဲ့တေးဂီတက လူတွေကို နေရာဒေသနဲ့ ပြန်လည်ချိတ်ဆက်ပေးတယ်၊ ဒါ့အပြင် အင်စတော်လေးရှင်းတစ်ခုက ကျူးကျော်ဝင်ရောက်လာတဲ့သက်ရှိမျိုးစိတ်တွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ လူငယ်တွေ ရွှေ့ပြောင်းမှုတို့ကြားရှိ ဆက်စပ်မှုကို ထင်ဟပ်ပြသထားတယ်။

တစ်ခုတည်းသော ခေတ်ပြိုင်ဇာတ်ကြောင်းကို အတင်းအကျပ် ပုံသွင်းခြင်းထက် ဒီလက်ရာတွေဟာ ဒေသရဲ့ ကိုယ်ပိုင် အသွင်အပြင်တွေ၊ စည်းချက်တွေနဲ့ အသံတွေကို ထိန်းသိမ်းထားကြတယ်။ ၎င်းတို့သည် ကျန်ရှိနေသေးသည်များကို အတူတကွ နားထောင်ကြပြီး၊ မှတ်ဉာဏ်ကို အတိတ်ကိုထိန်းသိမ်းဖို့သက်သက်မဟုတ်ဘဲ ဂရုစိုက်စောင့်ရှောက်မှု ပုံစံတစ်မျိုး ဖြစ်လာစေဖို့ ခွင့်ပြုပေးကြတယ်။ **–SS**

PHYU MON

SONG FROM NATURE, 2020
PLANTS, COTTON, PAPER, CLOTHING
DIMENSIONS 25'X20'
PHOTO CREDIT: EUROPEAN UNION

1

Our world faces mounting ecological crises—pollution, global warming, deforestation, and the loss of biodiversity—closely linked to humanity's transformation of and intervention in the natural world. Song from Nature reflects on the need to reconsider our relationship with nature, not simply as a source of resources, but as a living system of which we are part.
The work invites viewers to pause and contemplate their connection to the landscape and their responsibility for its preservation. Inspired by the Myanmar classical song Courier Clouds（တိမ်တမန်) by U Hla Htut, in which clouds are called upon to bring gentle rain that restores coolness and peace, it translates this poetic longing into visual form.

Soft white forms evoke clouds, while green plants suggest renewal and life. Together, they create a visual meditation that carries the song's hope for a gentler future, asking how our actions might help make that future possible.

ကျွန်ုပ်တို့၏ ကမ္ဘာသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောပြုန်းတီးမှုနှင့် ဇီဝမျိုးစုံကွဲပြားမှု လျော့နည်းလာခြင်းစသည့် ဂေဟစနစ်ဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ **Song from Nature** သည် သဘာဝကို အရင်းအမြစ်တစ်ခုအဖြစ်သာ မမြင်ဘဲ ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်နေသော ရှင်သန်လှုပ်ရှားသည့် စနစ်တစ်ခုအဖြစ် ပြန်လည်စဉ်းစားကြည့်ရန် ဖိတ်ခေါ်ထားသည်။

ဤလက်ရာသည် ကြည့်ရှုသူများအား မိမိတို့နှင့် ပတ်ဝန်းကျင်အကြား ဆက်စပ်မှုကို ပြန်လည်သတိပြုမိစေရန်နှင့် ထိုပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့၌ရှိသည့် တာဝန်ကို ဆင်ခြင်စေလိုသည်။ ဦးလှထွဋ် ရေးစပ်ခဲ့သော မြန်မာ့ဂီတလက်ရာ တိမ်တမန်မှ စိတ်ကူးယူထားပြီး အေးချမ်းသာယာမှုကို ပြန်လည်ဆောင်ကြဉ်းပေးမည့် မိုးရေအေးအေးကို ခေါ်ငင်သော စိတ်ဆန္ဒကို ရုပ်မြင်အနုပညာအဖြစ် ပြန်လည်ဖော်ထုတ်ထားသည်။

အဖြူရောင် နူးညံ့သော ပုံသဏ္ဍာန်များသည် တိမ်များကို ကိုယ်စားပြုပြီး စိမ်းလန်းသော အပင်များသည် အသစ်ပြန်လည်ရှင်သန်မှုနှင့် မျှော်လင့်ချက်ကို ညွှန်းဆိုသည်။ ၎င်းတို့ ပေါင်းစည်းကာ ပိုမိုနူးညံ့သိမ်မွေ့သော အနာဂတ်တစ်ခုအတွက် မျှော်လင့်ချက်ကို သယ်ဆောင်ထားသည့် မြင်ကွင်းတစ်ခု ဖန်တီးပေးထားသည်။

SAI MOON

BANDAGE UMBRELLA, 2026
MIXED MEDIA
DIMENSIONS VARIABLE

COVERED WOUNDS, SHARED PROTECTION

An umbrella protects not only ourselves but also the person standing beside us. In this sense, the work shifts from individual resilience towards collective empathy.

The installation invites viewers to consider the wounds that often remain unseen. Behind every person may be a story of loss, rejection, failure, displacement, violence, loneliness, or other difficult experiences. We may never know what someone has endured, but we can choose to respond with understanding rather than judgment.

Covered Wounds, Shared Protection asks a simple question: Can empathy become an umbrella for someone trying to survive and heal? The work suggests that resilience grows when we do not have to heal alone. Sometimes, being seen, understood, and cared for is itself part of the healing.

စိုင်းမွန်း

ထီးတစ်လက်သည် မိမိကိုယ်ကိုသာမက မိမိဘေးတွင် ရပ်နေသူကိုပါ ကာကွယ်ပေးနိုင်ပါသည်။ ဤသဘောတရားအရ ဤအနုပညာလက်ရာသည် တစ်ဦးတစ်ယောက်ချင်း၏ ခံနိုင်ရည်ရှိမှုမှသည် အများအကျိုးအတွက် စာနာနားလည်ပေးခြင်းဆီသို့ အသွင်ကူးပြောင်းသွားခြင်းကို ဆိုလိုပါသည်။

ဤအနုပညာလက်ရာသည် မမြင်တွေ့ရသော ဒဏ်ရာများကို ဆင်ခြင်သုံးသပ်ကြည့်ရှုရန် ကြည့်ရှုသူများအား ဖိတ်ခေါ်ထားပါသည်။ လူတစ်ဦးချင်းစီ၏ နောက်ကွယ်တွင် ဆုံးရှုံးမှု၊ ငြင်းပယ်ခံရမှု၊ ကျရှုံးမှု၊ နေရပ်စွန့်ခွာရမှု၊ အကြမ်းဖက်ခံရမှု၊ အထီးကျန်ဆန်မှု သို့မဟုတ် အခြားသော ခက်ခဲကြမ်းတမ်းသည့် အတွေ့အကြုံများ ရှိနေနိုင်ပါသည်။ တစ်စုံတစ်ယောက်သည် မည်သည့်အရာများကို ကြုံကြုံခံကျော်ဖြတ်ခဲ့ရသည်ကို ကျွန်ုပ်တို့ မသိရှိနိုင်သော်လည်း၊ ၎င်းတို့အပေါ် ဝေဖန်ဆုံးဖြတ်မည့်အစား စာနာနားလည်မှုဖြင့် တုံ့ပြန်ဆက်ဆံရန် ရွေးချယ်နိုင်ပါသည်။

"Covered Wounds, Shared Protection" (ဖုံးအုပ်ထားသော ဒဏ်ရာများ၊ မျှဝေခံစားရသော ကာကွယ်စောင့်ရှောက်မှု) ဟူသည့် ဤလက်ရာက မေးခွန်းတစ်ခုကို ရိုးရှင်းစွာ မေးမြန်းထားပါသည် – "ဘဝကို ဆက်လက်ရှင်သန်ရန်နှင့် ဒဏ်ရာများကို ကုစားရန် ကြိုးစားနေသူတစ်ဦးအတွက် 'စာနာနားလည်မှု' ဆိုသည်မှာ ထီးတစ်လက်ကဲ့သို့ ကာကွယ်ပေးနိုင်ပါမည်လား။" တစ်ယောက်တည်း ကုစားစရာမလိုဘဲ အခြားသူများနှင့်အတူ ကုစားခွင့်ရသည့်အခါ ခံနိုင်ရည်စွမ်းအား ပိုမိုတိုးပွားလာနိုင်ကြောင်း ဤလက်ရာက မီးမောင်းထိုးပြထားပါသည်။ တစ်ခါတစ်ရံတွင် မိမိကို မြင်တွေ့သိရှိပေးခြင်း၊ နားလည်ပေးခြင်းနှင့် ဂရုစိုက်ပေးခြင်းတို့သည်ပင်လျှင် ကုစားခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေတတ်ပါသည်။

SAI MOON

SAMSARA / LIFE AND INNER PEACE, 2023
PARTICIPATORY INSTALLATION ART; MIXED MEDIA
DIMENSIONS VARIABLE

Where does my life begin and end?

Where does another person's life begin?

Are we really separate, or are we all part of the same cycle?

Samsara / Life and Inner Peace is not about finding a perfect result. It is about recognizing that every result is temporary and every arrangement eventually changes. Through participation, observation, and acceptance, the work suggests that inner peace may emerge not from controlling life, but from understanding and accepting its continuous cycle.

The work invites us to consider impermanence and our interconnectedness—to see that our lives are not isolated, but entangled within the same endless cycle of existence. Perhaps inner peace begins when we stop trying to control the outcome and learn to accept the constant movement of life.

ကျွန်ုပ်၏ဘဝသည် မည်သည့်နေရာတွင် စတင်ပြီး မည်သည့်နေရာတွင် အဆုံးသတ်ပါသနည်း။

အခြားသူတစ်ဦး၏ဘဝကော မည်သည့်နေရာတွင် စတင်ပါသနည်း။

ကျွန်ုပ်တို့သည် အမှန်တကယ်ပင် တစ်ဦးနှင့်တစ်ဦး သီးခြားစီဖြစ်နေကြပါသလော၊ သို့မဟုတ် တူညီသောသံသရာလည်ပတ်မှုကြီး၏ အစိတ်အပိုင်းများ ဖြစ်နေကြပါသလော။

'Samsara / Life and Inner Peace' (သံသရာ / ဘဝနှင့် စိတ်၏ငြိမ်းချမ်းမှု) ဟူသော ဤလက်ရာသည် ပြီးပြည့်စုံသော ရလဒ်တစ်ခုကို ရှာဖွေခြင်းအကြောင်း မဟုတ်ပါ။ ရလဒ်တိုင်းသည် ယာယီသာဖြစ်ပြီး အခြေအနေအကြောင်းတရားတိုင်းသည် နောက်ဆုံးတွင် ပြောင်းလဲသွားတတ်သည်ကို သဘောပေါက်နားလည်ခြင်းအကြောင်းသာ ဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် လက်ခံခြင်းတို့မှတစ်ဆင့်၊ စိတ်၏ငြိမ်းချမ်းမှုဆိုသည်မှာ ဘဝကို မိမိစိတ်ကြိုက် ထိန်းချုပ်ခြင်းမှ ရရှိလာသည်မဟုတ်ဘဲ ဘဝ၏ မရပ်မနားလည်ပတ်နေသော သံသရာသဘောသဘာဝကို နားလည်လက်ခံခြင်းမှသာ ပေါ်ပေါက်လာနိုင်ကြောင်း ဤလက်ရာက မီးမောင်းထိုးပြထားပါသည်။

ဤလက်ရာသည် ကျွန်ုပ်တို့အား မမြဲခြင်းသဘောတရားနှင့် တစ်ဦးနှင့်တစ်ဦး ဆက်စပ်နေမှုတို့ကို ဆင်ခြင်သုံးသပ်ကြည့်ရန် ဖိတ်ခေါ်ထားပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ဘဝများသည် သီးခြားကင်းကွာနေသည်မဟုတ်ဘဲ တူညီသော အဆုံးမရှိသည့် တည်ရှိမှုသံသရာကြီးထဲတွင် တစ်ခုနှင့်တစ်ခု ရောယှက်ဆက်နွယ်နေကြသည်ကို မြင်တွေ့လာစေရန် ဖြစ်ပါသည်။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ... ရလဒ်ကို ထိန်းချုပ်ရန် ကြိုးပမ်းအားထုတ်မှုများကို ရပ်တန့်လိုက်ပြီး ဘဝ၏ အစဉ်မပြတ် လည်ပတ်ပြောင်းလဲနေမှုကို လက်ခံတတ်လာသည့်အခါ၌ပင် စိတ်၏ငြိမ်းချမ်းမှုဟူသည် စတင်ဖြစ်ပေါ်လာနိုင်ပေလိမ့်မည်။

KO SO

GOLDEN APPLE SNAIL (GAS), 2026
MIXED MEDIA
DIMENSIONS VARIABLE (APPROX. 10'X10')

The multimedia installation GAS explores migration and displacement shaped by climate change, environmental shifts, and socio-political forces.

The exhibition prominently features the shells of the Golden Apple Snail, an invasive species that threatens local ecosystems. Combined with natural materials, textiles, and recycled objects, these shells evoke the abandoned memories of migrants and the silent endings of the ancestral lands they have left behind.

Just as the snails spread into new environments through forces beyond their control, people are increasingly forced to leave their homes because of natural disasters, environmental changes, and political circumstances. Without placing blame on either nature or humanity, GAS invites viewers to reflect on the pain and loss experienced by those caught in these transformations, and to awaken a deeper sense of empathy toward displaced lives.

GAS အင်စတောလေးရှင်း (Installation) သည် ရာသီဥတုဖေါက်ပြန်ပြောင်းလဲမှု၊ ခေတ်ရေစီးကြောင်း၊နိုင်ငံရေးနှင့် လူမှုစီးပွားရေး အပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသည့် ဒေသခံလူထု၏ ရွှေ့ပြောင်းနေထိုင်မှု (Migration) နှင့် ကျူးကျော်စိုးမိုးခံရမှု (Invasion) ဖြစ်စဉ်များကို မေးခွန်းထုတ်ထားသည့် အနုပညာဖန်တီးမှုဖြစ်ပါသည်။

ဤအနုပညာပြပွဲတွင် ဒေသခံဂေဟစနစ်ကို ထိခိုက်စေသည့် ကျူးကျော်မျိုးစိတ် ခရုနီ (Golden Apple Snail - GAS) အခွံများကို အဓိကအသုံးပြုထားပါသည်။ ၎င်းနှင့်အတူ သဘာဝပစ္စည်းများ၊ပိတ်စများနှင့် ပြန်လည်အသုံးပြုထားသည့် **Recycle** ပစ္စည်းများကို ပေါင်းစပ်ကာ၊ ရွှေ့ပြောင်းသွားကြသူများ၏ စွန့်ပစ်ခဲ့ရသော အမှတ်တရများနှင့် ကျန်ရစ်ခဲ့သည့် ဒေသခံရေမြေ၊ မိဘဘိုးဘွားတို့၏ သက်ရောက်ခံစားရမှုကို ရုပ်လုံးဖော်ထားပါသည်။

ခရုနီများသည် ၎င်းတို့၏ ဖြစ်တည်မှုအရ ကျူးကျော်သူများဖြစ်လာကြသကဲ့သို့၊ လူသားများသည်လည်း သဘာဝဘေးဒဏ်နှင့် နိုင်ငံရိုက်ခတ်မှုများကြောင့် မွေးရပ်မြေကို စွန့်ခွာကာ အသစ်သော ပတ်ဝန်းကျင်သို့ ရွှေ့ပြောင်းကြရပါသည်။ ကမ္ဘာမြေ နှင့် လူသားများအကြား မည်သူ့ကိုမျှ အပြစ်တင်ဝေဖန်ရန် မဟုတ်ဘဲ၊ ထိုသို့သော ပြောင်းလဲမှုများ၏ အလယ်တွင် ထိခိုက် ခံစားခဲ့ရသည့် အရာများ၏ နာကျင်မှုကို သတိပြုမိစေရန်နှင့် စာနာထောက်ထားမှုဆိုင်ရာ အတွေးအမြင်များကို ပြန်လည်နှိုးဆွပေးရန် ဖိတ်ခေါ်ထားခြင်းဖြစ်ပါသည်။

KO KYAW

WHEN THE LAKE CHANGES, SO DO WE, 2026
PRINTED PHOTO ESSAY
DIMENSIONS - 420 X 297MM (10 PCS) WITH FRAME

Inle Lake is more than a beautiful place. It is home. It is part of the people's lives, culture, memories, and livelihoods. For generations, people have fished, farmed, woven lotus fiber, and lived together with the lake. But today, the lake is changing. The water is becoming shallow and polluted. Fish are decreasing, waterways are narrowing, and natural life is being lost. Climate change, human activities, floods, and earthquakes have made life even harder for local communities. Yet, the story of Inle is not only a story of loss. It is also a story of courage and hope. Families rebuild, farmers plant again, young people clean the lake, and communities work together.

"When we care for the lake, we care for the people. When the lake changes, so do we."

အင်းလေးကန်သည် လှပသော ရေကန်တစ်ခုထက် ပိုပါသည်။ ၎င်းသည် နေအိမ်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းများ၏ ဘဝ၊ ယဉ်ကျေးမှု၊ အမှတ်တရများနှင့် အသက်မွေးဝမ်းကျောင်းမှုများ၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

မျိုးဆက်များစွာတစ်လျှောက် အင်းလေးကန်နှင့်အတူ လူများသည် ငါးဖမ်းခဲ့ကြသည်၊ စိုက်ပျိုးခဲ့ကြသည်၊ ကြာချည်ရက်လုပ်ခဲ့ကြသည်၊ ရေကန်နှင့် နီးကပ်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်။

သို့သော် ယနေ့တွင် အင်းလေးကန်သည် ပြောင်းလဲလျက်ရှိသည်။ ရေပြင်များ တိမ်ကောလာခြင်း၊ ညစ်ညမ်းလာခြင်း၊ ငါးအရေအတွက် လျော့နည်းလာခြင်း၊ ရေလမ်းကြောင်းများ ကျဉ်းမြောင်းလာခြင်းနှင့် သဘာဝဂေဟစနစ်များ ဆုတ်ယုတ်လာခြင်းတို့ကို တွေ့မြင်ရသည်။ ရာသီဥတုပြောင်းလဲမှု၊ လူသား လုပ်ဆောင်ချက်များ၊ ရေကြီးမှုများနှင့် ငလျင်များကလည်း ဒေသခံများ၏ ဘဝများကို ပိုမိုခက်ခဲစေခဲ့သည်။

သို့ရာတွင် အင်းလေး၏ ဇာတ်လမ်းသည် ဆုံးရှုံးမှုများအကြောင်းသာ မဟုတ်ပါ။ ၎င်းသည် ရှန်းကန်မှုကြားက မျှော်လင့်ချက်နှင့် သတ္တိ၏ ဇာတ်လမ်းလည်း ဖြစ်သည်။ မိသားစုများသည် ပြန်လည်တည်ဆောက်ကြသည်။ လယ်သမားများသည် ပြန်လည်စိုက်ပျိုးကြသည်။ လူငယ်များသည် ရေကန်ကို သန့်ရှင်းရေးလုပ်ကြသည်။ အသိုင်းအဝိုင်းများသည် အတူတကွ လက်တွဲဆောင်ရွက်ကြသည်။

"ရေကန်ကို ဂရုစိုက်ခြင်းသည် လူများကို ဂရုစိုက်ခြင်းပင် ဖြစ်သည်။ ရေကန်ပြောင်းလဲလာသောအခါ ကျွန်ုပ်တို့လည်း အတူပြောင်းလဲကြသည်။

EAIT HTOO

ARCHITECTURE OF NATURE SOUL
LYRICAL MUSIC VIDEO, 2026
MINUTES: 8 MINS, 17 SECS

It is an environmental song performed by five local artists and presented as a lyrics video. It is not a normal-style song because it includes many different timings, rhythms, and beats within one song, giving it a unique and interesting sound. The song encourages people to understand nature with empathy and care. It shows that nature is closely connected to our lives, culture, traditions, and future. The lyrics remind us to notice the beauty of trees, rivers, mountains, seasons, and other small things in nature that we often forget. It also reminds us of the wisdom and traditions passed down from older generations. Most importantly, the song encourages people to care for the environment and for one another. Through music, empathy, and love, it hopes to inspire positive environmental changes and shared responsibility for protecting nature

ဤလက်ရာသည် Fireflies Town Music Band နှင့် ဒေသခံအနုပညာရှင်များ၏ ပူးပေါင်းဖန်တီးမှုဖြင့် တင်ဆက်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ တေးသီချင်းတစ်ပုဒ် ဖြစ်ပြီး Lyrics Video အဖြစ် ပြသမည်ဖြစ်သည်။

သီချင်းသည် ပုံမှန်ဖွဲ့စည်းပုံများကို ကျော်လွန်၍ Timing၊ Rhythm နှင့် Beat အမျိုးမျိုးကို တေးတစ်ပုဒ်တည်းအတွင်း ပေါင်းစပ်ထားသောကြောင့် ထူးခြားသော အသံသွင်ပြင်ကို ပိုင်ဆိုင်ထားသည်။

သဘာဝတရားကို ဂရုစိုက်မှုနှင့် စာနာနားလည်မှုဖြင့် ကြည့်မြင်နိုင်ရန် သီချင်းက ဖိတ်ခေါ်ထားသည်။ သဘာဝသည် ကျွန်ုပ်တို့၏ ဘဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် အနာဂတ်တို့နှင့် အနီးကပ် ချိတ်ဆက်နေကြောင်းကိုလည်း သတိပေးထားသည်။

တေးစာသားများမှတစ်ဆင့် သစ်ပင်များ၊ မြစ်ချောင်းများ၊ တောင်တန်းများ၊ ရာသီဥတုများနှင့် နေ့စဉ်ဘဝတွင် မေ့လျော့နေတတ်သော သဘာဝ၏ အလှတရားများကို ပြန်လည်သတိပြုမိစေရန် ကြိုးပမ်းထားသည်။ ထို့အပြင် မျိုးဆက်အဆက်ဆက်မှ လက်ဆင့်ကမ်းလာသော ဉာဏ်ပညာများနှင့် ရိုးရာအသိပညာများကိုလည်း အမှတ်ရစေလိုသည်။

အရေးကြီးဆုံးမှာ ဤသီချင်းသည် ပတ်ဝန်းကျင်ကိုသာမက အချင်းချင်းကိုလည်း ပိုမိုဂရုစိုက်လာစေရန် တိုက်တွန်းထားသည်။ ဂီတ၊ စာနာနားလည်မှုနှင့် မေတ္တာတို့မှတစ်ဆင့် သဘာဝကို ထိန်းသိမ်းစောင့်ရှောက်ရန် စုပေါင်းတာဝန်ယူမှုနှင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို လှုံ့ဆော်ပေးနိုင်ရန် ရည်ရွယ်ထားသည်။

VIKHA
LAE LAE @ ARIA

A CRY FOR EMPATHY FROM THE INLE LAKE
DURATION: 8 MINUTES
DOCUMENTARY FILM (SINGLE CHANNEL VIDEO WITH SONG)

This documentary is a journey to understand the relationship between people, animals, and nature through the story of Inle Lake and its communities. In a rapidly developing world, material progress is important, but the development of empathy is equally necessary. By listening to the memories and experiences of older generations, we can learn how people in the past cared for one another, shared what they had, lived in harmony with nature, and used traditional ways to protect animals and the environment. At the same time, we will explore how conflict, natural disasters, poverty, pollution, and changing lifestyles are affecting Inle Lake and the living beings that depend on it. Through discussions and activities with children, we hope to help them recognize that the challenges faced by animals and nature in other regions can also happen in their own communities. Most importantly, this documentary aims to pass the values of empathy, care, cooperation, and traditional knowledge from one generation to the next, encouraging children to become responsible caretakers of Inle Lake and the natural world around them.

ဤ Documentary သည် အင်းလေးကန်နှင့် ၎င်း၏ လူမှုအသိုင်းအဝိုင်းများ၏ ဇာတ်လမ်းမှတစ်ဆင့် လူ၊ တိရစ္ဆာန်နှင့် သဘာဝတို့ကြားရှိ ဆက်နွယ်မှုကို နားလည်ရန် စူးစမ်းသော ခရီးစဉ်တစ်ခုဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားလာသော ကမ္ဘာတွင် ရုပ်ဝတ္ထုဆိုင်ရာ တိုးတက်မှုသည် အရေးကြီးသလို စာနာနားလည်နိုင်စွမ်း ဖွံ့ဖြိုးလာခြင်းလည်း အရေးကြီးသည်ဟု ဤလက်ရာက အလေးပေးထားသည်။ အသက်ကြီးမျိုးဆက်များ၏ အမှတ်တရများနှင့် ဘဝအတွေ့အကြုံများကို နားထောင်ရင်း ယခင်က လူတို့သည် အချင်းချင်း မည်သို့ ဂရုစိုက်ခဲ့ကြသလဲ၊ ရှိသမျှကို မည်သို့ မျှဝေခဲ့ကြသလဲ၊ သဘာဝနှင့် မည်သို့ လိုက်လျောညီထွေစွာ နေထိုင်ခဲ့ကြသလဲ၊ တိရစ္ဆာန်များနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် မည်သို့သော ရိုးရာနည်းလမ်းများကို အသုံးပြုခဲ့ကြသလဲ ဆိုသည်တို့ကို သိရှိနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ၊ ဆင်းရဲနွမ်းပါးမှု၊ ညစ်ညမ်းမှုနှင့် ဘဝပုံစံပြောင်းလဲမှုများသည် အင်းလေးကန်နှင့် ၎င်းအပေါ် မှီခိုနေသော သက်ရှိများအပေါ် မည်သို့ သက်ရောက်မှုရှိနေသည်ကို စူးစမ်းတင်ပြထားသည်။

ကလေးများနှင့် ပြုလုပ်မည့် ဆွေးနွေးမှုများနှင့် လှုပ်ရှားမှုများမှတစ်ဆင့် အခြားဒေသများတွင် သဘာဝနှင့် သတ္တဝါများ ကြုံတွေ့ရသော စိန်ခေါ်မှုများသည် ၎င်းတို့၏ ကိုယ်ပိုင်အသိုင်းအဝိုင်းများတွင်လည်း ဖြစ်ပေါ်နိုင်ကြောင်း သဘောပေါက်နားလည်လာရန် ရည်ရွယ်ထားသည်။ အရေးကြီးဆုံးမှာ ဤ Documentary သည် စာနာနားလည်မှု၊ ဂရုစိုက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရိုးရာအသိပညာတို့ကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းပေးရန်၊ ကလေးများအား အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင်၏ တာဝန်သိ စောင့်ရှောက်သူများအဖြစ် ကြီးထွားလာစေရန် အားပေးရန် ရည်ရွယ်ထားသည်။

MYO GYI (LOIKAW)

FINDING HUMAN VALUE, 2026
CARTOON AND ILLUSTRATION
WATER COLOUR ON PAPER
DIMENSIONS - 11" X 15", (3 PIECES) WITH FRAME
ACRYLIC ON CANVAS
DIMENSIONS - 18" X 24"

This series of cartoons responds to the environmental and cultural transformations taking place in the Inle region against the backdrop of a changing climate. Drawing from observations of everyday life, the artist uses the visual language of cartoons to capture scenes, experiences, and concerns connected to the lake and its surrounding communities.

The works reflect on changing weather patterns, shifting landscapes, and the gradual impact these changes have on local traditions and ways of life. Through accessible visual storytelling, the cartoons invite viewers to consider how environmental change is experienced not only through the natural world, but also through culture, memory, and community.

Created from the artist's personal observations and concern for the region, the series offers a thoughtful reflection on the relationship between people and place, highlighting both the challenges facing Inle today and the importance of caring for its future.

ဤကာတွန်းသရုပ်ဖော်ပုံများသည် ရာသီဥတုပြောင်းလဲမှုများ၏ သက်ရောက်မှုအောက်တွင် ပြောင်းလဲလျက်ရှိသော အင်းလေးဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဘဝကို ပြန်လည်ဆင်ခြင်ကြည့်ရှုထားသော လက်ရာများဖြစ်သည်။ အင်းလေးဒေသရှိ နေ့စဉ်ဘဝမြင်ကွင်းများ၊ လူမှုအသိုင်းအဝိုင်းများ၏ အတွေ့အကြုံများနှင့် ဒေသအပေါ် စိုးရိမ်ပူပန်မှုများကို အခြေခံ၍ အနုပညာရှင်က ကာတွန်းပုံရိပ်များမှတစ်ဆင့် ဖော်ထုတ်တင်ပြထားသည်။

လက်ရာများတွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုများသာမက ထိုပြောင်းလဲမှုများကြောင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ၏ နေထိုင်မှုပုံစံများ၊ ရိုးရာဓလေ့များနှင့် ဒေသဆိုင်ရာ မှတ်ဉာဏ်များအပေါ် တဖြည်းဖြည်း သက်ရောက်လာပုံကိုလည်း ထင်ဟပ်ဖော်ပြထားသည်။ ရိုးရှင်းပြီး နီးစပ်လွယ်သော ကာတွန်းဘာသာစကားမှတစ်ဆင့် သဘာဝ၊ ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းတို့၏ အပြန်အလှန်ဆက်နွယ်မှုကို ပြန်လည်စဉ်းစားစေသည်။

အင်းလေးဒေသအပေါ် အနုပညာရှင်၏ ကိုယ်ပိုင်အတွေ့အကြုံများ၊ သတိပြုမိမှုများနှင့် ဂရုတစိုက်စောင့်ကြည့်မှုများမှ ပေါက်ဖွားလာသော ဤလက်ရာစီးရီးသည် ပြောင်းလဲမှုများကြားက ဒေသ၏ စိန်ခေါ်မှုများကို မီးမောင်းထိုးပြရင်း အနာဂတ်အတွက် ဂရုစိုက်မှု၊ တာဝန်ယူမှုနှင့် မျှော်လင့်ချက်တို့၏ အရေးပါမှုကိုလည်း အလေးပေးဖော်ပြထားသည်။

ZANN HEINN @ ZEE

THINKING YARN
PARTICIPATORY AWARENESS ROLE-PLAY
DURATION: 30 MINS

This participatory artwork explores the interconnectedness of humans, nature, living beings, and the resources that sustain us. It invites participants to experience the ecosystem not simply as something around us, but as something of which we are an inseparable part.

Through interactive activities such as spider webs and yarn-ball passing, participants take on different roles within an ecosystem and physically experience how each part is connected to the others. A small movement, action, or loss within the web can affect the entire system, becoming a metaphor for the fragile balance of our natural world.

As human beings, we are part of nature, and every action we take can create consequences beyond what we immediately see. Deforestation, floods, droughts, pollution, and the depletion of natural resources are signs of ecosystems under pressure. When we exploit nature through greed and carelessness, we ultimately become victims of our own actions.

The artwork aims to cultivate awareness, empathy, and responsibility by encouraging participants to think beyond themselves and recognize their place within the larger web of life.

Change does not always begin with something enormous. Small actions can create larger consequences.

Start with awareness.
Start with empathy.
Start with one small step.

Because we are not separate from nature.
We are part of the web.

ZANN HEINN @ ZEE

THINKING YARN
PARTICIPATORY AWARENESS ROLE-PLAY
DURATION: 30 MINS

ဤပူးပေါင်းပါဝင်မှုအခြေပြု လက်ရာသည် လူသားများ၊ သဘာဝပတ်ဝန်းကျင်၊ သက်ရှိသတ္တဝါများနှင့် ၎င်းတို့အား ထောက်ပံ့ပေးနေသော အရင်းအမြစ်များကြားရှိ အပြန်အလှန်ဆက်စပ်မှုကို စူးစမ်းဖော်ထုတ်ထားသည်။ ဂေဟစနစ်ကို ကျွန်ုပ်တို့၏ ပြင်ပတွင်ရှိသော အရာတစ်ခုအဖြစ်သာမက ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်နေသော စနစ်တစ်ခုအဖြစ် တွေ့ကြုံနားလည်နိုင်ရန် ဖိတ်ခေါ်ထားသည်။

Spider Web နှင့် Yarn Ball Passing ကဲ့သို့သော အပြန်အလှန်ပါဝင်နိုင်သည့် လှုပ်ရှားမှုများမှတစ်ဆင့် ပါဝင်သူများသည် ဂေဟစနစ်အတွင်း မတူညီသော အခန်းကဏ္ဍများကို ယူဆောင်ကာ အစိတ်အပိုင်းတစ်ခုချင်းစီ၏ ချိတ်ဆက်ပုံများကို ကိုယ်တိုင်ခံစားရမည်ဖြစ်သည်။ ကွန်ရက်အတွင်း ဖြစ်ပေါ်သည့် သေးငယ်သော အပြောင်းအလဲ၊ လှုပ်ရှားမှု သို့မဟုတ် ဆုံးရှုံးမှုတစ်ခုသည် စနစ်တစ်ခုလုံးအပေါ် သက်ရောက်နိုင်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ သဘာဝကမ္ဘာကြီး၏ နူးညံ့ပြီး ထိခိုက်လွယ်သော ဟန်ချက်ညီမှုကို ကိုယ်စားပြုသော ဥပမာတစ်ခုလည်း ဖြစ်သည်။

ကျွန်ုပ်တို့လူသားများသည် သဘာဝတရား၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ပြုလုပ်သမျှ လုပ်ရပ်တိုင်းသည် မျက်မြင်မတွေ့နိုင်သေးသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။ သစ်တောပြုန်းတီးမှု၊ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သဘာဝအရင်းအမြစ်များ လျော့နည်းကုန်ခမ်းလာခြင်းတို့သည် ဂေဟစနစ်များ ဖိအားဒဏ်ခံနေရကြောင်း ပြသသည့် လက္ခဏာများဖြစ်သည်။ ကျွန်ုပ်တို့သည် လောဘနှင့် တာဝန်မဲ့ပေါ့ဆမှုတို့ဖြင့် သဘာဝတရားကို အလွန်အကျွံ အသုံးချဖျက်ဆီးမိပါက၊ နောက်ဆုံးတွင် မိမိတို့ ပြုလုပ်ခဲ့သော လုပ်ရပ်များ၏ အကျိုးဆက်ဒဏ်ကို ကိုယ်တိုင်ခံစားရသည့် သားကောင်များ ဖြစ်လာကြရသည်။

ဤလက်ရာသည် အသိအမြင်၊ စာနာနားလည်မှုနှင့် တာဝန်ယူမှုကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။ မိမိကိုယ်ကိုသာ မဟုတ်ဘဲ ပိုမိုကျယ်ပြန့်သော သက်ရှိကမ္ဘာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် စဉ်းစားနိုင်ရန် အားပေးထားသည်။

ပြောင်းလဲမှုကြီးများသည် အမြဲတမ်း ကြီးမားသောလုပ်ဆောင်ချက်များမှ စတင်လေ့မရှိပါ။ သေးငယ်သော ခြေလှမ်းများသည် အချိန်နှင့်အမျှ ထင်ရှားသော သက်ရောက်မှုများကို ဖန်တီးနိုင်သည်။

ဤလက်ရာက သင့်ကို ဖိတ်ခေါ်နေသည် –

အသိအမြင်မှ စတင်ပါ။
စာနာနားလည်မှုမှ စတင်ပါ။
သေးငယ်သော ခြေလှမ်းတစ်လှမ်းမှ စတင်ပါ။

အကြောင်းမှာ ကျွန်ုပ်တို့သည် သဘာဝနှင့် သီးခြားမဟုတ်ဘဲ ၎င်း၏ အစိတ်အပိုင်းတစ်ခုဖြစ်နေသောကြောင့် ဖြစ်သည်။

TOWARDS EMPATHY IN HERITAGE PRACTICE

EXHIBITION

CURATORIAL NOTE

'we shape our buildings and afterwards our buildings shape us.' —Winston Churchill

Architecture is a human-made environment which also, in return, shapes and frames human's ways of living, thinking, and practices. In Myanmar, architecture has been developed through the cultures transmitted across generations; some have disappeared, while some still weave quietly somewhere between peripheral spaces and ordinary life. Subconsciously rooted within, this trace becomes part of people's cultural spaces, carrying its values between those who live and have lived within them.

Through the distant perspective of artists who have migrated from Myanmar to Germany, alongside one who continues to live in Mandalay, architectural perspectives begin to deconstruct itself as a building, revealing connections of relationships, memories, identities, that are intertwined inside. They form an inner network associated with place, transforming architecture into a medium of memory in which carries cultural heritage along private dining tables, activities in temples, small Nat shrines, public shelters, and even the home-like surrounding ambience.

These works examine the relationships inside and outside architectural environments from a certain distance through the practices that allow artists to trace how spatial experiences have shaped their perceptions of spaces, regardless of the surroundings in which they subsequently find themselves. **—KS**

ပြပွဲအကြောင်း မှတ်စု

'ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ အဆောက်အဦးတွေကို ပုံဖော်ကြပြီး၊ နောက်ပိုင်းမှာ အဆောက်အဦးတွေက ကျွန်ုပ်တို့ကို ပြန်ပြီးပုံဖော်ကြတယ်။' —Winston Churchill

ဗိသုကာပညာဟာ လူသားတွေ ဖန်တီးထားတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်ပြီး၊ တစ်ဖန်ပြန်၍လည်း လူသားတွေရဲ့ နေထိုင်ပုံတွေ၊ စဉ်းစားပုံနဲ့ အလေ့အထပုံစံတွေကို ပုံဖော်ပေးပြီး ဘောင်ခတ်ပေးတယ်။ မြန်မာနိုင်ငံမှာ ဗိသုကာ ပညာဟာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကူးပြောင်းလာခဲ့တဲ့ ယဉ်ကျေးမှုတွေကတစ်ဆင့် ဖြစ်ပေါ်လာပြီး၊ တချို့က ပျောက်ကွယ်သွားကြသလို၊ တချို့ကတော့ အစွန်အဖျားနေရာတွေနဲ့သာမန်ဘဝတွေအကြား နေရာ တစ်နေရာမှာ တိတ်ဆိတ်စွာနဲ့ ဆက်လက်ယှက်နွယ်နေဆဲ ဖြစ်တယ်။ မသိစိတ်ထဲမှာ အမြစ်တွယ်နေပြီး၊ အဲဒီ အရာဟာ လူတွေရဲ့ ယဉ်ကျေးမှုဆိုင်ရာ နေရာတွေရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာကာ၊ သူတို့ထဲ နေထိုင်နေ တဲ့သူတွေနဲ့ နေထိုင်ခဲ့ကြဖူးသူတွေအကြား တန်ဖိုးတွေကို သယ်ဆောင်လာတယ်။

မြန်မာနိုင်ငံကနေ ဂျာမနီနိုင်ငံကို ပြောင်းရွှေ့သွားကြတဲ့ အနုပညာရှင်တွေရဲ့ ဝေးကွာတဲ့ရှုထောင့်နဲ့ မန္တလေးမြို့ မှာ ဆက်လက်နေထိုင်နေသူတစ်ဦးရဲ့ ရှုထောင့်တွေကတစ်ဆင့်၊ ဗိသုကာရှုထောင့်တွေဟာ အဆောက်အဦး တစ်ခုအနေနဲ့ မိမိကိုယ်မိမိ ခွဲခြမ်းဖြိုဖျက်ပြီး အတွင်းထဲမှာ ယှက်နွယ်နေတဲ့ ဆက်ဆံရေးတွေ၊ မှတ်ဉာဏ်တွေနဲ့ မည်သူမည်ဝါဖြစ်တယ်ဆိုတာတွေရဲ့ ချိတ်ဆက်မှုတွေကို ဖော်ပြပေးတယ်။ ၎င်းတို့သည် နေရာဒေသနဲ့ဆက်စပ် နေတဲ့ အတွင်းပိုင်းကွန်ရက်တစ်ခုကို ဖွဲ့စည်းပြီး၊ ကိုယ်ပိုင်ထမင်းစားစားပွဲတွေ၊ ဘုရားကျောင်းတွေထဲမှာ လုပ် တဲ့အလုပ်တွေ၊ နတ်နန်းငယ်တွေ၊ အများပြည်သူ ခိုလှုံရာနေရာတွေနဲ့ အိမ်နဲ့တူတဲ့ ပတ်ဝန်းကျင်အငွေ့အသက် တစ်လျှောက် ယဉ်ကျေးမှုအမွေအနှစ်တွေကို သယ်ဆောင်ပေးတဲ့ မှတ်ဉာဏ်ရဲ့ ကြားခံမီဒီယမ်တစ်ခုအနေနဲ့ ဗိသုကာပညာကို ပြောင်းလဲပေးတယ်။

နေရာတစ်ခုရဲ့ အတွေ့အကြုံတွေဟာ နောက်ပိုင်းမှာ ဘယ်လိုပတ်ဝန်းကျင်မျိုးမှာမဆို ရောက်ရှိနေစေကာမူ ၎င်းတို့ရဲ့ နေရာလပ်တွေအပေါ် အမြင်တွေကို ဘယ်လိုပုံဖော်ခဲ့သလဲဆိုတာကို ပြန်လည်ခြေရာခံနိုင်စေတဲ့ အလေ့အထတွေကတစ်ဆင့်၊ တချို့သော အကွာအဝေးတစ်ခုကနေပြီး ဗိသုကာပတ်ဝန်းကျင်တွေရဲ့ အတွင်း ပိုင်းနဲ့အပြင်ပိုင်း ဆက်ဆံရေးတွေကို ဒီလက်ရာတွေနဲ့ အနုပညာရှင်တွေက စူးစမ်းလေ့လာကြတယ်။ **—KS**

ANONYMOUS

EMPATHETIC HERITAGE, 2026
DIGITAL PRINT
420 X 297 MM

With this project, it is explored how the architectural and cultural heritage in Myanmar creates empathy by revealing interconnected histories, identities, and enabling engagement with the experiences of others. In this collage, architectural and cultural heritage with shared rituals and experience, interconnected histories and traditions, shared experiences of trauma, and withstanding are presented and tied together with a thread of thought to explore how heritage in Myanmar has significant potential to create empathy.

ဤပရောဂျက်မှတစ်ဆင့် မြန်မာနိုင်ငံရှိ ဗိသုကာအမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် အပြန်အလှန်ဆက်နွယ်နေသော သမိုင်းကြောင်းများ၊ ကိုယ်ပိုင်အမှတ်လက္ခဏာများကို ဖော်ထုတ်ပြသပေးခြင်းနှင့် အခြားသူများ၏ အတွေ့အကြုံများကို နားလည်ခံစားနိုင်ရန် အားပေးခြင်းအားဖြင့် စာနာနားလည်မှု (empathy) ကို မည်သို့ ဖန်တီးပေးနိုင်သည်ကို စူးစမ်းလေ့လာထားသည်။

ဤကော်လာ့ရှ် (collage) လက်ရာတွင် မျှဝေခံစားသော ဓလေ့ထုံးတမ်းများနှင့် အတွေ့အကြုံများ၊ အပြန်အလှန်ဆက်စပ်နေသော သမိုင်းကြောင်းများနှင့် အစဉ်အလာများ၊ မျှဝေခံစားခဲ့ရသော စိတ်ဒဏ်ရာများ၊ အခက်အခဲများကြားမှ ကြံ့ကြံ့ခံ ရပ်တည်နိုင်မှုတို့ကို ထင်ဟပ်စေသည့် ဗိသုကာနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို တင်ပြထားသည်။ ထိုအကြောင်းအရာများကို တွေးခေါ်မှု၏ ကြိုးမျှင်တစ်စင်းဖြင့် ဆက်စပ်ချိတ်ဆက်ကာ မြန်မာနိုင်ငံ၏ အမွေအနှစ်များသည် လူအချင်းချင်းကြား စာနာနားလည်မှုကို ဖြစ်ပေါ်စေရန် အလွန်အရေးပါသော အလားအလာများ ရှိကြောင်းကို စူးစမ်းဖော်ထုတ်ထားသည်။

ANONYMOUS

404 HOME NOT FOUND, 2025
SOUND AND TEXT INSTALLATION, SIZE VARIABLE
PHOTO CREDIT: KYI KYI KHAING KYAW, ANONYMOUS INTERVIEW



I never considered home as a place to cherish very dearly. Only when it is hard to revisit home again, I learned the nostalgia of being at home in a hard way.

My work is the questioning of how home is being looked for in every place, comparing new places to our once familiar surroundings, evoking all the senses and fond memories through the glasses of yearning, all because home is taken for granted.

အိမ်ကို အလွန်တန်ဖိုးထားရမယ့် နေရာတစ်ခုအနေနဲ့ ကျွန်တော် တစ်ခါမှ မတွေးခဲ့ပါ။ အိမ်ကိုပြန်သွားဖို့ မလွယ် တော့တဲ့အခါမှသာ အိမ်ကိုတမ်းတတဲ့စိတ်ဆိုတာကို ခက်ခဲတဲ့ နည်းလမ်းနဲ့ ကျွန်တော် သင်ယူခဲ့ရပါတယ်။

ကျွန်တော့်ရဲ့အနုပညာလက်ရာကတော့ အိမ်ဆိုတာကို နေရာတိုင်းမှာ ဘယ်လိုရှာရမယ်ဆိုတာ မေးခွန်းထုတ် ပြီး၊ နေရာအသစ်တွေကို ကျွန်တော်တို့ရင်းနှီးခဲ့တဲ့ ပတ်ဝန်းကျင်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တမ်းတခြင်းမျက်မှန် ကတစ်ဆင့် အာရုံတွေနဲ့ သံယောဇဉ်ရှိတဲ့ အမှတ်တရတွေကို နှိုးဆွပေးပါတယ်။ ဒါတွေအားလုံးဟာ အိမ်ကို မလိုလားအပ်ဘဲ အလွယ်ရတယ်လို့ သဘောထားခဲ့တဲ့အတွက်ကြောင့်ပါ။

ANONYMOUS

MOTHERS LEFT AT HOME, 2026
MIXED-MEDIA SPATIAL INSTALLATION: OBJECTS LEFT AT HOME, ELECTRICAL CABLES AND TEXT
DIMENSIONS VARIABLE

MOTHERS LEFT AT HOME explores how mothers experience the absence of their children and how everyday acts of care become ways of maintaining a sense of connection across distance. Beginning with conversations between the artist and her mother, the project reflects on the practice of preserving children's rooms exactly as they were left, keeping their belongings, objects, and familiar spaces unchanged. It asks whether these rooms preserve memories of the children, or whether they become a way of keeping their presence close.

Conversations with other mothers reveal shared experiences of longing, waiting, and uncertainty. The exhibition brings these personal experiences together through a spatial installation of black electrical cables, domestic objects as fragments of memory, and fragmented messages. The cables form a fragile network connecting people across distance, while also suggesting the vulnerability of communication and connection. Through objects, spaces, wires, and stories, the work transforms individual longing into a shared experience of care, resilience, and hope.

မိခင်များအနေဖြင့် သူတို့ရဲ့ သွေးသားရင်းချာ ကလေးငယ်များနဲ့ ကွဲကွာနေရတာကို ဘယ်လိုတွေ့ကြုံစားကြရ တယ်ဆိုတာနဲ့ နေ့စဉ်ဂရုစိုက်စောင့်ရှောက်မှု လုပ်ရပ်တွေက အကွာအဝေးကို ဘယ်လိုဖြတ်ကျော်ပြီး အချင်းချင်း ချိတ်ဆက်မှုရှိတဲ့ခံစားမှုမျိုးကို ထိန်းသိမ်းပေးတဲ့ နည်းလမ်းများဖြစ်လာကြတယ်ဆိုတာကို "အိမ်တွင်ကျန်ရစ်ခဲ့ သော မိခင်များ" က စူးစမ်းလေ့လာထားပါတယ်။ အနုပညာရှင်နဲ့ သူမရဲ့မိခင်တို့ကြား ပြောဆိုခဲ့တဲ့စကားတွေနဲ့ စတင်ခဲ့ပြီး၊ ကလေးတွေရဲ့ အခန်းတွေကို သူတို့ ထွက်ခွာသွားစဉ်က ထားရစ်ခဲ့တဲ့အတိုင်း ဆက်ထားပြီး၊ သူတို့ ပိုင်ဆိုင်တဲ့အရာတွေ၊ ပစ္စည်းတွေနဲ့ ရင်းနှီးတဲ့နေရာတွေကို အပြောင်းအလဲမလုပ်ဘဲ ထိန်းသိမ်းထားတဲ့ အလေ့အထကို ဒီအစီအစဉ်က ပြန်လည်စဉ်းစားသုံးသပ်ထားပါတယ်။ အဲဒီအခန်းတွေဟာ ကလေးတွေရဲ့ မှတ်ဉာဏ်တွေကို ထိန်းသိမ်းပေးထားတာလား၊ ဒါမှမဟုတ် သူတို့ အနားမှာရှိနေတယ်လို့ ခံစားနိုင်ဖို့ နည်းလမ်း တစ်ခုလားဆိုတာကို မေးခွန်းထုတ်တယ်။

တခြားမိခင်တွေနဲ့ စကားပြောကြည့်တဲ့အခါမှာ၊ လွမ်းဆွတ်တမ်းတရတာ၊ စောင့်ဆိုင်းရတာနဲ့ မရေရာမှုတွေရဲ့ ဘုံအတွေ့အကြုံတွေကို ပေါ်လွင်စေခဲ့တယ်။ ဒီပြပွဲဟာ လျှပ်စစ်ကေဘယ်ကြိုးအနက်ရောင်တွေနဲ့ ပြုလုပ်ထား တဲ့ spatial အင်စတော်လေးရှင်း၊ အမှတ်တရအပိုင်းအစတွေအဖြစ် အိမ်သုံးပစ္စည်းတွေနဲ့ သတင်းစကားအပိုင်း အစတွေမှတစ်ဆင့် အဲဒီကိုယ်ပိုင်အတွေ့အကြုံတွေကို ပေါင်းစပ်ပြီးတင်ပြထားတာ ဖြစ်ပါတယ်။ ကေဘယ် ကြိုးတွေဟာ အကွာအဝေးကို ကျော်လွန်ပြီး လူတွေကို ချိတ်ဆက်ပေးတဲ့ နူးညံ့ပြီးပျက်စီးလွယ်တဲ့ကွန်ရက် တစ်ခုကို ဖြစ်ပေါ်စေပြီး၊ တစ်ချိန်တည်းမှာ ဆက်သွယ်မှုနဲ့ချိတ်ဆက်မှုတို့ရဲ့ အားနည်းချက်ကိုလည်း ညွှန်ပြနေ ပါတယ်။ အရာဝတ္ထုတွေ၊ နေရာလပ်တွေ၊ ဝါယာကြိုးတွေနဲ့ ဇာတ်လမ်းတွေကတစ်ဆင့် ဒီအနုပညာလက်ရာ ဟာ တစ်ဦးချင်းစီရဲ့ လွမ်းဆွတ်တမ်းတမှုကို ဂရုစိုက်စောင့်ရှောက်မှု၊ ကြံ့ကြံ့ခံနိုင်မှုနဲ့ မျှော်လင့်ချက်တို့ဖြင့် ဖွဲ့စည်းထားတဲ့ ဘုံအတွေ့အကြုံတစ်ခုအဖြစ်သို့ ပြောင်းလဲပေးပါတယ်။

ANONYMOUS

MAPPING NAT SHRINE AS LIVING HERITAGE (2026)
MIXED MEDIA INSTALLATION
DIMENSIONS VARIABLE

Rooted in the early Bagan era, nat worship endures as a vital aspect of Myanmar's cultural fabric. Within the nat community, shrines and traditions (thamazin) serve as essential vehicles for passing down nat heritage. My ongoing project collaborates with Mandalay-based nat mediums to create a digital map of nat shrines and archive their living heritage. Throughout this project, I identified key rituals essential to transmitting this heritage, particularly a specific ceremony that bridges the nat spirit world and the nat medium. This installation physically illuminates one of the less commonly practiced forms of this sacred ceremony. As you engage with the sacred shrines and vital traditions of the nat
mediumship community, may this work spark deeper reflection on the intersection between empathy and nat heritage. Finally, I would like to express my deepest gratitude to senior nat medium Shwemyatnhar Ko Zaw Lay for his support throughout my curatorial journey.



အစောပိုင်း ပုဂံခေတ်မှာ မြစ်ဖျားခံခဲ့တဲ့ နတ်ကိုးကွယ်မှုဟာ မြန်မာ့ယဉ်ကျေးမှုဖွဲ့စည်းပုံရဲ့ အဓိကအစိတ်အပိုင်း တစ်ခုအနေနဲ့ ဆက်လက်တည်ရှိနေပါတယ်။ နတ်အသိုင်းအဝိုင်းအတွင်းမှာ နတ်နန်းတွေနဲ့ရိုးရာအစဉ်အလာ တွေဟာ နတ်အမွေအနှစ်တွေကို လက်ဆင့်ကမ်းရာမှာ မရှိမဖြစ် လိုအပ်တဲ့ ယာဉ်တွေအနေနဲ့ ဆောင်ရွက်ပေးပါ တယ်။ ကျွန်တော့်ရဲ့ လက်ရှိအစီအစဉ်ဟာ မန္တလေးအခြေစိုက် နတ်ကတော်တွေနဲ့ ပူးပေါင်းပြီး နတ်နန်းတွေရဲ့ ဒစ်ဂျစ်တယ်မြေပုံကို ဖန်တီးဖို့နဲ့ သူတို့ရဲ့ ရှင်သန်ဆဲ အမွေအနှစ်တွေကို မှတ်တမ်းတင်ဖို့ ဖြစ်ပါတယ်။ ဒီအစီအစဉ်တစ်လျှောက်လုံးမှာ ဒီအမွေအနှစ်ကို လက်ဆင့်ကမ်းဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အဓိကကျတဲ့ ရိုးရာဓလေ့တွေ ဖော်ထုတ်နိုင်ခဲ့ပြီး၊ အထူးသဖြင့် နတ်ဝိညာဉ်လောကနဲ့ နတ်ကတော်ကို ပေါင်းကူးပေးတဲ့ သီးသန့် အခမ်းအနားတစ်ခု ပါဝင်တယ်။ ဒီအင်စတော်လေးရှင်းဟာ လုပ်လေ့သိပ်မရှိတဲ့ ဒီမြင့်မြတ်တဲ့ အခမ်းအနားတစ်ခုကို ဒြပ်ရှိအသွင်နဲ့ လင်းလက်စေပါတယ်။ နတ်ကတော်အသိုင်းအဝိုင်းရဲ့ မြင့်မြတ်တဲ့နတ်နန်း တွေနဲ့ အရေးပါတဲ့ရိုးရာအစဉ်အလာတွေကို လေ့လာရင်း၊ ဒီအနုပညာလက်ရာဟာ စာနာမှုနဲ့ နတ်အမွေအနှစ် တို့ရဲ့ ပေါင်းစုံရာကို ပိုမိုနက်ရှိုင်းစွာ ပြန်လည်သုံးသပ်ဆင်ခြင်နိုင်ဖို့ လှုံ့ဆော်ပေးပါစေ။ နောက်ဆုံးအနေနဲ့၊ ကျွန်တော့်ရဲ့ ပြပွဲစီစဉ်မှုခရီးစဉ်တစ်လျှောက် ကူညီပံ့ပိုးပေးခဲ့တဲ့ စီနီယာ နတ်ကတော် ရွှေမျက်နှာ ကိုဇော်လေး ကို အလိုက်လှဲဆုံး ကျေးဇူးတင်ပါတယ်။

ANONYMOUS

A SANCTUARY OF EMPATHY, 2026
WOOD, ACRYLIC PAINT, CHALK, SOUND INSTALLATION
DIMENSIONS VARIABLE



The artwork aims to highlight the role of community based alternative learning spaces and how they have been and continue to be places which embodies empathy and empathetic heritage. They are a significant part of the country's education system and exists in beyond physical monumentality and manifests as an intangible heritage of Myanmar.

ဒီအနုပညာလက်ရာဟာ ရပ်ရွာအခြေပြု အခြားရွေးချယ်စရာ သင်ယူရာနေရာတွေရဲ့ အခန်းကဏ္ဍကို မီးမောင်း ထိုးပြဖို့နဲ့ ၎င်းတို့သည် စာနာမှုနဲ့ စာနာတတ်သော အမွေအနှစ်တို့ကို ဘယ်လိုကိုယ်စားပြုနေခဲ့ကြတယ်၊ ယခုတိုင်လည်း ဘယ်လို ဆက်လက်တည်ရှိနေဆဲဖြစ်တယ်ဆိုတာကို ဖော်ပြဖို့ ရည်ရွယ်ပါတယ်။ ၎င်းတို့သည် နိုင်ငံရဲ့ ပညာရေးစနစ်မှာ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ကြပြီး ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံကြီး တွေထက် ကျော်လွန်ပြီး မြန်မာနိုင်ငံရဲ့ ရုပ်ဝတ္ထုမဟုတ်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေဖြင့် တည်ရှိ နေကြပါတယ်။

ANONYMOUS

ACTS OF EMPATHY: LIVING HERITAGE IN MYANMAR, 2025
SERIES OF DIGITAL LINE DRAWINGS AND TEXT PRINT ON PAPER
SIZE 16.5 × 23.4 IN

In Myanmar, empathy shapes heritage even when it is never named as such. I understand heritage not as a static object but as something sustained through everyday acts of care, adjustment, and coexistence between people, space, materials, and time.

This series of six drawings traces that idea through ordinary moments: a monk sweeping a pagoda platform for people he will never meet; people resting together in shared shade, unclaimed by anyone; a community-built zayat sheltering any traveler; villagers filling a water shelf daily so strangers can drink for free; children playing freely within sacred grounds, inheriting belonging rather than restriction; and a monastic school where learning itself becomes an act of communal care.

Together, these sketches propose that Myanmar heritage survives not through preservation that freezes it in time but through continuous, humble, often anonymous acts of empathy repeated across generations.

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် “စာနာနားလည်မှု”ကို အမွေအနှစ်တစ်ခုဟု မသတ်မှတ်ကြသော်လည်း အမွေအနှစ်များတွင် စာနာနားလည်မှုသဘောတရားများ ကိန်းအောင်းလျက်ရှိသည်။ကျွန်မအနေ နဲ့ အမွေအနှစ်ကို ငြိမ်သက်နေတဲ့ အရာဝတ္ထုတစ်ခုလို့ မမြင်ဘဲ၊ လူတွေ၊ နေရာ၊ ပစ္စည်းတွေနဲ့ အချိန်တို့ကြားမှာရှိတဲ့ နေ့စဉ်ဂရုစိုက်မှု၊ ညှိနှိုင်းမှုနဲ့ ယှဉ်တွဲနေထိုင်မှု ဆောင်ရွက်ချက်တွေကတစ်ဆင့် ဆက်လက်ရှင်သန်နေတဲ့ အရာတစ်ခုအနေနဲ့ နားလည်ထားပါတယ်။

ဒီဆွဲထားတဲ့ပုံ ခြောက်ပုံတွဲဟာ အဲဒီစိတ်ကူးကို သာမန်အခိုက်အတန့်တွေကတစ်ဆင့် ဖော်ထုတ်ထားတာ ဖြစ်ပါတယ် – ဘယ်တော့မှ ဆုံတွေ့မှာ မဟုတ်တဲ့သူတွေအတွက် စေတီရင်ပြင်ကို တံမြက်စည်းလှည်းပေး နေတဲ့ ရဟန်းတစ်ပါး၊ ဘယ်သူမှ မပိုင်ဆိုင်တဲ့အရိပ်ထဲမှာ အတူတကွ အနားယူနေကြသူတွေ၊ ခရီးသွားတိုင်းကို ခိုလှုံခွင့်ပေးထားတဲ့ ရပ်ရွာလူထု ဆောက်လုပ်ထားတဲ့ ဇရပ်၊ လူစိမ်းတွေ အခမဲ့သောက်နိုင်ဖို့ ရေအိုးစင်မှာ နေ့စဉ် ရေဖြည့်ပေးနေကြတဲ့ ရွာသူရွာသားတွေ၊ ကန့်သတ်ချုပ်ချယ်မှုထက် ပိုင်ဆိုင်မှုကို အမွေဆက်ခံရင်း မြင့်မြတ်တဲ့မြေနေရာတွေမှာ လွတ်လပ်စွာ ဆော့ကစားနေကြတဲ့ ကလေးတွေနဲ့၊ သင်ယူခြင်းဟာ စုပေါင်းဂရု စိုက်မှုလုပ်ရပ်တစ်ခု ဖြစ်လာတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း။

အားလုံးပေါင်းလိုက်တဲ့အခါမှာ၊ မြန်မာ့အမွေအနှစ်ဟာ အချိန်နဲ့အညီ ရပ်တန့်သွားစေတဲ့ ထိန်းသိမ်းမှုက တစ်ဆင့် မဟုတ်ဘဲ၊ မျိုးဆက်များစွာ ဖြတ်သန်းပြီး ထပ်မံပြုလုပ်ခဲ့ကြတဲ့ စဉ်ဆက်မပြတ်၊ နှိမ့်ချတဲ့၊ များသော အားဖြင့် အမည်မသိ စာနာမှုလုပ်ရပ်တွေကတစ်ဆင့် ရှင်သန်ကျန်ရစ်နေတာကို အဲဒီကောက်ကြောင်းပုံတွေက တင်ပြထားတာဖြစ်တယ်။

BEING ALTRUISTIC, REACHING EMPATHY (BARE 5)

MA THIDA, KHIN THANDAR, MYP,
SABAL PHYU NU, MYO MYINT NYEIN

CURATORIAL NOTE

This group of writers examines empathy not simply as an innate human capacity, but as something that can be shaped, exploited, divided and withheld. Through essays and poetry, they consider how compassion becomes one-sided or self-serving when it encounters difference, ideology and the boundaries of belonging.

The writings point to the uncomfortable possibility that empathy does not always connect—especially under conditions of profound suffering. When violence, displacement, uncertainty and loss have become part of everyday life, political narratives, polarisation and fragmented information can shape who we see as deserving of empathy and who becomes "the other." We are more readily drawn to those we recognise as our own, while those positioned as different become easier to dismiss, fear or dehumanise. The writings ask what it takes to resist these imposed divisions and recognise the humanity of others without requiring sameness.

The reading club extends this inquiry into practice. Against the speed and fragmentation of social media, it creates a slower space to read, listen, question and remain with perspectives that may not align with our own. Rather than prescribing empathy as a virtue, it asks whether empathy can be deliberately practised—and what it takes to keep the capacity to connect open. **—SS**

ကျူရေတာမှတ်စု

ဒီစာရေးဆရာအုပ်စုဟာ စာနာခြင်းကို လူသားတွေရဲ့ မွေးရာပါစွမ်းရည်တစ်ခုသက်သက်အနေနဲ့ မဟုတ်ဘဲ၊ ပုံဖော်ခံရ နိုင်တဲ့အရာ၊ အမြတ်ထုတ်ခံရနိုင်တဲ့အရာ၊ ပိုင်းခြားခြင်းခံရနိုင်တဲ့အရာနဲ့ ချန်လှပ်ခံရနိုင်တဲ့အရာတစ်အနေနဲ့ ဆန်းစစ် ကြတယ်။ အက်ဆေးတွေနဲ့ကဗျာတွေကတစ်ဆင့် ၎င်းတို့က ကွဲပြားခြားနားမှု၊ အယူဝါဒနှင့် ပိုင်ဆိုင်မှု နယ်နိမိတ်တွေ နဲ့ ရင်ဆိုင်ရတဲ့အခါ ကရုဏာတရားဟာ ဘယ်လို တစ်ဖက်သတ်ဆန်သွားတတ်တယ်၊ သို့မဟုတ် မိမိအကျိုးအတွက်သာ ဖြစ်သွားတတ်တယ်ဆိုတာကို ဆင်ခြင်သုံးသပ်ကြတယ်။

ဒီအရေးအသားတွေက စာနာခြင်းဟာ – အထူးသဖြင့် ပြင်းထန်တဲ့ ဆင်းရဲဒုက္ခအခြေအနေတွေအောက်မှာ – အမြဲတမ်း ချိတ်ဆက်ပေးနိုင်မှာမဟုတ်ဆိုတဲ့ သက်သောင့်သက်သာမရှိတဲ့ ဖြစ်နိုင်ခြေကို ညွှန်ပြနေတယ်။ အကြမ်းဖက်မှု၊ နေရာ ရွှေ့ပြောင်းရခြင်း၊ မသေချာမရေရာမှုနဲ့ ဆုံးရှုံးမှုတွေဟာ နေ့စဉ်ဘဝရဲ့ အစိတ်အပိုင်း ဖြစ်လာတဲ့အခါ နိုင်ငံရေး ဇာတ်ကြောင်းတွေ၊ အစွန်းနှစ်ဖက်ကို ခွဲထွက်သွားခြင်းနဲ့ အပိုင်းပိုင်းကွဲနေတဲ့အချက်အလက်တွေဟာ မည်သူက ကိုယ်ချင်းစာခံထိုက်ပြီး မည်သူက "အခြားသူ" ဖြစ်လာတယ်ဆိုတာကို ပုံဖော်ပေးနိုင်တယ်။ ကျွန်ုပ်တို့သည် မိမိတို့နဲ့ တူတယ်လို့ သတိပြုမိသူတွေဆီကို ပိုမိုလွယ်ကူစွာ ဆွဲဆောင်ခံကြရပြီး၊ ကွဲပြားခြားနားသူတွေအဖြစ် သတ်မှတ်ခံရသူ တွေကတော့ ပယ်ချခံရဖို့၊ ကြောက်ရွံ့ခံရဖို့၊ သို့မဟုတ် လူသားဆန်မှုကင်းမဲ့သူအဖြစ် ရှုမြင်ခံရဖို့ ပိုမိုလွယ်ကူလာကြ တယ်။ ဒီအတင်းအကျပ် ဖန်တီးထားတဲ့ ကွဲပြားမှုတွေကို တွန်းလှန်ဖို့နဲ့ တခြားသူတွေရဲ့လူသားဆန်မှုကို တူညီမှုရှိဖို့ မတောင်းဆိုဘဲ အသိအမှတ်ပြုပေးဖို့ ဘယ်အရာတွေ လိုအပ်သလဲဆိုတာကို ဒီအရေးအသားတွေက မေးခွန်းထုတ် ထားတယ်။

စာဖတ်ဝိုင်းဟာ ဒီစူးစမ်းဆန်းစစ်မှုကို လက်တွေ့လုပ်ဆောင်မှုအထိ တိုးချဲ့လုပ်ဆောင်တယ်။ ဆိုရှယ်မီဒီယာရဲ့ အရှိန် အဟုန်နဲ့ အပိုင်းပိုင်းကွဲပြားနေမှုကို ဆန့်ကျင် လျက်၊ ၎င်းသည် ကျွန်ုပ်တို့ရဲ့အမြင်တွေနဲ့ ကိုက်ညီမှုရှိချင်မှရှိမယ့်အမြင် တွေနဲ့အတူ ဖတ်ရှုဖို့၊ နားထောင်ဖို့၊ မေးခွန်းထုတ်ဖို့နဲ့ ဆက်လက်ရှိနေဖို့ ပိုမို ဖြည်းညှင်းစွာသွားတဲ့နေရာတစ်ခုကို ဖန်တီး ပေးတယ်။ စာနာခြင်းကို ကုထုံးကောင်းတစ်ခုအနေနဲ့ ကြိုတင်ညွှန်ပြခြင်းထက်၊ စာနာခြင်းကို ရည်ရွယ်ချက်ရှိရှိနဲ့ လက်တွေ့ကျင့်သုံးနိုင်ခြင်းရှိမရှိနဲ့၊ ချိတ်ဆက်နိုင်တဲ့စွမ်းရည်ကို ဆက်လက်ရှင်သန်ဖွင့်လှစ်ထားဖို့ ဘယ်အရာတွေ လိုအပ်သလဲဆိုတာကို မေးခွန်းထုတ်ထား တယ်။ **—SS**

BEING ALTRUISTIC, REACHING EMPATHY (BARE 5)

MA THIDA, KHIN THANDAR, MYP, SABAL PHYU NU, MYO MYINT NYEIN

PROGRAMME DETAILS

“Being Altruistic, Reaching Empathy” is the guiding message of our essay and book club. The project explored empathy as a genuine, heart-to-heart connection in which individuals place themselves in another person’s feelings and circumstances without self-interest. Through the essay, we explored different forms of empathy, including innate empathy, exploited empathy, one-sided empathy, and empathy divided by borders, and discussed why these forms emerge. The project emphasized that genuine empathy requires accepting differences, setting aside self-interest and ideological divisions, and consciously reconnecting with our innate capacity for compassion.

The project encouraged book club members to reflect critically on their own understanding and practice of empathy after reading our essay and recommended books, poems, and short stories. Through collective reading and discussion, participants developed greater awareness of the factors that can influence or undermine genuine empathy. Members were encouraged to recognize self-interest and external pressures in their responses to others and to practice accepting differences without judgment. The expected outcome is that participants will continue exploring genuine empathy through reading, reflection, writing, and everyday practice, using the insights gained from the book club to maintain and strengthen their innate capacity for understanding, compassion, and altruism.

အစီအစဉ်အကြောင်း အသေးစိတ်

“Being Altruistic, Reaching Empathy” သည် ကျွန်ုပ်တို့၏ Essay and Book Club ကို လမ်းညွှန်ပေးသော အဓိက အယူအဆဖြစ်သည်။

ဤ Project တွင် စာနာနားလည်မှုကို မိမိအကျိုးကို ရှေ့တန်းမတင်ဘဲ အခြားသူတစ်ဦး၏ အခြေအနေနှင့် စိတ်ခံစားချက်များအတွင်း ဝင်ရောက်နားလည်နိုင်သော နှလုံးသားချင်း ဆက်စပ်မှုအဖြစ် လေ့လာဆွေးနွေးခဲ့ကြသည်။

Essay မှတစ်ဆင့် လူသားတွင် မွေးရာပါရှိသော စာနာစိတ်၊ အသုံးချခံရသော စာနာမှု၊ တစ်ဖက်သတ် စာနာမှုနှင့် နယ်နိမိတ်များကြောင့် ကွဲပြားသွားသော စာနာမှုတို့ကဲ့သို့ ပုံစံအမျိုးမျိုးကို ဆန်းစစ်ခဲ့ကြပြီး ယင်းတို့ ဘာကြောင့် ပေါ်ပေါက်လာသည်ကိုလည်း ဆွေးနွေးခဲ့သည်။

အဆိုပါလေ့လာမှုက စစ်မှန်သော စာနာနားလည်မှုသည် ကွဲပြားမှုများကို လက်ခံနိုင်ခြင်း၊ ကိုယ်ကျိုးစီးပွားနှင့် အယူဝါဒဆိုင်ရာ ခွဲခြားမှုများကို ဘေးဖယ်ထားနိုင်ခြင်း၊ မိမိအတွင်းရှိ မွေးရာပါ ကရုဏာစိတ်နှင့် ပြန်လည်ချိတ်ဆက်နိုင်ခြင်းတို့အပေါ် မူတည်ကြောင်း အလေးပေးထားသည်။

Essay နှင့် အကြံပြုထားသော စာအုပ်များ၊ ကဗျာများ၊ ဝတ္ထုတိုများကို ဖတ်ရှုပြီးနောက် Book Club အဖွဲ့ဝင်များသည် မိမိတို့၏ စာနာနားလည်မှုအပေါ် အတွေးအမြင်များနှင့် လက်တွေ့ကျင့်သုံးမှုများကို ပြန်လည်သုံးသပ်နိုင်ခဲ့ကြသည်။

စုပေါင်းဖတ်ရှုခြင်းနှင့် ဆွေးနွေးခြင်းများမှတစ်ဆင့် စစ်မှန်သော စာနာနားလည်မှုကို အားပေးသော အချက်များနှင့် ၎င်းကို အားလျော့စေနိုင်သော အခြေအနေများကို ပိုမိုသတိပြုမိလာကြသည်။

ထို့ပြင် မိမိ၏ တုံ့ပြန်မှုများအတွင်း ရှိနေတတ်သော ကိုယ်ကျိုးစီးပွားနှင့် ပြင်ပသက်ရောက်မှုများကို သတိထားမိစေရန်၊ ကွဲပြားမှုများကို အကဲဖြတ်မဆုံးဖြတ်ဘဲ လက်ခံတတ်စေရန် အားပေးခဲ့သည်။

ဤ Project ၏ မျှော်မှန်းချက်မှာ ပါဝင်သူများသည် ဖတ်ရှုခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ ရေးသားခြင်းနှင့် နေ့စဉ်ဘဝအတွင်း လက်တွေ့ကျင့်သုံးခြင်းများမှတစ်ဆင့် စစ်မှန်သော စာနာနားလည်မှုကို ဆက်လက်စူးစမ်းသွားကြရန် ဖြစ်သည်။ Book Club မှ ရရှိခဲ့သော အတွေ့အကြုံများက ၎င်းတို့၏ နားလည်နိုင်စွမ်း၊ ကရုဏာစိတ်နှင့် ကိုယ်ကျိုးမဖက်သည့် စိတ်ထားတို့ကို ပိုမိုခိုင်မာစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားသည်။

ACKNOWLEDGEMENTS

Not "for" but "with": Co-creating SEN-friendly Spaces
"အတွက်" မဟုတ်ဘဲ "အတူတကွ" အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများနှင့်သင့်တော်သောရပ်ဝန်းများကို အတူတကွ ဖန်တီးပုံဖော်ခြင်း

Project Team and Participants:
Yoon Ei Kyaw, Shin Thant Htet, Chaw Chaw Shwe Hla Win, Dawt Rem Par, Mya Myint Thu, Hline Zar Chee Nway, Phyo Thamain, Gon Yee

Special Thanks:
Dr. Zun Ei Phyu, Arkar Hein, Daw Khin Lay Yee & Teachers from Living Water Learning Center, U Htha Uke & Team of Eden Centre for Disabled Children, Dr. Khin Htwe Kyi, Daw Ei Mon Thant & Team of Flowers Education Centre

TOWARDS EMPATHY: A TAPESTRY OF PERSONAL STORIES
စာနာခြင်းတံတား - ကိုယ်ပိုင်ဇာတ်လမ်းများ

EDITORS:
MAUNG DAY, THIRI ZON
MANAGING EDITOR:
MIN CHIT PAING
PROJECT COORDINATORS:
HAYMAN HNIN PWINT AUNG, HTET YEE
SHORT STORIES: *MON SHWE, PYOE*
SOE WUNNA TUN
ILLUSTRATOR:
MIN PK
GRAPHIC DESIGNER: *MAUNG AUNG LWE*

In Aestivation Exhibition

Artists:
Ké Su Thar, Aung Kyi Soe, Aung Zaw, Thaw Zin Hlaing, Thet Su, Myat Hteik Tin, Nat Myo Set Lu, Sai Moon, Do Do, Ellip, Thyitar

The Last Cup of Tea / ရောက်နေပြီ လာခဲ့တော့

Written by Julian Saw
Screenplay by Julian Saw
Directed by Julian Saw & Kyaw Lin Aung

Mandalay Production

Director:	Kyaw Lin Aung
Producers:	Hnin Nu Nu Aye, Wai Yan
Associate Producer:	Frank
DOP:	Wai Lin Aung
Cast:	Thi Ha Zaw

Bangkok Production

Director:	Julian Saw
Producer:	Sera
DOP:	ISO, Sinn, Luffy
Cast:	Julian Saw

Additional Credits

Storyboard:	Ju Juu
Graphic Design:	YDNB Zaw Gyi
Sound Supervisor:	Kyaw Lin Aung
Music Producers:	Kyaw Lin Aung, Julian Saw

Original Music

The Last Cup of Tea:	Julian Saw
Dreams Under Bed:	Julian Saw
Winding Dreams:	Julian Saw
အိမ်တမ်းချင်း:	Bon Bon

အသက်ဆက်ခွင့် သီချင်းတပုဒ် / To Still Be Alive:
Hnin Nu Nu Aye, Wai Lin Aung

The Little Pangolin Goes For A Walk in Dodo and Popo's Strawberry Farm / လမ်းလျှောက်ထွက်လာတဲ့ သင်းခွေချပ်လေးနဲ့ ဒိုဒိုနဲ့ ပိုပိုတို့ရဲ့ စတော်ဘယ်ရီခင်း

Co-Facilitator/Artists:
Thee Oo Thazin, Thynn Lei Nwe

Discussion Participants:
Khin Thanda Htay, Khin Yadanar Htun, Zar Pan Phyu, Naw Yu Thazin Thein, Su Layar Phoo, Nyan Yel Yint Win

Special Thanks:
Maung Day

We Are Still Here

Co-facilitator:	Hlaing Myo Thu
Music Producer and Guitarist:	Joel @ Soe Wai Htut
Vocalist:	Htet Myat Aung
Cajon player:	Ye Min Htike
Vocalist/Cellist:	Suzey Zaw

Finding Human Value / ကိုယ်ချင်းစာကြ၊ ကမ္ဘာလှ

Artists: Phyu Mon, Sai Moon, Ko So, Ko Kyaw, Eait Htoo, Sabel Phyu, Lae Lae @Aria, Zann Heinn @ Zee, Kyaw Swar, Ma Mya

Special Thanks: Inle Heritage Private School

Contributors

Composer:	Ah Nount
Band:	Fireflies Town
Vocals:	Firefles Town and artists from Shan State

Towards Empathy in Heritage Practice Exhibition / အမွေအနှစ် အလေ့အထများအတွင်းရှိ စာနာခြင်းဆီသို့

Co-facilitators:
Clara Rellensmann, research and teaching associate at BTU (Studio Bagan) , Helena Cing Deih Sian, architect (BEINGINPLACE)

Discussion Participants:
Hsu Waiyi Htet, Kaung Khant Kyaw Swar, Kyi Kyi Kaing Kyaw, Phyo Thinzar Htet, Yamin Ko, Aung Htet Oo

Invited expert speakers/practitioners:
Ohnmar Myo, heritage professional, SEAMEO-SPAFA
Maja Leo, peace-building professional, Berghof Foundation
Tun Ye Wai, director of property & design, Doh Eain

Being altruistic, Reaching Empathy by 5 writers (BARE 5) / ကိုယ်ကျိုး ကင်းပါမှ စာနာခြင်း ဖြစ်သည် (စာရေးဆရာ ၅ ဦး)

Writers:
Ma Thida, Khin Thandar, MYP, Sabal Phyu Nu, Myo Myint Nyein

Special Thanks:
Maung Tha Cho, Cho Htwe (Kume), Lu Nyeint, Maung Thaw Ka, Juu, Thet Nyaing, Saung Kha Hnin

In Aestivation

Curatorial Team:	*Somrak Sila, Krai Sridee, Haymann Oo*
Key Visual/Designers:	*Krai Sridee, Heinny*
Project Consultant:	*Pyai Phyo Tun*
Project Co-ordinator:	*Nandar Lin Htin*

STUDIO BAGAN

inle heritage
အင်းလေးအမွေအနှစ်
ကိုယ်ပိုင်ကျောင်း

Mingala
Gita

BEING
I N
PLACE.
Being In Place : ReMember
Culture of Remembrance for Myanmar

A TAPESTRY OF
PERSONAL
STORY

a little
Eco Lodge
Explore Village Nature

PYITSUUPAN